# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အလျှဒါနကို ဝမ်းမြောက်နိုင်၏**

စေးနည်းဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ လူမိုက်တို့သည် အလှူဒါနကို မချီးမွမ်းကြကုန်။ ပညာရှိသည်သာ အလှူဒါနကို ဝမ်းမြောက်နိုင်၏။ ထိုဝမ်းမြောက်မှုကြောင့်သာလျှင် ထိုပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရ၏။

လောကဝဂ် (ဓမ္မပဒ-၁၇၇)


၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက် | ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာ ၁၄ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၁)၊ အမှတ်(၀၄၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံအမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ်နှင့် နီပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ H.E.Mr.Yohei SASAKAWA အား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများ ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁၃**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မြန်မာနိုင်ငံအမျိုးသားပြန်လည် သင့်မြတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ်နှင့် နီပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ H.E.Mr.Yohei SASAKAWA အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်ဧည့်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေ၊ နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေနှင့်

*စာမျက်နှာ ၄ ကော်လံ ၁* ❂



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံအမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ်နှင့် နီပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ H.E.Mr.Yohei SASAKAWA အား လက်ခံတွေ့ဆုံစဉ်။






# ထူးကဲလွန်မြတ်သည့် အလှူဒါန

လတကာတို့တွင် တန်ဆောင်မုန်းလသည် မွေ့လျော်ဖွယ်ကောင်းသော လဖြစ်သည်ဟု ရှေးစာဆိုတို့က ဆိုသည်။ ၁၂ လရာသီပွဲများအနက် တန်ဆောင်မုန်းလ၏ ထင်ရှားသည့်ပွဲမှာ ကထိန်ပွဲပင်ဖြစ်ပြီး နိုင်ငံအတွင်း ဒေသအသီးသီးတို့တွင် ခြိမ့်ခြိမ့်သဲသဲကျင်းပသည့် ဘာသာရေးဆိုင်ရာပွဲဖြစ်သည်။ ကထိန်ပွဲကျင်းပခြင်း၏ မူလအစသည် ဗုဒ္ဓမြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကာလမူတင်ဆောင်သော ပါဝေယျက တိုင်းသားရဟန်းတော်သုံးကျိပ်တို့၏ ဆင်းရဲပင်ပန်းမှုကို တွေ့မြင်တော်မူပြီးနောက် ကထိန်ခင်းရန် ခွင့်ပြုတော်မူခဲ့ခြင်းဖြစ်သည်။

မြတ်စွာဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် အာရုဉကင်ဓုတင်၊ ပိဏ္ဍပါတ်ဓုတင်၊ ပံ့သုကူဓုတင်၊ တိစီဝရိက်ဓုတင်တို့ကို ဆောက်တည်ကြသော ပါဝေယျက တိုင်းသားရဟန်းတော်သုံးကျိပ်သည် မြတ်စွာဘုရားကို ဖူးမြော်ရန်လာစဉ် လမ်းခရီး၌ ဝါဆို၍ သာကေတမြို့၌ ဝါကပ်ကြရကုန်၏။ မိုးလလွန်၍ ဝါကျွတ်သည့်အခါ ပဝါရဏာပြု၍ ရွှံ့ညွန်နှင့် မိုးရေတို့ကြားမှပင် မြတ်စွာဘုရားထံ ပင်ပန်းစွာ ရောက်ရှိကြသောအခါ ဓုတင်ဆောင်ရဟန်းတို့၏ ပင်ပန်းဆင်းရဲခြင်းကိုကြည့်ပြီး ကထိန်ခင်းရန် ခွင့်ပြုတော်မူခဲ့သည်။

"ရဟန်းတို့၊ ဝါကျွတ်သော ရဟန်းတို့အား ကထိန်ခင်းခြင်းငှာ ခွင့်ပြု၏။ ရဟန်းတို့၊ ကထိန်ခင်းပြီးသော ရဟန်းတို့အား ထင်ရှားစွာရှိသော ရဟန်းကို မပန်ကြားဘဲ ဒါယကာအိမ်သို့ သွားနိုင်ခြင်း၊ တိစီဝရိက်အဓိဋ္ဌာန်တင်သော သင်္ကန်းကိုမယူဘဲ သွားနိုင်ခြင်း၊ ဂဏဘောဇဉ်ကို စားနိုင်ခြင်း၊ အဓိဋ္ဌာန်ဝိကပ္ပနာမပြုသော သင်္ကန်းကို အလိုရှိတိုင်းဆောင်နိုင်ခြင်း၊ ထိုကထိန်ခင်းသောကျောင်း၌ သင်္ကန်းဖြစ်ပေါ်လာတိုင်း ကထိန်ခင်းသော ရဟန်းတို့အား ဖြစ်ရခြင်းဟူသော ငါးပါးသော ကထိန်အာနိသင်တို့ကို ရကုန်၏"ဟူ၍ မြတ်စွာဘုရားက မိန့်တော်မူခဲ့ရာ ကထိန်၏အကျိုးကို ရဟန်းတော်တို့ရရှိသည့်နည်းတူ လှူဒါန်းသူဒါယကာ၊ ဒါယိကာမတို့လည်း ရရှိကြသည်။ ကထိန်ဒါနပြုကြသူတို့မှာ လိုရာခရီးသို့ အပိတ်အပင် အဆီးအတားမရှိ၊ ဘေးရန်ကင်းကွာ၊ ချမ်းသာစွာ သွားရောက်နိုင်ခြင်း၊ မိမိတို့၏ ပိုင်ဆိုင်ဥစ္စာများ ရပ်ဝေး၌ သိမ်းထားစေကာမူ ဘေးမသီရန်မခခြင်း၊ ကောင်းမွန်သည့် အစာအာဟာရကိုစားရပြီး အစာမှ အဆိပ်မသင့်နိုင်ခြင်း၊ ရောက်ရာဘဝတွင် စည်းစိမ်ချမ်းသာပေါများကြွယ်ဝခြင်း၊ ဖြစ်ပေါ်လာသည့် စီးပွားဥစ္စာခိုင်မြဲခြင်းတို့သည် ကထိန်အလှူရှင်တို့ ခံစားရနိုင်သည့် အကျိုးကျေးဇူးများပင်ဖြစ်သည်။

ကထိန်အလှူတော်သည် သီတင်းကျွတ်လပြည့်ကျော် (၁) ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ တစ်လတာအတွင်း ခင်းရပြီး ကထိန်သင်္ကန်းကို ယနေ့အလှူခံပြီး ယနေ့ကံဆောင်ကာ ခင်းရသည်။ အလှူရှင်က သဒ္ဓါဖြင့် လှူဒါန်းသော သင်္ကန်းကိုသာ ကထိန်ခင်းထိုက်ပြီး ရဟန်းက ဥပါယ်တံမျဉ်ဖြင့် သင်္ကန်းကို အလှူမခံရခြင်း၊ သင်္ကန်းမှလွဲ၍ အခြားပစ္စည်းများဖြင့် ကထိန်မခင်းနိုင်ခြင်း၊ ကထိန်းခင်းသော ရဟန်းတော်သည် ဝါဆိုဝါကပ်တော်မူပြီး ဖြစ်ရခြင်းဟူသော ကန့်သတ်ချက်များလည်း ရှိသည်။ ကထိန်အလှူတော်သည် သံဃာ့ဂုဏ်တော်တို့ကို အာရုံပြု၍ ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏအစွဲကင်းကင်းဖြင့် သဒ္ဓါရှင်လန်းစွာ လှူဒါန်းရပြီး အလှူခံပုဂ္ဂိုလ်နှင့် အလှူရှင်တို့ နှစ်ဦးနှစ်ဖက် အကျိုးထူးသော အလှူပင်ဖြစ်သည်။

ကထိန်ဟူသော ဝေါဟာရသည် ပါဠိဘာသာအားဖြင့် ကထိနမှ ဆင်းသက်လာခြင်းဖြစ်ပြီး အနက်အဓိပ္ပာယ်အားဖြင့် "မြဲမြံခိုင်ခံ့ခြင်း"ဟူ၍ဖြစ်သည်။ မြတ်စွာဘုရားရှင်က ကထိန်ခင်းပြီးသော ရဟန်းတို့ ဤအကျိုးငါးပါးရမည်။ ကထိန်ကို ဤသို့ခင်းရမည်ဟူ၍ ဟောကြားတော်မူခဲ့ခြင်းဖြစ်ရာ ကထိန်ပွဲသည် ထူးခြားလေးနက်သော၊ ဝိနည်းပိဋကတ်အရ အလေးအမြတ်ပြုအပ်သော သာသနာတော်ဆိုင်ရာ အခမ်းအနားဖြစ်သကဲ့သို့ ကထိန်သင်္ကန်းလှူဒါန်းသော အလှူရှင်တို့မှာ အရဟတ္တဖိုလ်ပေါက် နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်သည်အထိ အကျိုးထူးရရှိနိုင်သော ထူးကဲမွန်မြတ်လှသည့် အလှူပင်ဖြစ်သည်ဟူ၍ ဝမ်းမြောက်သာခုခေါ်နိုင်ပါစေကြောင်း။ ။

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် မြန်မာ့သိုင်းဒိုင်လူကြီး / နည်းပြ သင်တန်းဆင်းပွဲတက်ရောက်

**မုံရွာ နိုဝင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့သိုင်း ဒိုင်လူကြီး/နည်းပြ သင်တန်းဆင်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ ပြည်သူ့အားကစားကွင်းအတွင်းရှိ ဖူဆယ်အားကစားရုံတွင် ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး ဝန်ကြီး များ၊ တိုင်းဒေသကြီး/ ခရိုင်/မြို့နယ် အဆင့် ဌာနဆိုင်ရာများ၊ မြန်မာ့သိုင်း ချစ်မြတ်နိုးသူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း မြန်မာ့သိုင်းအားကစားနည်း ပိုမိုဖွံ့ဖြိုး တိုးတက်ရေးအတွက် မြန်မာ့သိုင်း ဒိုင်လူကြီး/နည်းပြ သင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း၊ မြန်မာ့သိုင်း အားကစားနည်းဟာ မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုနှင့်ယှဉ်တွဲလာသည့် ရိုးရာအမွေအနှစ် ကိုယ်လုံပညာအားကစားနည်း တစ်ခုဖြစ်ပါကြောင်း၊ မြန်မာ့သိုင်းပညာကို သင်ကြားခြင်းဖြင့် မိမိကိုယ်ကို ခုခံကာကွယ်နိုင်ပြီး ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်လာ၍ စိတ်ပျော်ရွှင်လန်းဆန်းကာ ရောဂါဘယများလည်း ကင်းဝေးစေမှာဖြစ်ပါကြောင်း၊ ယခုတက်ရောက်လာသည့် သင်တန်းသား/သင်တန်းသူများသည် တိုင်းဒေသကြီးမှ အားကိုးအားထားပြုရသော ဒိုင်လူကြီးများ၊ ထူးချွန်ထက်မြက်သော မျိုးဆက်သစ်အားကစားသမားများ လေ့ကျင့်မွေးထုတ်ပေးနိုင်သော နည်းပြဆရာကောင်းများ၊ တိုင်းဒေသကြီး၏ဂုဏ်ကို မြန်မာ့သိုင်း အားကစားဖြင့် မြှင့်တင်နိုင်သူများ ဖြစ်ကြပါစေလိုကြောင်း ပြောကြားသည်။



ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က သင်တန်းနည်းပြများထံ ဂုဏ်ပြုငွေ၊ အမှတ်တရလက်ဆောင်များနှင့် သင်တန်းသား၊ သင်တန်းသူများ ကိုယ်စားသင်တန်းသား တစ်ဦးထံ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများက မြန်မာ့သိုင်း ဗန်တိုလက်နက်မဲ့၊ ဗန်ရှည်တုတ်၊ ဓားကြိုးသရုပ်ပြသမှုအား ကြည့်ရှုအားပေးကြောင်း သတင်းရရှိသည်။

တိုင်းဒေသကြီး
(ပြန်/ဆက်)

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မြဝတီ၊ ချင်းရွှေဟော်နှင့် ကန်ပိုက်တီး ကုန်သွယ်ရေးစခန်းသုံးခုတို့မှ တင်သွင်းရာ ကုမ္ပဏီလေးခုမှ ယာဉ်စီးရေရှစ်စီးဖြင့် အောက်ဆီဂျင်(အရည်) Bowser ယာဉ်တစ်စီးဖြင့် တန် ၂၀၊ အောက်ဆီဂျင် Plant ခြောက်ခုနှင့် နှာခေါင်းစည်း Mask ၂၇ တန် တင်သွင်းခဲ့သည်။ အောက်ဆီဂျင်(အရည်) Bowser ယာဉ်တစ်စီးမှာ ရန်ကုန်မြို့သို့ဖြစ်ပြီး အောက်ဆီဂျင် Plant ခြောက်ခုမှာ ရေစကြိုမြို့၊ မြို့သစ်မြို့တို့သို့ နှစ်ခုစီနှင့် မြစ်ကြီးနားမြို့၊ ရေနံချောင်းမြို့တို့သို့ တစ်ခုစီဖြစ်ကြောင်း သိရသည်။

နိုဝင်ဘာ ၁ ရက်မှ ၁၃ ရက်အတွင်း ကုမ္ပဏီ ၃၇ ခုမှ ယာဉ်စီးရေ ၇၀ ဖြင့် အောက်ဆီဂျင်အရည်(Bowser)ယာဉ်ဖြင့် ၁၅၅ တန်၊ အောက်ဆီဂျင်ဓာတ်ငွေ့ (Bowser) ယာဉ်ဖြင့် ခြောက်တန်၊ အောက်ဆီဂျင်(အိုးခွံ) ၆၃၆၀ ၊ OxygenPlant ၁၃ ခု၊ လုပ်ငန်းသုံးအောက်ဆီဂျင်စက် ၁၅ ခု၊ အိမ်သုံးအောက်ဆီဂျင်စက် (Oxygen Concentrator) ၁၂၃ ခု၊ PPE ဝတ်စုံ ၈၃၄၀၀ ၊ လက်အိတ် ၃၇ တန်နှင့် နှာခေါင်းစည်း (Mask) ၃၉၈ တန် တင်သွင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။

နိုဝင်ဘာ ၁ ရက်မှ ၁၃ ရက်အတွင်း ပြည်ပမှတင်သွင်းသည့် အောက်ဆီဂျင်အရည် (Bowser) ယာဉ်စုစုပေါင်း ရှစ်စီးမှာ ရန်ကုန်မြို့သို့ ငါးစီး၊ မော်လမြိုင်မြို့သို့ နှစ်စီးနှင့် နေပြည်တော်သို့ တစ်စီးဖြစ်ပြီး Oxygen Plant စုစုပေါင်း ၁၃ ခုမှာ ရန်ကုန်မြို့သို့ ခြောက်ခု၊ ရေစကြိုမြို့၊ မြို့သစ်မြို့တို့သို့ နှစ်ခုစီနှင့် ဓနုဖြူမြို့၊ မြစ်ကြီးနားမြို့၊ ရေနံချောင်းမြို့တို့သို့ တစ်ခုစီဖြစ်ကြောင်း သိရသည်။

ကိုဗစ်–၁၉ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရှိရသည်။ **သတင်းစဉ်**

## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၁၃–၁၁–၂၀၂၁) ညနေ ၆ နာရီအချိန်အထိ ဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| **Anti–inflammatory** | | | | |
| 1 | P.O Prednisolone | Box of 10x10 | 2000 | Aorta |
| 2 | Injection–Dexamethasone | Vial | 160 | Aorta |
| **Antiviral** | | | | |
| 3 | P.O Favipiravir 400 mg | 2X10 Tablet | 50000 | AA Medical |
| 4 | Injection – Remdesivir | Vial | 70000 | GHI |
| **Anti thrombosis** | | | | |
| 5 | Injection Enoxaprim 40 mg | 1 Pre Filled Syringe | 7000 | Nyi Lay Naing |
| 6 | Injection Enoxaprim 60 mg | 1 Pre Filled Syringe | 9000 | Nyi Lay Naing |
| **Symptomatic** | | | | |
| 7 | P.O Paracetamol 500 mg | 10X10's tablets/Box | 1500 | AA Medical |
| 8 | P.O Dextromethophan | 10X10's | 1450 | AA Medical |
| 9 | P.O Bromhexine | 10X10's tablets/Box | 1000 | Medi Myanmar |
| 10 | P.O Cetrizine | 10X10's / Box | 2200 | AA Medical |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက၊ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ (၁၁)ကြိမ်မြောက် မဟာဘုံကထိန် အလှူတော်မင်္ဂလာ အခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၃

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ (၁၁)ကြိမ်မြောက် မဟာဘုံကထိန်အလှူတော် မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) အနော်ရထာခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့ ကန်ဦးဆရာတော်ထံ ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။

အဆိုပါ အခမ်းအနားသို့ ဥပ္ပါတသန္တိ စေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်၊ နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက၊ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒအမှူးပြုသည့် ဩဝါဒါစရိယ ဆရာတော်ကြီးများ အပါအဝင် ပင့်ဖိတ်ထားသည့်သံဃာတော် ၂၇ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီး တို့နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ဇနီး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဇနီး၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နှင့် ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့်ဇနီး၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီးဒေါ်သန်းသန်းနွယ် မင်္ဂလာဇေယျာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဝိမလဗုဒ္ဓိ ပါဠိဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

## ဆက်ကပ်လှူဒါန်း

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ဇနီးနှင့် ဧည့်ပရိသတ်များသည် ဘုန်းတော်ကြီးကျောင်း အသီးသီးသို့ လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များအား လှည့်လည်ကြည့်ရှုကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ဇနီးတို့သည် အနော်ရထာခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်နှင့် ပန်း၊ သောက်တော်ရေချမ်း၊ ဆီမီး၊ သစ်သီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် အစီအစဉ်အရ မဟာဘုံကထိန်အလှူတော်မင်္ဂလာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး ပေါက်မြိုင်ဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

ထို့နောက် ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ကန်ဦးဆရာတော်ထံ ကထိန်လျာသင်္ကန်းကိုလည်းကောင်း၊ ပေါက်မြိုင်ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီးတို့က မင်္ဂလာဗေယျုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဝိမလဗုဒ္ဓိ ပါဠိဆရာတော်ကြီးထံကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ဇနီး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဇနီး၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နှင့် ဇနီး၊ ဒုတိယ ဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယ ဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့်ဇနီး၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီးနှင့် အခမ်းအနား တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ဆရာတော် သံဃာတော် အရှင်သူမြတ်များအား နေ့ဆွမ်း ဆက်ကပ် လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘုန်းတော်ကြီးကျောင်းအသီးသီးသို့ လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များအား လှည့်လည်ကြည့်ရှုစဉ်။

**နေ့ဆွမ်းဆက်ကပ်လှူဒါန်း**

ထို့နောက် ရေဆင်းကန်ဦးကျောင်းတိုက်မှ ဂန္ထဝါစက စာချဆရာတော်များဖြစ်ကြသည့် အရှင်ဝါယမနှင့် အရှင်ဇဝန တို့က ကထိန်အမေးအဖြေများကို ဆောင်ရွက်တော်မူကြသည်။

ယင်းနောက် ပါဠိဆရာတော်ကြီးထံမှ ကထိန်အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် အမျှပေးဝေကြကာ ဆရာတော်သံဃာတော် အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

ယနေ့ကျင်းပပြုလုပ်သော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ (၁၁)ကြိမ်မြောက် မိသားစု မဟာဘုံကထိန် အလှူတော်မင်္ဂလာ အခမ်းအနားတွင် ရုံး၊ ဌာန အသီးသီးမှ ပဒေသာပင် စုစုပေါင်း ၈၄ ပင်၊ တန်ဖိုးငွေကျပ် ၁၄၄၉ သိန်းကျော် ပါဝင်လှူဒါန်းခဲ့ကြပြီး သက်ဆိုင်ရာ ဘုန်းတော်ကြီးကျောင်းအသီးသီးသို့ ရုံး၊ ဌာနများအလိုက် မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

*ရှေ့ဖုံးမှ*

ဂျပန်နိုင်ငံမှ ကူညီဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေ၊ နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်မည့်အခြေအနေများနှင့် ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲ အခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး ပါဝင်တက်ရောက်ပြီး မြန်မာနိုင်ငံအမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ်နှင့် နီပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့်အတူ နီပွန်ဖောင်ဒေးရှင်း အမှုဆောင်အရာရှိချုပ် Mr.Yuji MORI နှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

## တက္ကသိုလ်ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဆောင်ရွက်မည့်အစီအစဉ်ထုတ်ပြန်

**နေပြည်တော် နိုဝင်ဘာ ၁၃**

ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနက တက္ကသိုလ်ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ဆောင်ရွက်မည့် အစီအစဉ်များကို နိုဝင်ဘာ ၁၀ ရက်က ထုတ်ပြန်ထားသည်။

အဆိုပါ ထုတ်ပြန်ချက်တွင် ၂၀၂၂ ခုနှစ်၊ တက္ကသိုလ်ဝင်ခွင့် စာမေးပွဲဖြေဆိုခွင့် လျှောက်လွှာများကို ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာ (၁၅) ရက်မှ ဒီဇင်ဘာ (၃၀) ရက်အတွင်း လျှောက်ထားရမည်ဖြစ်ကြောင်း။

စာမေးပွဲဖြေဆိုခွင့် လျှောက်လွှာတင်သွင်းရာ၌ ဘာသာတွဲ အမှတ်စဉ် (၁)၊ (၅)၊ (၆)၊ (၇)၊ (၈) များဖြင့် ဖြေဆိုမည့်သူများအတွက် အစိမ်းရောင်ဖြေဆိုခွင့်လျှောက်လွှာနှင့် ကတ်ပြားပုံစံဖြင့်လည်းကောင်း၊ ဘာသာတွဲ အမှတ်စဉ် (၂)၊ (၃)၊ (၄) များဖြင့် ဖြေဆိုမည့်သူများအတွက် ပန်းရောင်ဖြေဆိုခွင့်လျှောက်လွှာနှင့် ကတ်ပြားပုံစံဖြင့် တင်သွင်းရန် အရောင်နှစ်မျိုး ခွဲခြားသတ်မှတ်ထားကြောင်း။

အခြေခံပညာအထက်တန်းကျောင်းများ၊ ကျောင်းခွဲများ၊ တွဲဖက်ကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ လျှောက်လွှာတင်သွင်းမည့် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းအုပ်ကြီးများသည် ဖြေဆိုခွင့်လျှောက်လွှာတစ်စောင်လျှင် (၂၀ဝိ/-)ကျပ်နှင့် စာမေးပွဲဝင်ကြေး (၇၀ဝိ/- )ကျပ်တန် ငွေသွင်းတံဆိပ်ခေါင်းများ ဝယ်ယူပြီး လျှောက်လွှာတစ်စောင်တွင် တံဆိပ်ခေါင်းတစ်ခုကပ်၍ လျှောက်လွှာများကို စုပေါင်းပြီး မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသို့ သတ်မှတ်ရက်အတွင်း အချိန်မီပေးပို့ကြရမည်ဖြစ်ကြောင်း။

ပြင်ပဖြေဆိုရန် လျှောက်လွှာတင်သွင်းသူများသည် သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံးများတွင် ဖြေဆိုခွင့်လျှောက်လွှာ တစ်စောင်လျှင် (၂၀ဝိ/-)ကျပ်နှင့် စာမေးပွဲဝင်ကြေးအတွက် (၇၀ဝိ/-) ကျပ်တန် ငွေသွင်းတံဆိပ်ခေါင်းများ ဝယ်ယူပြီး ဝင်ခွင့်လျှောက်လွှာ၏ လက်ဝဲဘက်ထိပ်ပိုင်းတွင်ကပ်၍ မိမိတို့ အမှန်တကယ် နေထိုင်သည့်မြို့နယ်ရှိ မြို့နယ်ပညာရေးမှူးရုံးတွင် သတ်မှတ်ရက်အတွင်း အချိန်မီတင်သွင်းကြရမည်ဖြစ်ကြောင်း။

သတ်မှတ်ထားသောရက်များအတွင်း အချိန်မီပေးပို့ခြင်းမရှိသူများသည် စာမေးပွဲဖြေဆိုခွင့်ရရှိကြမည် မဟုတ်ကြောင်းနှင့် စာဖြေသူတင်သွင်းသည့် စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာနှင့် ဖြေဆိုခွင့်ကတ်ပြားတွင် ဖော်ပြပါရှိသည့် ဘာသာတွဲမှအပ အခြားဘာသာတွဲသို့ ပြောင်းလဲဖြေဆိုခွင့်ပြုမည်မဟုတ်သဖြင့် မိမိဖြေဆိုမည့် ဘာသာတွဲအလိုက် ပုံစံများ မှန်ကန်မှု ရှိ/မရှိ သေချာစွာ စစ်ဆေးပြီး မှန်ကန်စွာ ဖြည့်စွက်ပေးပို့ကြရန် သတိပြုစေလိုကြောင်း။

ကျောင်းများယာယီပိတ်ထားသဖြင့် ကျောင်းဖွင့်ရက်နောက်ကျသော တိုင်းဒေသကြီး/ ပြည်နယ် ကိုးခုမှ မြို့နယ် ၄၆ မြို့နယ်ရှိ အခြေခံပညာကျောင်းများ၏ ကျောင်းသား ကျောင်းသူများနှင့် ပြင်ပဖြေဆိုမည့်သူများအတွက် လျှောက်လွှာရောင်းချခြင်းနှင့် ပြန်လည်ပေးပို့ခြင်းတို့ကို သတ်မှတ်ရက်တိုးမြှင့်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

**သတင်းစဉ်**

## ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာစေရေး

“အတိတ်ကိုမသိလျှင် ထပ်ကျော့အမှားတွေ ကျူးလွန်နိုင်သည်။ ထို့အတူ အတိတ်ကို အစွဲသန်လွန်းလျှင်လည်း အနာဂတ်လမ်း ပျောက်နိုင်သည်” ဆိုသည့်စကားရပ်အား သတိချပ်စေလိုသည်။ နိုင်ငံတော်အစိုးရသည် ကျရောက်မည့် စိန်ရတု ပြည်ထောင်စုနေ့၊ စိန်ရတုလွတ်လပ်ရေးနေ့မတိုင်မီ၌ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာစေရေးလုပ်ငန်းစဉ်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား ပိုမိုတိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

**(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၅-၁၀-၂၀၂၁ ရက်နေ့တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၆) နှစ်မြောက် နှစ်ပတ်လည်နေ့သို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)**

## ငပလီကမ်းခြေဒေသ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ငပလီကမ်းခြေဆောင်းဦးပွဲတော်ကို ကိုဗစ်စည်းကမ်းနှင့်အညီ ကျင်းပမည်

နေပြည်တော် နိုဝင်ဘာ ၁၃

**ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် ယနေ့နံနက်ပိုင်းတွင် သံတွဲခရိုင် ငပလီကမ်းခြေဒေသ ဂေါ့ရပ်ကွက်ရှိ Jasmine Ngapali Resort သို့ရောက်ရှိပြီး ပွင့်လင်းရာသီကာလအတွင်း ခရီးသွားဧည့်သည်များ စိတ်ချမ်းမြေ့စွာ လာရောက်တည်းခိုနိုင်ရေးအတွက် ဟိုတယ်ပြင်ဆင်ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုသည်။**




ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သံတွဲခရိုင် လင်းသာချောင်းရွာရှိ ငပလီရေလှောင်တမံသို့ ရောက်ရှိရာ ငပလီမြို့စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာက ရေလှောင်တမံအတွင်း ရေသိုလှောင်နိုင်မှုအခြေအနေ၊ ရပ်ကွက်များနှင့် ဟိုတယ်/တည်းခိုရိပ်သာများသို့ ရေပေးဝေနိုင်မှုအခြေအနေကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များကို မေးမြန်း၍ လိုအပ်သည်များကို အကြံပြုဆွေးနွေးသည်။

အဆိုပါ ရေလှောင်တမံအား ၁၉၇၀ ပြည့်နှစ်တွင် တည်ဆောက်ထားရှိပြီး ရေပေးဝေမှုအနေဖြင့် ရပ်ကွက် နှစ်ခု၊ အိမ်ခြေပေါင်း ၁၁၁၀ နှင့် ဟိုတယ်/တည်းခိုရိပ်သာ ၄၆ လုံးကို ရေပေးဝေလျက်ရှိကြောင်း သိရသည်။

### လှည့်လည်ကြည့်ရှု

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသည့် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည့် ငပလီကမ်းခြေဒေသ၊ မြပြင်ကျေးရွာရှိ Aureum Palace Hotel & Resort လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို လှည့်လည်ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ငပလီကမ်းခြေ Amata Hotel လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေကို လှည့်လည်ကြည့်ရှုပြီး ဟိုတယ်အစည်းအဝေးခန်းမ၌ ငပလီကမ်းခြေဒေသရှိ ဟိုတယ်လုပ်ငန်းရှင်များ၊ ဟိုတယ်မန်နေဂျာများနှင့် ငပလီကမ်းခြေဒေသ ဟိုတယ်နှင့် ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးသည်။(ယာပုံ)

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ခရီးသွားလုပ်ငန်းများ ရပ်ဆိုင်းနေရာမှ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရောဂါထိန်းချုပ်နိုင်မှုအပေါ်မူတည်၍ ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပြည်တွင်းခရီးသွားလုပ်ငန်းမှ တစ်ဆင့် ဒေသတွင်းနှင့် နိုင်ငံတကာခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်ရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်မှုအနေဖြင့် လက်ရှိအချိန်တွင် လေးရာခိုင်နှုန်းခန့်သာ ရှိတော့သဖြင့် ခရီးသွားဧည့်သည်များသည် ကမ်းခြေဒေသများနှင့် အခြားခရီးစဉ်ဒေသ အများအပြားသို့ သွားရောက်လည်ပတ်နေကြပြီဖြစ်ကြောင်း။

ထို့ကြောင့် မကြာမီကာလအတွင်း ငပလီကမ်းခြေဒေသ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ငပလီကမ်းခြေ ဆောင်းဦးပွဲတော်အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ငပလီကမ်းခြေဒေသသို့ ခရီးသွားဧည့်သည်များ လာရောက်တည်းခိုရာတွင် စိတ်ချမ်းမြေ့စွာ တည်းခိုနိုင်ရေး ဂရုတစိုက်ပြင်ဆင်ဆောင်ရွက်ထားရှိရန်နှင့် ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံမှုရှိသော ဝန်ဆောင်မှုကောင်းများပေးရန် လိုအပ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဧည့်သည်များ လက်ခံရာတွင် ကိုဗစ်-၁၉ လုပ်ငန်းလမ်းညွှန်များနှင့်အညီ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် သရုပ်ပြရုပ်သံဗီဒီယိုအား ဟိုတယ်များ၏ ဧည့်ခန်းမ၊ အစည်းအဝေးခန်းမ၊ စားသောက်ခန်းမနှင့် အိပ်ခန်းအတွင်းရှိ တီဗွီများတွင် ပြသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးစေလိုပါကြောင်း။

ခရီးသွားလုပ်ငန်း၏ ဆင့်ပွားအကျိုးသက်ရောက်မှုရှိသောကြောင့် ဒေသတွင်းခရီးသွားလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ ငပလီကမ်းခြေဒေသသို့ ခရီးသွားဧည့်သည်များ ပိုမိုများပြားစွာ လာရောက်လည်ပတ်နိုင်ရေး၊ ကမ်းခြေသန့်ရှင်းသာယာလှပစေရေးနှင့် ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူလူထုအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှုကို ရရှိခံစားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ရခိုင်ပြည်နယ်တာဝန်ခံ ညွှန်ကြားရေးမှူးမှ ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ စစ်ဆေး၍ ပြန်လည်ဖွင့်လှစ်ခွင့်ပြုထားပြီးဖြစ်သည့် ဟိုတယ်များအား Enchanting Myanmar Health & Safety Protocol အစီအစဉ်အရ ဒေသအဆင့် အသိအမှတ်ပြုလက်မှတ်အား ပေးအပ်ရာ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း(ရခိုင်ဇုန်) ဥက္ကဋ္ဌကလက်ခံရယူခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီး၏ ဘဏ်လုပ်ငန်း၊ အခွန်အကောက်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများကို စစ်ဆေးကြပ်မတ်

**ရန်ကုန် နိုဝင်ဘာ ၁၃**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းသည် ရန်ကုန်တိုင်းဒေသကြီးရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုကို နိုဝင်ဘာ ၁၀ ရက်မှ ၁၃ ရက်အထိ စစ်ဆေးကြပ်မတ် ဆောင်ရွက်ခဲ့သည်။

ဒုတိယဝန်ကြီးသည် နိုဝင်ဘာ ၁၀ ရက်တွင် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေး ဘဏ်နှင့် မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်တို့၏ ဘဏ်လုပ်ငန်းဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးရာ ဦးဆောင်ညွှန်ကြားရေးမှူးများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် တွေ့ကြုံရသည့် အခက်အခဲများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

နိုဝင်ဘာ ၁၁ ရက်တွင် မြန်မာ့စီးပွားရေးဘဏ်၊ တိုင်းဒေသကြီးရုံးနှင့် ဘဏ်ခွဲများ၏ ဘဏ်လုပ်ငန်းဆောင်ရွက်နေမှု၊ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်ရုံး၏ လုပ်ငန်းဆောင်ရွက်မှုကို စစ်ဆေးကြပ်မတ်ဆောင်ရွက်ခဲ့ပြီး မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်၏ ပို့ကုန်၊ သွင်းကုန်ဆိုင်ရာ ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများကို သွားရောက်စစ်ဆေးသည်။

နိုဝင်ဘာ ၁၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနနှင့် မြန်မာ့အာမခံလုပ်ငန်းတို့၏ လုပ်ငန်းဆောင်ရွက်မှုကို စစ်ဆေးကြပ်မတ်၍ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်၏ အစိုးရ၊ ပုဂ္ဂလိက နိုင်ငံခြားဘဏ် လုပ်ငန်းများကို ဆက်လက်စစ်ဆေး ဆောင်ရွက်ခဲ့သည်။

ဒုတိယဝန်ကြီးသည် ခရီးစဉ်အတွင်း ယာယီကန့်သတ်ထားရသည့် ငွေထုတ်ကန့်သတ်ချက်ဘောင်အတွင်း ဘဏ်နှင့် ဆက်သွယ်သူ ပြည်သူများ တတ်နိုင်သမျှ အဆင်ပြေရေးနှင့် မျှမျှတတဖြစ်ရန် ဆောင်ရွက်ပေးရေး၊ အဂတိတရားကင်းရှင်းရေး၊ ရသင့်ရထိုက်သည့် အခွန်အကောက်များ ပြည့်ဝစွာကောက်ခံရရှိရေး၊ online ဖြင့် အခွန်ပေးဆောင်မှုများ အဆင်ပြေအောင် အခွန်ဌာနနှင့် ဘဏ်တို့ ညှိနှိုင်းဆောင်ရွက်ရေး၊ အာမခံလုပ်ငန်းများကို ပုဂ္ဂလိကလုပ်ငန်းများ၊ နိုင်ငံခြားအာမခံကုမ္ပဏီများနှင့် ယှဉ်ပြိုင်လုပ်ကိုင်နိုင်ရေး၊ ဝန်ထမ်းများ နိုင်ငံတော်အပေါ် သစ္စာရှိရေး၊ ကိုဗစ်-၁၉ ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များအား ဆက်လက် လိုက်နာရေးတို့ကို ဆွေးနွေးမှာကြား၍ ဌာနအသီးသီး၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဖြေရှင်းရေးလား ပျက်သုဉ်းရေးလား

မျိုးငြိမ်းငယ်

**မြန်မာ့နိုင်ငံရေးသမိုင်းမှာ လွတ်လပ်ရေးရပြီးနောက်ပိုင်း နိုင်ငံရေးပြဿနာတွေကို ဘယ်လိုပုံစံနဲ့ ဖြေရှင်းကြသလဲဆိုတာ သင်ခန်းစာယူစရာတွေ များလှပါတယ်။ လွတ်လပ်ရေးရပြီး နောက်ပိုင်းလို့ ကာလကန့်သတ်ဆိုရခြင်းကလည်း ခေတ်သစ်မြန်မာ့နိုင်ငံရေးအစဖြစ်လို့ပါ။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိတဲ့ ၁၉၄၈ ခုနှစ်ဆိုတာ ကမ္ဘာမှာ စစ်အေးခေတ်ကာလဖြစ်ပါတယ်။ အဲဒီမတိုင်ခင်က လက်နက်ကိုင်ရင်ဆိုင်တိုက်ခိုက်ခဲ့ကြတဲ့ ပထမကမ္ဘာစစ်၊ ဒုတိယကမ္ဘာစစ်မှာ စစ်ပွဲတွေရဲ့ဒဏ်ကို လူသားတွေ ခါးခါးသီးသီး သိရှိနားလည်ခဲ့ကြပါတယ်။**

### စစ်ပွဲတွေရဲ့ဆိုးကျိုး

ပထမကမ္ဘာစစ်ကြောင့် စစ်ဘက်၊ အရပ်ဘက် လူပေါင်း သန်း ၂၀ ကျော် သေဆုံးခဲ့ပြီး ၂၁ သန်းကျော် ဒဏ်ရာရရှိခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်မှာ ပထမကမ္ဘာစစ်ထက် ပိုမိုသေဆုံးခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်မှာ လူပေါင်း ၅၀ နဲ့ ၅၆ သန်းကြား သေကျေပျက်စီးခဲ့ပြီး နောက်ဆက်တွဲ သေဆုံးရသူပေါင်းက ၁၉ သန်းနဲ့ ၂၈ သန်းကြား ရှိပါတယ်။ စစ်ပြီးနောက်ပိုင်းမှာလည်း စစ်ပွဲမှာပါဝင်ခဲ့တဲ့ နိုင်ငံတွေ၊ ဒေသတွေ၊ လူမျိုးတွေရဲ့ စီးပွားရေး၊ လူမှုရေးတွေအစ အားလုံးထိခိုက်ခဲ့ကြရပါတယ်။ ကမ္ဘာစစ်လိုပဲ နိုင်ငံတွင်း၊ ဒေသတွင်းဖြစ်ပွားခဲ့တဲ့ စစ်ပွဲတွေ၊ တိုက်ပွဲတွေကြောင့် ဆိုးကျိုးတွေကို ခံစားနေကြရဆဲဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာဆိုရင် ပြည်တွင်းနိုင်ငံရေးပြဿနာတွေကို ဖြေရှင်းဖို့ အချင်းချင်း တိုက်ခိုက်ခဲ့ကြတာ နှစ်ပေါင်း ၇၀ ကျော် ကြာခဲ့ပါပြီ။ အောင်မြင်ခဲ့ကြသလား၊ အဲဒီနည်းလမ်းက ဘယ်ကို ဦးတည်သွားခဲ့ကြသလဲ၊ နိုင်ငံနဲ့ ပြည်သူအတွက် ဘာတွေ အကျိုးရှိခဲ့သလဲ၊ ဘာတွေ အကျိုးပျက်စီးစေခဲ့သလဲ ဆိုတဲ့ မေးခွန်းဟာ ဒီကနေ့ နိုင်ငံရေးအကျပ်အတည်းတွေကို ဖြေရှင်းဖို့ နည်းလမ်းရွေးချယ်ရာမှာ များစွာအသုံးဝင်ပါလိမ့်မယ်။

ဘာကြောင့်လဲဆိုတော့ ဒီကနေ့နိုင်ငံမှာဖြစ်နေတဲ့အခြေအနေတွေနဲ့ ယှဉ်စဉ်းစားရင် အဲဒီနည်းလမ်းဟာ ဆိုးကျိုးတွေဆီကိုပဲ ဦးတည်သွားလို့ မှန်ကန်တဲ့နည်းလမ်း မဟုတ်ဘူးလို့ ကောက်ချက်ချရပါလိမ့်မယ်။ အချင်းချင်းတိုက်ခိုက်နေတဲ့ အကျိုးဆက်က ဘုံရလဒ်အဖြေရဖို့ထက် နဂိုရှိရင်းစွဲ အခြေအနေတွေကိုပါ ပိုပြီး ပျက်စီးသွားစေလို့ပါပဲ။

### အမှားသံသရာ

ဒီတော့ ဘာကြောင့် ဒီလိုထိပ်တိုက်ရင်ဆိုင်မှုတွေကို ရွေးချယ်ကြသလဲ၊ အခြားနည်းလမ်းတွေရှိနေပါလျက် အခြားနည်းလမ်းတွေကို ရှောင်လွှဲပြီး တိုက်ခိုက်မှုတွေကိုသာ အစဉ်အဆက် ရွေးချယ်ခဲ့ကြသလဲဆိုတာ မြန်မာ့နိုင်ငံရေးအတွက် အလွန်ကြီးမားတဲ့ သင်ခန်းစာပဲ ဖြစ်ပါတယ်။ ဒါပေမယ့် အမှားသံသရာ သင်ခန်းစာကြီးကိုပဲ ဒီနေ့အထိ တစိုက်မတ်မတ်ဆုပ်ကိုင်ထားနေကြဆဲပါ။ ဒါဟာ ဒီနေ့နိုင်ငံမှာဖြစ်နေတဲ့ ပြဿနာရဲ့အဖြေကို ရှာလိုခြင်းထက် အတ္တတွေ၊ အာဃာတတွေ၊ လက်စားချေလိုစိတ်တွေ လွှမ်းကဲနေလို့ဆိုတာ နှစ်ပေါင်းဆယ်စုနှစ်များစွာအတွင်း တွေ့ခဲ့ရပြီးပါပြီ။ ဒီလိုစိတ်ထား အမြစ်တွယ်နေလို့လည်း မဆုံးနိုင်တဲ့ တိုက်ခိုက်မှုတွေ၊ ပဋိပက္ခတွေ၊ ပျက်စီးမှုတွေ ကြုံခဲ့ခံစားခဲ့ရပြီး၊ ကြုံတွေ့နေရဆဲအခြေအနေပါ။ အခုလည်း NUG အနေနဲ့ ဒီလမ်းစဉ်ကိုပဲ ထပ်မံအသုံးပြုနေပြန်ပါတယ်။

NUG အနေနဲ့ နိုင်ငံရေးရည်မှန်းချက်အနေနဲ့ ဖက်ဒရယ်ရရှိရေး၊ ဒီမိုကရေစီရရှိရေးဆိုပြီး တဖွဖွပြောနေပေမယ့် လက်တွေ့မှာ NLD လက်ထက် အာဏာရရှိတဲ့အချိန်ကတောင် အကောင်အထည်ဖော် မပေးခဲ့ပါဘူး။ အာဏာအလုံးစုံရရှိရေးကိုသာ တစိုက်မတ်မတ် လုပ်ဆောင်ခဲ့တာ ပြီးခဲ့တဲ့ ငါးနှစ်က သက်သေပါပဲ။ အခု NUG အနေနဲ့လည်း နိုင်ငံရေး ရည်မှန်းချက်တွေ၊ မျှော်မှန်းချက်တွေဆိုတာထက် ၎င်းတို့ အာဏာရရှိရေးကသာ ၎င်းတို့ရဲ့ ရည်မှန်းချက် အစစ်အမှန်ပဲ ဖြစ်ပါတယ်။ ဒီနေ့ အထိလည်း နိုင်ငံရေးရည်မှန်းချက်ကို လက်တွေ့အကောင်အထည် မပြနိုင်သေးပါဘူး။ ဆိုးကျိုးတွေပဲ ဆက်တိုက်ဖြစ်နေပါတယ်။

### အဖျက်လုပ်ငန်းတွေ

NUG စတင်ဖွဲ့ပြီးချိန်ကစလို့ ဒီကနေ့အထိ နိုင်ငံနဲ့ပြည်သူအတွက်ဆိုပေမယ့် အဖျက်လုပ်ငန်းတွေလုပ်တာ၊ ငွေရှာဖွေတာတွေပဲ မြင်တွေ့နေရပါတယ်။ ပြည်သူတွေ ကိုဗစ် – ၁၉ ကူးစက်မှုတွေနဲ့ နပန်းလုံးနေရချိန်မှာ ကိုဗစ်ကာကွယ်ဆေးတွေရတော့မယ်၊ ကာကွယ်ဆေးတွေထိုးပေးမယ်လို့ ပြောခဲ့တာ မှတ်မိဦးမယ်ထင်ပါတယ်။ ပညာရေးအတွက် ဘယ်လိုလုပ်ပေးမယ်ဆိုတဲ့ မျှော်လင့်ချက်တွေ လည်းပေးခဲ့ပါတယ်။ ကိုဗစ် ကာကွယ်ဆေးတွေ ရခဲ့ပါသလား၊ ဘယ်သူတွေကို ကာကွယ်ဆေးထိုးပေးနိုင်ခဲ့ပါသလဲ၊ ပညာရေးရော အကောင်အထည်ဖော်နိုင်ပါသလား။ ပြည်သူတွေအတွက် အကျိုးပြုနိုင်ခဲ့ပါသလား။ ကိုဗစ်ကာကွယ်ဆေးထိုးမယ့် ပြည်သူတွေကိုတောင် ကာကွယ်ဆေးမထိုးဖို့ လှုံ့ဆော်ခဲ့ တာကြောင့် ကိုဗစ်တတိယလှိုင်းမှာ ပြည်သူတွေ ဘယ်လောက်ထိခိုက် နစ်နာခဲ့ရသလဲဆိုတာ မျက်မြင်ပါပဲ။ ဒါကိုကြည့်ရင် ပြည်သူတွေအကျိုး တကယ်လိုလားတာထက် ပြည်သူ့အကျိုးကို ဖျက်ဆီးနေတာလို့ပဲ မြင်မိပါတယ်။ ပြည်သူကို တကယ်ချစ်ရင်၊ ပြည်သူ့အကျိုးတကယ်လိုလားရင်၊ ပြည်သူ့အကျိုးဖော်ဆောင်လိုရင် ပြည်သူကိုဗဟိုပြု စဉ်းစားပေး၊ လုပ်ဆောင်ပေးဖို့ လိုပါတယ်။

> **“နိုင်ငံရေးပြဿနာတွေ ပြေလည်စေချင်တယ်ဆိုရင် ရွေးချယ်စရာနည်းလမ်းတွေရှိနေဆဲပါ။ လူထုကိုမထိခိုက်စေတဲ့ နည်းလမ်းတွေရှိပါတယ်။ ရွေးချယ်လို့လည်းရပါတယ်။ နိုင်ငံရေးပြဿနာကို လူထုမထိခိုက်စေတဲ့ နိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်းဖို့ မကြိုးစားဘဲနဲ့ အကြမ်းဖက်တိုက်ခိုက်နေတာဟာ ဖြေရှင်းရေးလိုချင်တာလား၊ ပျက်သုဉ်းရေးလိုချင်တာလား ဆန်းစစ်ရမှာပါ။ ဒါ့အပြင် အခုလို အကြမ်းဖက်နည်းလမ်းဟာ ကောင်းကျိုးထက် ဆိုးကျိုးတွေနဲ့ အကျပ်အတည်းတွေကို ပိုမိုဖြစ်နေစေပါတယ်”**

ဒါ့အပြင် အစိုးရရဲ့လုပ်ငန်းယန္တရားတွေ ရပ်ဆိုင်းဖို့ဆိုပြီး နိုင်ငံ့ဝန်ထမ်းတွေကို အသုံးချခဲ့တာ လက်တွေ့မှာ ဘယ်သူတွေ ထိခိုက်နစ်နာစေသလဲ သိဖို့လိုအပ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေကို NUG အနေနဲ့ ဘယ်လောက်အထိ တာဝန်ယူ၊ တာဝန်ခံနိုင်ခဲ့သလဲ။ ဝန်ထမ်းတွေ CDM လုပ်တာဟာ နိုင်ငံအတွက် တိုက်ပွဲဝင်တာလို့ ပြောဆိုကြ၊ တိုက်တွန်းကြ၊ ဖိအားပေးကြ၊ အကြမ်းဖက် တိုက်ခိုက်နေတာ ဒီနေ့အထိပါ။ ဒီလိုလုပ်လိုက်တဲ့အတွက် အရင်ဦးဆုံး ဘယ်သူတွေထိခိုက်နစ်နာသွားသလဲဆိုတာနဲ့ ဘယ်လောက်အထိအောင်မြင်သလဲဆိုတာ NUG အနေနဲ့ ပြန်လည်သုံးသပ်ဖို့ သင့်ပါတယ်။ အခုလို ကိုဗစ်ကာလမှာ CDM လုပ်လိုက်လို့ အခက်အခဲပေါင်းစုံနဲ့ ကျပ်တည်းသွားကြတဲ့ ဝန်ထမ်းတွေ၊ အကြမ်းဖက်သတ်ဖြတ်ခံရလို့ သေဆုံးသွားတဲ့သူတွေကို NUG အနေနဲ့ ဘယ်လောက် တာဝန်ယူနိုင်ခဲ့သလဲဆိုတာ ပြန်စဉ်းစားဖို့လိုပါပြီ။ လူမှုမီဒီယာတွေမှာ CDM ဝန်ထမ်းတွေကိုပေးဖို့ ငွေကြေးအလှူခံနေတာတွေ တွေ့ရပါတယ်။ ပြည်သူလူထုဆီက အလှူခံပြီးပေးနေတော့ လူထုပဲထပ်ပြီး ဒုက္ခပေးနေသလိုပါပဲ။ CDM လုပ်ကြတော့ ဝန်ထမ်းတွေ၊ အလှူငွေထည့်ခိုင်းတော့ ပြည်သူလူထုဆိုတော့ NUG ရဲ့ လုပ်ဆောင်ချက်ဟာ ငါးကြင်းဆီနဲ့ငါးကြင်းကြော်နေပြီး နာမည်ကောင်းနဲ့ အခွင့်အရေးတွေကိုတော့ သူတို့ကသာ ယူနေတယ်လို့ သုံးသပ်ရမှာပါ။ NUG က ပြည်သူလူထုကို ချစ်တယ်ဆိုတာ အသုံးချဖို့ ချစ်နေသလိုပါပဲ။

### နည်းလမ်းပေါင်းစုံနဲ့ ငွေကြေးရှာနေ

လူထုအတွက်ဆိုပြီး NUG က နည်းလမ်းပေါင်းစုံနဲ့ ငွေကြေးရှာနေတဲ့ကိစ္စဟာလည်း မဖြစ်သင့်ပါဘူး။ နွေဦးထီဆိုပြီး လူထုဆီကငွေတွေကို ရယူပါတယ်။ လူထုဆီက အခွန်ကောက်ခံပြီး ငွေရှာနေတာဟာ ဆက်ကြေးကောက်သလိုဖြစ်နေပါတယ်။ အခုဆိုရင် ငွေတိုက်စာချုပ်ဆိုပြီး လူထုဆီကပဲ ငွေရှာပါတယ်။ နိုင်ငံတကာမှာရှိတဲ့သူတွေဆီကနေ အလှူခံပါတယ်။ အဆိုးဆုံးကတော့ အနောက်အင်အားကြီးနိုင်ငံတွေနဲ့ OIC ကနေ ထောက်ခံမှုရဖို့နဲ့ ငွေကြေးအကူအညီတွေရဖို့ ဘင်္ဂါလီတွေကို အခွင့်အရေးပေးဖို့ လုပ်ဆောင်ခြင်းဖြစ်ပါတယ်။ ရသမျှနည်းလမ်းပေါင်းစုံနဲ့ ပြည်သူတွေဆီက ရှာ၊ နိုင်ငံတကာကရှာနဲ့ ရှာနေတာဟာ တော်လှန်ရေးအတွက်လား ကိုယ်ကျိုးအတွက်လား ဆိုတာလည်း ဆန်းစစ်ကြဖို့လိုပါတယ်။ လူထုဆီကိုတော့ NUG ရဲ့ ဝေဒနာတွေပဲ ရောက်လို့လာနေပါတယ်။

အဲဒီလိုနည်းလမ်းပေါင်းစုံသုံးပြီး ငွေရှာတဲ့နည်းလမ်းကို NLD လက်ထက်မှာလည်း လုပ်ခဲ့ပါတယ်။ အခွန်အကောက်တွေ တိုးကောက်တာ၊ မီးခွန်တွေတိုးလိုက်တာတွေကို မှတ်မိကြဦးမယ်ထင်ပါတယ်။ နိုင်ငံအတွက် လူထုအနေနဲ့ အခွန်ဆောင်ကြရမယ်၊ အခွန်ထမ်းရမယ်ဆိုတာ နားလည် လက်ခံပါတယ်။ ဒါဟာ နိုင်ငံသားတစ်ယောက်ရဲ့ တာဝန်ဖြစ်ပါတယ်။ ဒါပေမယ့် ပြည်သူလူထုဆီကရလာတဲ့ အခွန်ဘဏ္ဍာငွေတွေဆိုတာ ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးအတွက်ပဲ ဖြစ်ရမှာပါ။ တကယ်ရော ဖြစ်ခဲ့ကြသလား။ အခုလည်း NUG က ရသမျှနည်းလမ်းပေါင်းစုံနဲ့ ရှာနေတဲ့ငွေတွေက ပြည်သူ့အကျိုးစီးပွားအတွက် ရည်ရွယ်တာ ဖြစ်နိုင်ပါ့မလား။

### ပိုမိုဆိုးရွားစေ

NUG အနေနဲ့ ပြည်တွင်းပြည်ပက ရလာတဲ့ ငွေကြေးတွေနဲ့ တော်လှန်တိုက်ခိုက်နေတယ်ဆိုတော့ ဘယ်သူတွေကို ဦးတည်နေသလဲဆိုတာ ထင်ရှားနေပါတယ်။ အစိုးရတစ်ရပ်ကို တော်လှန်တယ်ဆိုပေမယ့် လက်တွေ့မှာ တိုက်ခိုက်ခံ၊ အကြမ်းဖက်ခံနေကြရတာက လူထုနဲ့ဝန်ထမ်းအများစုပါ။ NUG ရဲ့ တော်လှန်ရေးဟာ တော်လှန်ရေးအသွင်ဆောင်မလာဘဲ အကြမ်းဖက်အသွင်ဆောင်လာပါတယ်။ လက်နက်မဲ့ ပြည်သူတွေ၊ ဝန်ထမ်းတွေကို အကြမ်းဖက်သတ်ဖြတ်နေတာ NUG ရဲ့ ရည်မှန်းချက်လား၊ တော်လှန်ရေးလား ဝေဝါးနေပါတယ်။ နောက်ဆုံးတော့ ပြည်သူလူထုအတွက်လို့ ဘယ်လောက်ပဲဆိုဆို အဓိကခံစားရတာကတော့ ပြည်သူလူထုရဲ့အသက် အိုးအိမ်စည်းစိမ်တွေပါပဲ။ အကြမ်းဖက်ပြီး လူထုကိုထိခိုက်စေတဲ့နည်းလမ်းတွေဟာ လက်ရှိဖြစ်နေတဲ့ နိုင်ငံရေးအကျပ်အတည်းတွေကို ပြေလည်ဖို့ဆိုတာထက် ပိုမိုဆိုးရွားနေစေပါတယ်။

နိုင်ငံရေးပြဿနာတွေ ပြေလည်စေချင်တယ်ဆိုရင် ရွေးချယ်စရာနည်းလမ်းတွေရှိနေဆဲပါ။ လူထုကိုမထိခိုက်စေတဲ့နည်းလမ်းတွေ ရှိပါတယ်။ ရွေးချယ်လို့လည်း ရပါတယ်။ နိုင်ငံရေးပြဿနာကို လူထုမထိခိုက်စေတဲ့ နိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်းဖို့ မကြိုးစားဘဲနဲ့ အကြမ်းဖက်တိုက်ခိုက်နေတာဟာ ဖြေရှင်းရေးလိုချင်တာလား၊ ပျက်သုဉ်းရေးလိုချင်တာလား ဆန်းစစ်ရမှာပါ။ ဒါ့အပြင် အခုလို အကြမ်းဖက်နည်းလမ်းဟာ ကောင်းကျိုးထက် ဆိုးကျိုးတွေနဲ့ အကျပ်အတည်းတွေကို ပိုမိုဖြစ်နေစေပါတယ်။

### မှန်ကန်တဲ့နည်းလမ်းဆိုတာ

နိုင်ငံရေးအသွင်ပြောင်းဖို့အတွက် နိုင်ငံရေးသဘောတရားတွေ၊ အတွေ့အကြုံတွေ လိုအပ်သလို ကိုယ်ကိုယ်တိုင်ရဲ့အခြေအနေကိုလည်း ထည့်သွင်းစဉ်းစားကြရမှာပါ။ နိုင်ငံရဲ့အခြေအနေ၊ ပြည်သူလူထုရဲ့အခြေအနေတွေကို အခြေခံမစဉ်းစားဘဲနဲ့ ဆန္ဒစွဲတွေနောက်လိုက်နေရင် ပေါ့စေလိုလို့ ကြောင်ရုပ်ထိုး ဆေးကြောင့်လေးဆိုတာလို မလိုလားအပ်တဲ့ ဘေးထွက်ဆိုးကျိုးတွေ ဖြစ်နေပါတယ်။ မှန်ကန်တဲ့နည်းလမ်းဆိုတာ ကိုယ့်အတွက်လည်း အဆင်ပြေ အများအတွက်လည်း အဆင်ပြေတဲ့ နည်းလမ်း ဖြစ်ရပါလိမ့်မယ်။

ဖြစ်နေတဲ့ နိုင်ငံရေးပြဿနာတွေ ဖြေရှင်းဖို့အတွက် အရှိတရားတွေထက် ငါစွဲတွေ ဖက်တွယ်ထားရင် အဝိဇ္ဇာတွေဖုံးလွှမ်းပြီး ဖြေရှင်းရမယ့် နည်းလမ်းအမှန် မမြင်နိုင်ဘဲ ကိုယ်တိုင်လည်း ဆိုးကျိုးဖြစ်၊ အများပြည်သူအတွက်လည်း ဆိုးကျိုးတွေ ဆက်ကာဆက်ကာဖြစ်စေမှာပဲ ဖြစ်ပါတယ်။ ဒါဟာ ပြဿနာဖြေရှင်းရေး မှန်ကန်တဲ့ နည်းလမ်းရွေးချယ်မှုလို့ မဆိုနိုင်ပါဘူး။ ပျက်သုဉ်းရေးနည်းလမ်းသာဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူလူထုကို ထိခိုက်ဆုံးရှုံးရတဲ့ အမှားတွေမြင်ပြီး အချိန်မီ အမှန်ပြင်ဖို့ လိုအပ်နေပါကြောင်း တိုက်တွန်းလိုက်ရပါတယ်။

# မွန်ပြည်နယ်အတွင်း စပါးစိုက်တောင်သူများအနေဖြင့် စိုက်ပျိုးရေးသွင်းအားစုများအတွက် လိုအပ်သည်များကို ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ပေးမည်

ချောင်းဆုံ နိုဝင်ဘာ ၁၃

**မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများသည် နိုဝင်ဘာ ၁၂ ရက် မွန်းလွဲပိုင်းက ချောင်းဆုံမြို့နယ် တောင်စွန်းကျေးရွာအုပ်စု၌ ကျင်းပသည့် အရည်အသွေးကောင်း သီးနှံစပါးမျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးရန်နှင့် တောင်သူများကိုယ်တိုင် မျိုးစေ့ထုတ်လုပ်နိုင်စေရန်အတွက် မြို့နယ်ကိုယ်စားပြု မိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ တက်ရောက်ပြီး ပေါ်ဆန်းရင်မျိုးစပါး ရိတ်သိမ်းမှုနှင့် စပါးထွက်ရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။**



ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူက မွန်ပြည်နယ်အတွင်း မိုးစပါးစိုက်ပျိုးထားရှိမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က စပါးစိုက်တောင်သူများအနေဖြင့် စိုက်ပျိုးရေးသွင်းအားစုများအတွက် လိုအပ်သည်များကို ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို ပြည်တွင်းပြည်ပသို့ တင်ပို့နိုင်ရေး ကြိုးစားဆောင်ရွက်စေလိုကြောင်း မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မိုးစပါးစံကွက်ရိတ်သိမ်းနေမှု အခြေအနေ၊ မိုးစပါးထွက်ရှိမှုပေါ် အစိုခတ်ပါဝင်မှု ရာခိုင်နှုန်းအား တိုင်းတာစစ်ဆေးမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တောင်သူများနှင့်တွေ့ဆုံကာ(ယာပုံ) စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး အဓိကထားဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားပြီး လိုအပ်သည်များ တင်ပြမှုအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

မွန်ပြည်နယ်အနေဖြင့် မိုးစပါးကို ခြောက်သိန်းရှစ်သောင်းကျော် လျာထား စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ယခုအခါ မိုးစပါးကို ရာခိုင်နှုန်းပြည့်မီကျော်လွန်စွာ စိုက်ပျိုးနိုင်ပြီဖြစ်ကြောင်း၊ ချောင်းဆုံမြို့နယ်တွင် မိုးစပါးစိုက်ပျိုးဧက ၆၅၂၁၁ ဧကစိုက်ပျိုးထားပြီး မိုးစပါး (RS-CS) မျိုးစေ့ထုတ် ပေါ်ဆန်းရင်မျိုးစပါး စိုက်ပျိုးဧကကို ၁၃၀ စိုက်ပျိုးခဲ့ကြောင်း၊ ဒုတိယသီးနှံအဖြစ် နွေစပါး၊ နေကြာ၊ မြေပဲ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ဘိုကိတ်၊ ပဲလွန်း စသည်တို့ကို ယခုနှစ်အတွင်း စိုက်ပျိုးဧက ၄၃၇၉ ဧက လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ပန်းတနော်မြို့နယ် မင်းတစုချောင်း ငါးသယံဇာတထိန်းသိမ်းရေးဇုန်အတွင်း ငါးမျိုးစိုက်ထည့်

နေပြည်တော် နိုဝင်ဘာ ၁၃

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်ငါးလုပ်ငန်းစခန်းမှ ပန်းတနော်မြို့နယ် မင်းတစုကျေးရွာအုပ်စု မင်းတစုချောင်း ငါးသယံဇာတထိန်းသိမ်းရေးဇုန်အတွင်း ငါးမျိုးများ စိုက်ထည့်ခြင်း အခမ်းအနားကို နိုဝင်ဘာ ၁၂ ရက်က ကျင်းပသည်။



ငါးမျိုးစိုက်ထည့်ပွဲသို့ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးဌာနမှူး ဦးသော်ထွန်းဦး၊ မအူပင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဆန်းဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှဝန်ထမ်းများ၊ မြို့နယ်ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်စိစစ်ရေးအဖွဲ့ဝင်များ၊ ရေလုပ်သားများ၊ ငါးမွေးတောင်သူများ တက်ရောက်ပြီး ငါးသယံဇာတ ထိန်းသိမ်းရေး ဇုန်အတွင်း နှစ်လက်မအရွယ် ငါးမြစ်ချင်းသားပေါက်ကောင်ရေ တစ်သိန်း၊ ငါးခုံးမကြီး သားပေါက်ကောင်ရေ သုံးသိန်း စုစုပေါင်း သားပေါက်ကောင်ရေ လေးသိန်း မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ချင်းတွင်းရေကြည်ပန်းချီပြပွဲ ရန်ကုန်မြို့၌ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၃

မုံရွာမြို့အခြေစိုက် ချင်းတွင်းရေကြည် ပန်းချီဆရာ ၁၅ ဦး၏ (၁၈)ကြိမ်မြောက် ရေဆေးပန်းချီပြပွဲကို ရန်ကုန်မြို့ အင်းစိန်နံ့သာကုန်းရပ် မင်္ဂလာလမ်းရှိ ARTIST SMILE Arts Gallery တွင် နိုဝင်ဘာ ၁၄ ရက်မှ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ပန်းချီပြပွဲတွင် ချင်းတွင်းရေကြည် ပန်းချီဆရာများဖြစ်သော လူတင်၊ ညိုသိန်း၊ တင်အောင်ထိုက်၊ အောင်မောင်း၊ ရဲမြင့်(မုံရွာ)၊ မောင်မောင်စန်း၊ ခင်မောင်ညို၊ သန်းဆိုင်၊ မန်းတင်၊ တင်ဇော်၊ သိန်းထွန်းအေး၊ စံဝင်းဖေ၊ ဇော်ဝင်းတင်၊ ချစ်ခိုင်၊ အေးမင်းမင်းတင်တို့၏ ပန်းချီကားများ ပြသမည်ဖြစ်သည်။

ပန်းချီဆရာ ၁၅ ဦးက တစ်ဦးလျှင် ပန်းချီကား ၁၀ ကားနှုန်းဖြင့် ပန်းချီကား ၁၅၀ ပြသမည်ဖြစ်သည်။ ပြပွဲတွင် ရှုခင်းအစုံ၊ မြင်ကွင်းအစုံနှင့် ယဉ်ကျေးမှုလက်ရာများ ပါဝင်ပြသကြမည်ဖြစ်ပြီး online မှလည်း ဝင်ရောက်ကြည့်ရှုနိုင်သည်။ online မှ အခမဲ့ကြည့်ရှုနိုင်သည့် လိပ်စာမှာ Artissmile Arts Gallery Facebook Page ဖြစ်သည်။

"၂၀၁၈ ခုနှစ်က (၁၇) ကြိမ်မြောက်ပြပွဲကို ရန်ကုန်မြို့ လောကနတ်ခန်းမမှာ ပြသခဲ့ပါတယ်။ ရန်ကုန်မြို့မှ ပန်းချီဆရာ လှထွန်းအောင်က ကမ်းလှမ်းခဲ့လို့ ယခုပြပွဲလုပ်ဖြစ်တာပါ။ ချင်းတွင်းရေကြည်မှာ တချို့ပန်းချီဆရာတွေ မရှိတော့ဘူး။ သူတို့ဆွဲတဲ့ပန်းချီကားတွေ ပါဝင်ပါမယ်။ အခုပွဲကတော့ ကျန်ရှိနေတဲ့ ပန်းချီဆရာတွေ စုပေါင်းပြီးလုပ်ကြတာပါ"ဟု ပန်းချီဆရာ ဦးညိုသိန်းက ပြောပြသည်။

အောင်ကျော်ထွန်း(ပုသိမ်ကြီး)

# မဘိမ်းမြို့နယ် မြို့မဈေးအတွင်း ရောင်းချလျက်ရှိသော ဆိုင်ရှင်များနှင့် အလုပ်သမားများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးထားခြင်း ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး

မဘိမ်း နိုဝင်ဘာ ၁၃

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်ခရိုင် မဘိမ်းမြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနတို့မှ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမှ လျော့ချနိုင်ရန်နှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ရည်ရွယ်၍ မြို့ပေါ်ရပ်ကွက်အတွင်းရှိ ကုန်စုံဆိုင်များ၊ စားသောက်ဆိုင်များ၊ မြို့မဈေးအတွင်းရှိ ဈေးဆိုင်များအား ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်း ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခြင်းကို နိုဝင်ဘာ ၁၂ ရက်က ဆောင်ရွက်သည်။ (ဓာတ်ပုံ)



ထိုသို့စစ်ဆေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဟိန်းသူဝင်း၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးဝင်းမြတ်ကျော်နှင့် မြို့နယ်ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီအဖွဲ့ဝင်များက လိုက်လံစစ်ဆေးခဲ့ပြီး ကာကွယ်ဆေးထိုးနှံခြင်းအားဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမှ လျော့ချနိုင်ပြီး ပြည်သူလူထုမှ ပူးပေါင်းပါဝင် ကူညီကြရန်နှင့် ကာကွယ်ဆေး မထိုးရသေးပါက ကာကွယ်ဆေးထိုးနှံပေးရာ စုရပ်တွင် ထိုးနှံကြရန် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၃

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား ရေကြောင်း၊ လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။ နိုဝင်ဘာ ၁၃ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကုမ္ပဏီတစ်ခုမှ Koronavac Suspension Injection ၅၀၀၀၊ ရန်ကုန်ဆိပ်ကမ်းများမှ Omac capsule ၄၀၂၆၈ ခု၊ Urisan Tablet ၁၀၁၅၂ ခု၊ Vastacine Tablet ၂၀၀၂ ခု၊ စုစုပေါင်း ၅၇၃၆ ဒသမ ၄၃ Kg၊ နယ်စပ်(မြဝတီ၊ ချင်းရွှေဟော်၊ ကန်ပိုက်တီ)တွင် ကုမ္ပဏီလေးခုမှ Mask ၁၇၈၈၅ Kg ၊ Oxygen Plant ခြောက်ခု၊ Liquid Oxygen ၁၅၃၆၂ $m^3$ တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၁၃

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်နှင့် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# ချစ်ကြည်ရေးခရီးစဉ်သွားရောက်ခဲ့သည့် ကာကွယ်ရေးဦးစီးချုပ်(ရေ)ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ အိန္ဒိယနိုင်ငံမှပြန်လည်ရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၃

**အိန္ဒိယနိုင်ငံသို့ နိုဝင်ဘာ ၆ ရက်မှ ၁၃ ရက်အထိ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည့် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွှန့်ဝင်းဆွေ၊ နယ်မြေခံရေတပ်ကွပ်ကဲမှုဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ် ထိန်ဝင်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယစစ်သံမှူးနှင့် တပ်မတော်အရာရှိကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ (ယာပုံ)**




ကာကွယ်ရေးဦးစီးချုပ်(ရေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နယူးဒေလီမြို့သို့ ရောက်ရှိစဉ် National War Memorial သို့ သွားရောက်၍ ဂုဏ်ပြုပန်းခွေချအလေးပြုခဲ့သည်။ ထို့နောက် South Block သို့သွားရောက်ခဲ့ရာ အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Karambir Singh က ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုနှုတ်ဆက်သည်။ ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Karambir Singh နှင့်တွေ့ဆုံ၍ အိန္ဒိယရေတပ်၏ လက်ရှိဆောင်ရွက်နေမှု အခြေအနေများ၊ နှစ်နိုင်ငံရေတပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများနှင့် ရှေ့လုပ်ငန်းစဉ်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။ ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးလိုက်ပါပြီး အိန္ဒိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် Chief of Defence Staff ဗိုလ်ချုပ်ကြီး Bipin Rawat နှင့် လည်းကောင်း၊ အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန် Foreign Secretary Mr. Harsh Vardhan Shringla နှင့် လည်းကောင်း၊ အိန္ဒိယကာကွယ်ရေးအတွင်းဝန် Defence Secretary Dr. Shri Ajay Kumar နှင့် လည်းကောင်း၊ အိန္ဒိယအမျိုးသား လုံခြုံရေးဆိုင်ရာအကြံပေး Deputy National Security Advisor Mr. Rajindra Khanna၊ တပ်မတော်ဆိုင်ရာအကြံပေး Military Adviser Lieutenant General (Retired) Mr. Chauhan တို့နှင့် လည်းကောင်း သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ထို့နောက် အိန္ဒိယနိုင်ငံ၏ National Maritime Foundation သို့ ရောက်ရှိခဲ့ရာ Vice Admiral (Retired) Pradeep Chauhan က ကြိုဆိုခဲ့ပြီး National Maritime Foundation ၏ ရေကြောင်းဆိုင်ရာ သုတေသနပြုဆောင်ရွက်နေမှုများနှင့် Peaceful India Ocean ခေါင်းစဉ်နှင့်ပတ်သက်၍ အပြန်အလှန်အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ ထို့နောက် အိန္ဒိယရေတပ်ဦးစီးချုပ်က တည်ခင်းဧည့်ခံသော ညစာစားပွဲကို တက်ရောက်ခဲ့သည်။

ခရီးစဉ်အတွင်း နှစ်နိုင်ငံရေတပ်များအကြား ပူးပေါင်းဆောင်ရွက်မှုပိုမိုတိုးမြှင့်ရေး၊ လေ့ကျင့်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ ရေတပ်ဆိုင်ရာ နည်းပညာများ ပူးပေါင်းဆောင်ရွက်ရေး၊ စစ်ရေယာဉ်များ အပြန်အလှန်လည်ပတ်ရေးနှင့် ရေကြောင်းလုံခြုံရေးအတွက် သတင်းအချက်အလက်မျှဝေရေးဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒေသတွင်းစိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်



**နေပြည်တော် နိုဝင်ဘာ ၁၃**

တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ အစိုးရ၊ တပ်မတော်နှင့် ပုဂ္ဂလိကပိုင် ဒေသတွင်းစိုက်ပျိုးမွေးမြူရေးနှင့် အခြားလူသုံးကုန်လုပ်ငန်းများ ကုန်ထုတ်လုပ်မှု ရာနှုန်းပြည့် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဆိုပါနေရာများသို့ သွားရောက်ကြည့်ရှုကြပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် အဖွဲ့ဝင်များသည် ဂွတပ်နယ်ရှိ နယ်မြေခံတပ်ရင်းများတွင် မွေးမြူထားရှိသော ဥစားကြက်မွေးမြူရေးခြံနှင့် DYL ဝက်မွေးမြူရေးခြံတို့ကို လည်းကောင်း၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦးနှင့် အဖွဲ့ဝင်များသည် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်းရှိ စံပြစပါးစိုက်ခင်းတွင် “ခိုက်တိုဇမ်” ရွက်ဖျန်းအားဆေး အသုံးပြု၍ စိုက်ပျိုးထားရှိသည့် စပါးစိုက်ခင်းများကို လည်းကောင်း အသီးသီး သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို ကိုဗစ်စင်တာများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၃**

ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့်တည်းခိုရေးစခန်းများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ ည ၇ နာရီအထိ နေပြည်တော်စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၇၃ ဦးနှင့် အမျိုးသမီး ၇၀၊ စုစုပေါင်း ၁၄၃ ဦးတို့ကို လက်ခံထားရှိကြောင်း သိရှိရသည်။

အဆိုပါစောင့်ကြည့်လူနာများနှင့် ခတ်ခွဲအတည်ပြုပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၃**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ နိုဝင်ဘာ ၁၂ ရက်က ရှမ်းပြည်နယ် (မြောက်ပိုင်း) ချင်းရွှေဟော်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၅၅ ဦး၊ အမျိုးသမီး ၄၄ ဦး၊ စုစုပေါင်း ၉၉ ဦးနှင့် လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသားတစ်ဦးတို့ကို လည်းကောင်း၊ ယနေ့တွင် ကရင်ပြည်နယ် မြဝတီမြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၂၉၉ ဦး၊ အမျိုးသမီး ၁၉၇ ဦး၊ စုစုပေါင်း ၄၉၆ ဦးတို့ကို လည်းကောင်း အသီးသီးလက်ခံခဲ့ကြသည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များအား ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



တတ်နိုင်သမျှ မိမိအိမ်တွင်သာ နေပါ

# မန္တလေးမြို့တွင်းလမ်းများတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အမှတ်အသားများ စနစ်တကျထားပြီး ကြိုတင်ပညာပေးကာလဆောင်ရွက်ရန်လို



မန္တလေး နိုဝင်ဘာ ၁၃

**မန္တလေးတိုင်းဒေသကြီးအတွင်း ယာဉ်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်း အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး နှစ်ထပ်ဆောင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)

အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုက မန္တလေးမြို့သည် မြို့ပြဖွံ့ဖြိုးမှု၊ စီးပွားရေး အချက်အချာကျမှု၊ လူဦးရေ တိုးပွားလာမှုနှင့်အတူ ယာဉ်သုံးစွဲမှုများပြားလာရာ ယာဉ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ရသဖြင့် မိမိဌာန၊ အဖွဲ့အစည်း၏ ပုံရိပ်ထိခိုက်မှု မရှိရန် ပြုမူဆက်ဆံသွားရန် လိုအပ်ကြောင်း၊ မန္တလေးမြို့တွင်းလမ်းများတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အမှတ်အသားများနှင့် လမ်းညွှန်ဆိုင်းဘုတ်များ စနစ်တကျထားပြီး ကြိုတင်ပညာပေးကာလ သတ်မှတ်ဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်းနှင့် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးချုပ် စိန်လွင်တို့က ယာဉ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ မူဝါဒများနှင့် စီမံခန့်ခွဲမှုဆိုင်ရာများ၊ မြို့နယ်များအလိုက် ရွေ့လျားပူးပေါင်းစစ်ဆေးရေးအဖွဲ့များဖြင့် ဆောင်ရွက်မည့်အစီအမံများကို လည်းကောင်း၊ တက်ရောက်လာကြသူများက ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ပတ်သက်၍ အကြံပြုချက်များကို လည်းကောင်း ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

မန္တလေးခရိုင်အတွင်း အများပြည်သူများ လုံခြုံစိတ်ချစွာဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်အညီ ယာဉ်အန္တရာယ်ကင်းရှင်းစွာ စနစ်တကျသွားလာနိုင်ရေးအတွက် နိုဝင်ဘာ ၁၃ ရက်မှ ၂၀ ရက်အထိ ပညာပေးကာလအဖြစ် သတ်မှတ်ပြီးနောက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ သွားလာမှုမရှိသူများအား ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် နိုဝင်ဘာ ၁၃**

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၅၅ နှစ်အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင် စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်း အဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊



ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နှင့် နောင်ချိုမြို့တို့၌ ဒေသခံပြည်သူ ၈၅၀၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်းရှိ မြို့နယ်လေးမြို့နယ် တို့၌ ဒေသခံပြည်သူ ၃၅၀၀၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် အတွင်းရှိ မြို့နယ် ၁၅ မြို့နယ်တို့၌ သံဃာတော်များနှင့် ဒေသခံပြည်သူ ၂၇၆၃၁ ဦး၊ တနင်္သာရီ တိုင်းဒေသကြီး မြိတ်မြို့နယ်နှင့် ထားဝယ်မြို့နယ်တို့၌ ဒေသခံပြည်သူ ၅၄၇၆ ဦး၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နှင့် တာမွေမြို့နယ်တို့၌ ဒေသခံပြည်သူ ၄၀၀၀၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၅၂၄၂၇ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်သုံးမြို့နယ်တို့၌ ဒေသခံပြည်သူ ၅၆၅၂ ဦး(ဝဲပုံ)၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ဒေသခံပြည်သူ ၁၂၀၀၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုမှ ဒေသခံပြည်သူ ၈၁၀၀နှင့် ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ဒေသခံပြည်သူ ၁၄၃၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နှင့် နောင်ချိုမြို့တို့၌ ကျောင်းသား ကျောင်းသူ ၃၇၈ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၉၁၇ ဦး၊ ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ ကျောင်းသား ကျောင်းသူ ၂၉၈ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၁၃**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# တိုင်းဒေသကြီးများနှင့် ပြည်နယ်အသီးသီးသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ပို့ဆောင်ဖြန့်ဖြူး

**ရန်ကုန် နိုဝင်ဘာ ၁၃**

ကိုဗစ်-၁၉ ရောဂါ ခာတ်ခွဲအတည်ပြုပိုးတွေ့လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများအား တပ်မတော်ဆေးရုံများ၊ ပြည်သူ့ဆေးရုံများ၊ ကျန်းမာရေးဌာနများနှင့် ကိုဗစ်စင်တာများတွင် ကျန်းမာရေး စောင့်ရှောက်ပေးခြင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို တပ်မတော်သားဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ ၎င်းလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ သတ်မှတ် အအေးလမ်းကြောင်း စံချိန်စံညွှန်းများအတိုင်း တပ်မတော်(လေ)မှ လေယာဉ်များ၊ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိသည်။


ထိုသို့ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ဗဟိုကာကွယ်ဆေးသိုလှောင်ခန်း၌ ထားရှိသော ဆေးတစ်လုံးလျှင် လူနှစ်ဦးထိုးနိုင်သော SINOVAC ဆေးများနှင့် ဆေးတစ်လုံးလျှင် လူငါးဦးထိုးနိုင်သော Sino-pharm ကာကွယ်ဆေးများကို နေပြည်တော် ကောင်စီနယ်မြေသို့ SINOVAC ဆေး ၃၁၅၅၂ လုံးနှင့် ဆေးထိုးအပ်များ၊ မော်လမြိုင်မြို့သို့ SINOVAC ဆေး ၂၈၀၃၉ လုံးနှင့် Sinopharm ဆေး ၂၀၀၀၀၊ ကရင်ပြည်နယ်သို့ SINOVAC ဆေး ၁၅၀၁၈ လုံးနှင့် Sino-pharm ဆေး ၁၀၀၀၀၊ ပဲခူးတိုင်းဒေသကြီးသို့ SINOVAC ဆေး ၄၂၂၂၂ လုံးနှင့် Sinopharm ဆေး ၂၃၁၃၁ လုံးတို့ကို Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ပေးခဲ့ရာ တာဝန်ရှိသူများက လက်ခံယူခဲ့ကြောင်းနှင့် သက်ဆိုင်ရာသို့ ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။


**သတင်းစဉ်**





# ဆရာကြီးမောင်ပေါ်ထွန်း - လင်းလက်တောက်ပဆဲ စာပေကြယ်ကြီးတစ်ပွင့်

*ယဉ်မင်းထွေး (စာပေဗိမာန်)*





**❖ စာပေဗိမာန်မှ အငြိမ်းစားယူပြီးသည့်နောက်ပိုင်း ယနေ့အချိန်အထိ ဆရာကြီးသည် ဘာသာပြန်စာအုပ်များ ဆက်တိုက်ဘာသာပြန်ဆိုရေးသား ထုတ်ဝေခဲ့ပါသည်။ ထို့ပြင် မျိုးဆက်သစ်လူငယ်များအတွက် စာပေဆိုင်ရာ၊ ဘာသာပြန်ဆိုင်ရာ ဗဟုသုတများဖြန့်ဝေခြင်း၊ မြန်မာစာပေ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ကူညီခြင်း တို့ကိုလည်း ဆောင်ရွက်လျက်ရှိပါသည်**

***ယမန်နေ့မှအဆက်***

ဆရာကြီး၏ လက်ရာများအနက် "စာအုပ်ဟူသည်" စာအုပ်မှာ ကျွန်မတို့ စာတည်းများအတွက် လက်စွဲစာအုပ်သဖွယ် ကိုးကားအသုံးပြုရပါသည်။ "စာအုပ်ဟူသည်" စာအုပ်မှာ ဆရာမောင်ပေါ်ထွန်းနှင့် ဆရာမောင်ဆုရှင်တို့ ပူးတွဲပြုစုသည့် စာအုပ်ဖြစ်ပြီး နိုင်ငံတကာစာအုပ်နှစ် (၁၉၇၂) အထိမ်းအမှတ်ထုတ်ဝေသည့်စာအုပ် ဖြစ်ပါသည်။ ဆရာဦးထင်ကြီး (တက္ကသိုလ်ထင်ကြီး) ထံမှရရှိသည့် နိုင်ငံတကာစာအုပ်နှစ်သတင်းလွှာနှင့် စာစောင်များကို ဖတ်ရှု၍ အကြံရရှိကာ ရေးသားသော စာအုပ်ဖြစ်သည်ဟု စာအုပ်အမှာစာတွင် ဖော်ပြထားပြီး စာအုပ်စာပေအပေါ် မြန်မာနှင့် နိုင်ငံတကာအနုပညာရှင်တို့၏ အဆိုအမိန့်များနှင့်စာအုပ်၊ စာပေနှင့် စာရေးဆရာတို့အကြောင်းကို စုံလင်စွာ စုဆောင်းတင်ပြထားသည့် စာအုပ်ဖြစ်သဖြင့် တန်ဖိုးကြီးမားလှပါသည်။

ယင်းစာအုပ် ထုတ်ဝေဖြစ်ပုံနှင့် စပ်လျဉ်း၍ "ဤစာအုပ်နှင့်ကျွန်တော်" ဟူ၍ အမှာရေးထားပုံကလေးမှာ နှစ်သက်စရာ ကောင်းလှပါသည်။ ဆရာသည် သူ၏အရာရှိဖြစ်သူ ဆရာဦးထင်ကြီး (တက္ကသိုလ်ထင်ကြီး)ထံ ရောက်စဉ် ဆရာဦးထင်ကြီး၏ စားပွဲပေါ်ရှိ နိုင်ငံတကာစာအုပ်နှစ်ဆိုင်ရာ စာအုပ်စာတမ်းများကို တွေ့ရှိသည်။ ဆရာဦးထင်ကြီးမှာ နိုင်ငံတကာစာအုပ်နှစ်ကျင်းပရေး ဒုတိယဥက္ကဋ္ဌလည်းဖြစ်၊ စာအုပ်နှစ် ဟောပြောပွဲကော်မတီ ဥက္ကဋ္ဌလည်း ဖြစ်သည်။ စာအုပ်များအတွင်းမှ နိုင်ငံတကာ စာအုပ်နှစ်အတွက် ယူနက်စကိုမှ ထုတ်ဝေသည့်သတင်းလွှာများ၏ ပထမစာမျက်နှာတိုင်းတွင် စာလုံးမည်းများဖြင့် ဘောင်ခတ်ဖော်ပြထားသည့် နိုင်ငံတကာမှ စာရေးဆရာကြီးများ၏အဆိုအမိန့် စာပိုဒ်များကို အာရုံစိုက်မိခဲ့သည်။ ဥပမာ အာရပ်စာပေလောကမှာ နာမည်ကြီး စာရေးဆရာ အီဂျစ်ပါမောက္ခ "တာဟားဟူစိန်"(Taha Hussein) ၏ ...

"ငါသည် သင့်အတွက် အဖိုးမဖြတ်နိုင်သော လက်ဆောင်မွန်တစ်ခုကို ဆောင်ယူခဲ့ပါသည်။ ထိုအရာသည် သင့်အား ပျော်ရွှင်ချမ်းမြေ့မှုနှင့် ကြီးစွာသော ရောင့်ရဲနှစ်သိမ့်မှုကိုပေးပါလိမ့်မည်။

အဘယ်အရာဖြစ်ပါမည်နည်း။

"စာအုပ်ဖြစ်ပေ၏"

ဟူသော အဆိုအမိန့်မျိုး။

ထို့ပြင် ဂျာမန်စာရေးဆရာကြီး ဖရန့်ကားဖကာ၏ ...

"စာအုပ်သည် ကျွန်ုပ်တို့၏ အရှုတ္တသန္တာန်၌ကိန်းအောင်းနေသော အဝိဇ္ဇာအစိုင်အခဲကို ဖြိုခွဲနိုင်သည့် ဝရဇိန်လက်နက်ဖြစ်ပါစေသတည်း" စသည့် အဆိုအမိန့်မျိုးဖြစ်သည်။ စာအုပ်အပေါ်တွင် ပုဂ္ဂိုလ်တစ်မျိုး အမြင်တစ်မျိုးဖြင့် အနှစ်ချုပ်၍ သုံးသပ်တင်ပြထားကြသော စာရေးဆရာမျိုးစုံ၏ အဆိုအမိန့်များကို ဖတ်လိုက်ရသောအခါ စာအုပ်စာပေနှင့် ပတ်သက်လာလျှင် အငမ်းမရ ဖြစ်တတ်သော ကျွန်တော့်အဖို့ အကြီးအကျယ် နှစ်သိမ့်မိပါတော့သည်။

ထမင်းစားနေသူအား ကြက်သားဟင်းနှင့် ချဉ်ပေါင်ကြော်ကောင်းကြောင်း အပြောခံရသလို ဝမ်းထဲအူထဲကပင် တလှိုက်လှိုက်ဖြစ်မိပါသည်။ စာအုပ်ကို 'သွေးကြိုက်' ၍ စာအုပ်နှင့်ထာဝစဉ် 'ပျော်ပိုက်' နေသူအား စာအုပ် 'ကောင်း' ကြောင်း ပြောလာလျှင် 'ကိုယ့်မိန်းမ ဟင်းချက်ကောင်း'ကြောင်း အပြောခံရသလိုပင် 'အကြည်ဆိုက်' မိမည် မဟုတ်ပါလား" ဟု အမှာစာတွင် ရေးသားဖော်ပြထားသည်။

ယင်းစာအုပ်တွင် မြန်မာစာရေးဆရာများစွာက စာအုပ်စာပေဆိုင်ရာ မိမိကိုယ်ပိုင် အဆိုအမိန့်များစွာကို ပါဝင်ရေးသားကြပါသည်။ ဆရာကြီး မောင်ပေါ်ထွန်းကလည်း "ကြက်တစ်ကောင် စာတစ်အုပ်" ဟူသည့် ခေါင်းစဉ်ဖြင့် ဖခင်ဖြစ်သူက သူ၏ စာဖတ်ခြင်းဝါသနာကို မြေတောင်မြှောက်အားပေးခဲ့ပုံကို အောက်ပါအတိုင်း ရေးသားခဲ့ပါသည်-

"၁၂ နှစ်သားအရွယ် စာဖတ်ဝါသနာပျိုးစက ဖြစ်ပါသည်။

ကျွန်တော်တို့အရပ်တွင် ဖတ်စရာစာအုပ် ရှားလှ၏။ တစ်နေ့တွင် မိတ်ဆွေတစ်ယောက်က သူ့အဖေဖတ်သော နှစ်ပဲတန် "ပဒုကုသလ ဝတ္ထုဆန်း" စာအုပ်ရှိကြောင်း၊ ကြက်တစ်ကောင်ပေးလျှင် လဲမည်ဖြစ်ကြောင်း ပြောလာပါသည်။

ကျွန်တော်သည်အဖေမွေးထားသော ကြက်ဖကြီးကို အလစ်သုတ်သွားပြီး စာအုပ်နှင့် လဲလိုက်ပါသည်။

အဖေသိသွားသောအခါ ကျွန်တော့်ကို ပြုံးပြုံးကြီးစိုက်ကြည့်ရင်း "စာအုပ်မို့လို့ပေါ့ကွာ၊ တခြားပစ္စည်းနဲ့သာ လဲရင်တော့ မင်းတော့ သက်သာမှာ မဟုတ်ဘူး။ ငါ... လုပ်မိမှာပဲ" ဟု ပြောလိုက်ပါသည်။

ဤအကြောင်းကို ယခုရေးနေရင်း အဖေ့ကို ကျေးဇူးတင် ချစ်ခင်နေမိပါသည်။

စာအုပ်၏ တန်ဖိုးကိုလည်း တိုး၍ ရိုကျိုးယုံကြည်မိပါသည်။"

ဆရာကြီး မောင်ပေါ်ထွန်းရေးသားခဲ့သော "ကြက်တစ်ကောင် စာတစ်အုပ်" အဆိုအမိန့်ကို ဖတ်ရှုပြီးနောက် ဆရာကြီးသည် ငယ်နုစဉ်ဘဝကတည်းကပင် စာပေကို ဝါသနာပါလျက် တန်ဖိုးထားခဲ့ကြောင်း အထင်အရှား တွေ့မြင်ရပါသည်။

ဆရာသည် စာပေဗိမာန်တွင် လက်နှိပ်စက်စာရေးအဖြစ် ၁၉၅၅ ခုနှစ်တွင် စတင်အလုပ်ဝင်ပြီး ၁၉၇၈ ခုနှစ်တွင် စာအုပ်အသင်း ကြီးကြပ်ရေးမှူးအဖြစ်မှ မိမိဆန္ဒအလျောက် အငြိမ်းစားယူခဲ့သူဖြစ်သည်။ စာပေဗိမာန်တွင် သုတေသနဌာန၊ အရောင်းဌာန၊ စာတည်းဌာနနှင့် အုပ်ချုပ်မှုဌာနများတွင် ၂၃ နှစ်ကြာ အမှုထမ်းဆောင်ခဲ့ပြီး စာပေလောကတွင် "မောင်ပေါ်ထွန်း" ဟူသော ကလောင်တစ်ချောင်းကို ပိုင်ဆိုင်ရရှိခဲ့သည့်အတွက် မိခင် စာပေဗိမာန်ကို ကျေးဇူးတင်ရှိသည်ဟု စာပေဗိမာန် နှစ် ၇၀ ပြည့် အထိမ်းအမှတ်စာစောင်၌ ရေးသားခဲ့သည့် "စာပေဗိမာန်သို့ သမင်လည်ပြန်" ဆောင်းပါးတွင် ဖော်ပြထားပါသည်။ စာပေဗိမာန်မှ အငြိမ်းစားယူပြီးသည့်နောက်ပိုင်း ယနေ့အချိန်အထိ ဆရာကြီးသည် ဘာသာပြန်စာအုပ်များ ဆက်တိုက် ဘာသာပြန်ဆိုရေးသား ထုတ်ဝေခဲ့ပါသည်။ ထို့ပြင် မျိုးဆက်သစ်လူငယ်များအတွက် စာပေဆိုင်ရာ၊ ဘာသာပြန်ဆိုင်ရာ ဗဟုသုတများ ဖြန့်ဝေခြင်း၊ မြန်မာစာပေဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ပါဝင်ကူညီခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ ဆရာကြီးသည် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီတွင် ကော်မတီဝင်အဖြစ်လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌအဖြစ် လည်းကောင်း ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၉ ခုနှစ်အထိ တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။

ဆရာကြီးနှင့် စာပေဆိုင်ရာ ကိစ္စများဖြင့် ရင်းနှီးတွေ့ဆုံခဲ့ရာတွင် ဆရာကြီးသည် တည်ငြိမ်အေးချမ်းမှုရှိသည့် ရုပ်ပုံလွှာဖြင့် စကားကို နူးညံ့သိမ်မွေ့စွာ ပြောဆိုတတ်သည်။ အချက်အလက်တိကျပိုင်နိုင်စွာ ဆွေးနွေးနိုင်သည်။ ပညာအရာ၊ ဉာဏ်ပညာအရာတွင် ပလွှားမှုမရှိ၊ မာန်မာနမရှိ၊ နှိမ့်ချစွာ ဆက်ဆံတတ်သည်။ စကားကို မလိုအပ်ဘဲ အပိုမပြောတတ်။ မိမိကျရာ စာပေတာဝန်ကို ပြည့်ဝစွာ ဆောင်ရွက်တတ်သည်။ ပညာပြည့်ဝ နှလုံးလှသူတို့ အသွင်သဏ္ဍာန်မှာ လင်းလက်နေပါသည်။

စာပေဗိမာန် စာတည်းအဖွဲ့ဝင်တစ်ဦးအနေဖြင့် စာပေဗိမာန်မှ ဤမျှထင်ရှားအောင်မြင်သော စာရေးဆရာကြီးတစ်ယောက် ပေါ်ထွန်းခဲ့သည်ဟူသော အတွေးဖြင့် အမြဲဂုဏ်ယူဝမ်းမြောက်မိခဲ့ပါသည်။

ဆရာကြီးသည် ဇနီးဖြစ်သူ ဒေါ်ငြိမ်းရှင်နှင့် ၁၉၅၇ ခုနှစ်တွင် ထိမ်းမြားခဲ့ပြီး သားသမီးငါးဦး ထွန်းကားခဲ့ပါသည်။ ယခုအခါ မိသားစုနှင့်အတူ အမှတ် ၃၄၉၊ ဓေယျာ ၈ လမ်း၊ ၁၀ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်လျက် စာပေများ ရေးသားပြုစုလျက်ရှိပါသည်။

ယခုအခါ ဆရာကြီးသည် အသက် ၈၆ နှစ်အရွယ်ရှိပြီ ဖြစ်သော်လည်း ကျန်းမာရေး ကောင်းမွန်လျက်ရှိသည်။ လင်းလက်ဆဲ စာပေကြယ်တစ်ပွင့်ဖြစ်သော ဆရာကြီး မောင်ပေါ်ထွန်းကို နှစ်ပေါင်း ၁၀၀ ကျော်တိုင် ကျန်းမာပျော်ရွှင်စွာ စာပေဖြင့် မွေ့လျော်လျက်ရာပြည့်သဘင်ပွဲ ဆင်နွှဲခွင့်ရပါစေကြောင်း ဆုမွန်ကောင်း တောင်းလျက် ဂါရဝတရားဖြင့် ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

ကိုးကားသည့်စာအုပ်စာရင်း
၁။ ၂-၁၁-၂၀၁၅ ရက်ထုတ် ကြေးမုံသတင်းစာ
၂။ ၂၀၁၄ ခုနှစ်အတွက် အမျိုးသားစာပေဆု လက်ကမ်းစာအုပ်၊ ၂၀၁၄၊ စာပေဗိမာန်
၃။ စာပေဗိမာန် နှစ် ၇၀ ပြည့် အထိမ်းအမှတ်စာစောင်၊ ၂၀၁၇၊ စာပေဗိမာန်
၄။ စာအုပ်ဟူသည်၊ မောင်ဆုရှင်၊ မောင်ပေါ်ထွန်း၊ ၁၉၇၂၊ စာပေလောကပုံနှိပ်တိုက်
၅။ ဆရာကြီးရေးသားခဲ့သည့် စာအုပ်များ

# အမျိုးသားစာပေဆုရှင်တို့၏ရင်တွင်းစကားသံများ

ရန်ကုန် နိုဝင်ဘာ ၁၃

**ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသည် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်တာလုံး ကြိုးပမ်းရေးသား ပြုစုခဲ့သူများအား လေးစားအသိအမှတ်ပြုသောအားဖြင့် ၂၀၂၀ပြည့်နှစ်အတွက် အမျိုးသားစာပေဆုရရှိသော စာရေးဆရာ၊ စာရေးဆရာမကြီးများအား မြန်မာ့အလင်းက ဆက်လက်တွေ့ဆုံမေးမြန်းမှုကို ဖော်ပြအပ်ပါသည် -**


စာရေးဆရာမ
Aye Phyu


စာရေးဆရာ
ချစ်စုအောင်

**Aye Phyu**
**အင်္ဂလိပ်ဘာသာ(ရသ)ဆု**

နေပြည်တော်ကို ပြောင်းလာတဲ့ ၂၀၀၆ ခုနှစ်ကစပြီး စာသင်တဲ့အလုပ်ကို လုံးဝစွန့်လွှတ်ပြီး စာတွေစရေးခဲ့တာပါ။ လူသေပေမယ့် နာမည်မသေစေနဲ့ဆိုပြီး စာကောင်းပေကောင်းတွေ ရေးစမ်းပါလို့ အမြဲအားပေးတိုက်တွန်းခဲ့တဲ့ ခင်ပွန်းသည်ရဲ့စကားနဲ့ စာကိုစခဲ့တာပါ။ ၂၀၂၀ ပြည့်နှစ်မှာ ဆောင်းပါးပေါင်းချုပ် မြန်မာဘာသာနဲ့တစ်အုပ်၊ အင်္ဂလိပ်ဘာသာနဲ့ တစ်အုပ် ထုတ်ဝေနိုင်ဖို့ ရည်ရွယ်ခဲ့တာမှာ ကိုဗစ်အန္တရာယ် အရေးကြီးနေတဲ့အချိန် စာအုပ်နှစ်မျိုးလုံး ထုတ်ဝေဖြစ်အောင် အဘက်ဘက်မှ ကူညီပံ့ပိုးခဲ့သူများကို ကျေးဇူးတင်ပါတယ်။ ဒီစာအုပ်ရေးစဉ်က ဆုရဖို့ရည်ရွယ်ပြီး ရေးခဲ့တာ မဟုတ်ပေမယ့် နိုင်ငံတော်နဲ့အကဲဖြတ်ဆရာကြီးများက အသိအမှတ်ပြုပေးခဲ့လို့ အထူးပင် ဝမ်းသာကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။ စာရေးတိုင်းလူငယ်တွေအတွက် သင်ခန်းစာယူနိုင်ဖို့၊ မှတ်သားစရာကျန်ခဲ့ဖို့ ရည်ရွယ်ပြီး ရေးဖြစ်တာဖြစ်ပါတယ်။ ဖတ်ဖူးသူတွေသိမှာပါ။ နည်းပညာခေတ်မှာ ကြီးပြင်းလာတဲ့ လူငယ်များအတွက် အလေးအနက် မှာကြားချင်တာကတော့ မိမိရဲ့တန်ဖိုးရှိတဲ့အချိန်တွေကို အချည်းအနှီး ဖြုန်းသုံး ကုန်ဆုံးမနေကြဖို့ပါပဲ။ ရှာဖွေလေတွေ့ရှိလေဆိုသလိုမျိုး အသုံးချစရာ အရင်းအမြစ်မျိုးစုံ ပေါများပြီး လက်တစ်ကမ်းမှာ ရှိနေတာကို သုံးကြပါ။ အသိပညာတွေ ဉာဏ်ရည်ဗဟုသုတတွေ ပြည့်သည်ထက် ပြည့်အောင်ဖြည့်ဆည်းကြပါလို့ မှာကြားချင်ပါတယ်။ ယခု စာအုပ်အပါအဝင် အင်္ဂလိပ်-မြန်မာ စာအုပ်ပေါင်း ၁၀ အုပ် ထုတ်ဝေပြီး မြန်မာဘာသာနဲ့ ဆရာဝန်တင်ရွှေ ဆုတစ်ဆုနဲ့ ထွန်းဖောင်ဒေးရှင်း စာပေဆု တစ်ဆုရခဲ့ပြီး အင်္ဂလိပ်ဘာသာနဲ့က ထွန်းဖောင်ဒေးရှင်းစာပေဆုရခဲ့ပြီး ဖြစ်ပါတယ်။ ယခုလိုအသိအမှတ်ပြုပေးတဲ့ တာဝန်ရှိ ဆရာကြီးများအားလုံး ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ သင်ဆရာ မြင်ဆရာကြားဆရာများနဲ့တကွ ကျေးဇူးတင်ထိုက်သူအားလုံးကို အလေးအနက် ဂါရဝပြုအပ်ပါတယ်။

ဆရာမကြီး ဒေါ်ခင်အေးကျင်(ခေါ်) ဒေါ်အေးအေး(Aye Phyu)သည် မွန်ပြည်နယ် ဘီးလင်းမြို့တွင် ၁၉၄၇ ခုနှစ်၌ မွေးဖွားခဲ့သည်။ မွေးချင်း ၁၁ ယောက်တွင် တတိယမြောက်ဖြစ်ပြီး သထုံမြို့ ဘီစီကျောင်း ယခုအလက(၁)နှင့် အထက(၁)ကျောင်းများ၌ ပညာသင်ကြားခဲ့ပြီး မော်လမြိုင်ကောလိပ်မှ ဥပစာတန်း အောင်မြင်ခဲ့သည်။ ၁၉၆၅ ခုနှစ်တွင် စီးပွားရေးတက္ကသိုလ်မှ B.Com (Accounting)ဘွဲ့ကို ရရှိခဲ့သည်။ ၁၉၆၇ ခုနှစ် R.A စာမေးပွဲတွင် ရွှေတံဆိပ်ရရှိ အောင်မြင်ခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် M.Com ဘွဲ့တို့ကို ရရှိခဲ့သည်။ ၁၉၆၆ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်ထိ ပညာရေးတက္ကသိုလ်နှင့် စီးပွားရေး တက္ကသိုလ်များတွင် နည်းပြ၊ လက်ထောက်ကထိက၊ ကထိကအဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်မှ ၂၀၀၂ ခုနှစ်အထိ ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကလေးများကျောင်း (ISY)တွင် ဆရာမအဖြစ် ဆောင်ရွက်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ် အမျိုးသားစာပေဆုများအနက် အင်္ဂလိပ်ဘာသာ(ရသ)ဆု ကို Aye Phyu ကလောင်အမည်ဖြင့် ရေးသားခဲ့သည့် A Motley Collection of My Works စာအုပ်ဖြင့် ရွေးချယ်ခံခဲ့ရခြင်းဖြစ်သည်။ ဆရာမကြီးသည် ယခုအခါ မိသားစုနှင့်အတူ နေပြည်တော်တွင် နေထိုင်လျက်ရှိသည်။


**ချစ်စုအောင်**
**ကဗျာ(ဂန္ထဝင်)ဆု**


ဒီဆုကြီးဟာ ကျွန်တော်ငယ်စဉ်ကတည်းက စိတ်ကူးယဉ် အိပ်မက်မက်ခဲ့ရတဲ့ ဆုကြီးပါ။ နိုင်ငံတော်က ချီးမြှင့်တဲ့ဆုဆိုတော့ အသိအမှတ်ပြုပေးတဲ့အတွက် အတိုင်းထက်အလွန် ဝမ်းသာပီတိဖြစ်ရပါတယ်။ ၁၉၆၈ ခုနှစ်လောက် ကျွန်တော် ကိုးတန်း စတက်တော့ "အထက်တန်း ကဗျာလက်ရွေးစင်" ဆိုပြီး ကျောင်းသုံး ပြဋ္ဌာန်းတဲ့ကဗျာတွေ စသင်ရတယ်။ ကဗျာတွေကလည်း အကုန်ကောင်း၊ မြန်မာစာဆရာတွေကလည်း အသင်အပြကောင်းတော့ အဲဒီမှာတင် ကဗျာကိုစပြီး စွဲလမ်းသွားတာ။ ကျွန်တော် ကဗျာလေးတွေ အတုမြင် အတတ်သင် စမ်းရေးနေတာကိုတွေ့တော့ ကျွန်တော့်အဖေ (ဦးထွန်းအောင်၊ ခရိုင်ပညာဝန်-ငြိမ်း)က သံပေါက်ကဗျာ ရေးနည်းလေး စသင်ပေးတယ်။ နောက်ကျွန်တော်တို့ရဲ့ မြန်မာစာဆရာ ဦးသန်းဆွေ (ကဗျာဆရာကြီး ဆွေသန်း)က လေးလုံးစပ်နဲ့ အချိုးကဗျာရေးနည်းတွေ သင်ပေးတယ်။ ဒီလိုနဲ့ ကဗျာလေးတွေ စမ်းရေးရင်း ဝါသနာက ခိုင်မာသွားတာ။ လူငယ်ဆိုတော့ ငါကြီးရင် ကဗျာဆရာ လုပ်မယ်ဆိုတဲ့ ဆုံးဖြတ်ချက် ချဖြစ်ခဲ့တာ။ တကယ်လည်း ဘဝကို ကဗျာတွေနဲ့ ဖြတ်သန်းဖြစ်ခဲ့ပါတယ်။ ကျွန်တော်တို့လူမျိုးတွေက ကဗျာကို ချစ်တဲ့လူမျိုးပါ။ "လူလေးရယ်ငို ဖမ်းလို့ပေး"နဲ့ ကလေးဘဝ ဖြတ်သန်းခဲ့တာ။ "အပြန်တစ်ရာကောင်းတဲ့ သံပုရာပေါင်းတွေ" "အသေအလဲ ကောင်းတဲ့ ရေခဲချောင်းတွေ"တဲ့၊ "ဈေးသည်လေးရဲ့ ပါးစပ်ဖျားမှာ ကဗျာရှိတယ်"၊ "ဘာကြောင့်ရပ်ရပ် လမ်းဘေးချရပ်"တဲ့။ လမ်းဘေးဆိုင်းဘုတ်မှာလဲ ကဗျာရှိတယ်။ ဇာတ်ပွဲသွားကြည့်မယ်ဆိုလည်း ကဗျာကို ခွန်းထောက်တွေ၊ ငိုချင်းတွေ၊ ဆိုင်းဆင့်ဇာတ်စကားတွေ အဖြစ် တွေ့ရမှာပါ။ နောက်ဆုံးဘုရားရှိခိုးရင်တောင်မှ "ရှိသေမြတ်နိုးလက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့"တဲ့ ဒါလည်း ကဗျာပဲဗျ။ ကျွန်တော်တို့ လူမျိုးတချို့လည်း ချစ်မှန်းသိသိ၊ တချို့ကလည်း ချစ်မှန်းမသိ ကဗျာကို ချစ်ကြတာ။ ဒါကြောင့် ကျွန်တော့်အနေနဲ့ စာဖတ်ပရိသတ်ကို သတင်းစကားပါးချင်တာက ကဗျာကိုဆက်ချစ်ပါလို့။ ကျွန်တော် ၁၅ နှစ်သား ကျောင်းသားဘဝမှာ ကြက်ခြေနီစာစောင်တို့၊ ယုဝတီဂျာနယ်တို့မှာ ကဗျာလေးတွေ စရေးခဲ့ပါတယ်။ ၁၉၇၈ ခုနှစ်မှာ ပညာတန်ဆောင်မဂ္ဂဇင်းမှာ စတင်ဖော်ပြခံရပါတယ်။ ၁၉၈၂ ခုနှစ်မှာ မြဝတီ၊ ငွေတာရီမဂ္ဂဇင်းကြီးတွေ ကဗျာတွေ ရွေးချယ်ဖော်ပြခံရပါတယ်။ ၁၉၈၇ ခုနှစ်ကျတော့ ရန်ကုန်ပန်တျာကျောင်းမှာ ကဗျာနည်းပြအဖြစ် တာဝန်ထမ်းဆောင်ရပါတယ်။ အဲဒီတုန်းက ကျွန်တော် ကဗျာသင်ပေးခဲ့တဲ့ တပည့်လေးတွေဟာ အခုဆို ဗီဒီယို၊ ရုပ်ရှင်၊ သဘင်လောကမှာ အောင်မြင်နေကြပါပြီ။ ကျွန်တော်သင်ပေးခဲ့တဲ့ ကဗျာတွေဟာ သူတို့အတွက် တစ်စုံတစ်ခုသော အတိုင်းအတာထိ အထောက်အပံ့ဖြစ်ခဲ့တယ်ဆိုတာ သူတို့ကိုယ်တိုင်လည်း သဘောပေါက်ကြပါတယ်။ ၁၉၉၁ ခုနှစ်ကစပြီး အနုပညာဦးစီးဌာန၊ မန္တလေးဌာနခွဲမှာ ဦးစီးအရာရှိ အဆင့်ကနေ ညွှန်ကြားရေးမှူးအဆင့်ထိ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ရာထူးသာ အဆင့်ဆင့်ပြောင်းသွားတာ ဇာတ်သဘင်နဲ့ပတ်သက်တဲ့ ကဗျာလင်္ကာတေးသီချင်းတွေကို နှစ်ပေါင်း၂၀ လောက် စဉ်ဆက်မပြတ် ရေးဖွဲ့ပေးခဲ့ရပါတယ်။ ဗဟိုအဆင့် ဆို၊ က၊ ရေး၊ တီး၊ ပြိုင်ပွဲများမှာလည်း အရေး၊ ပြဇာတ်နဲ့ ဇာတ်ညွှန်းအကဲဖြတ် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ပါတယ်။ စာနယ်ဇင်းများစွာမှာလည်း ယနေ့အထိ ကဗျာ၊ ဝတ္ထု၊ ဆောင်းပါး အပုဒ် ၃၀၀ ခန့် ရေးသားခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်မှာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ရုပ်ရှင်နှင့် ပြဇာတ်ပညာဌာန ပါမောက္ခရာထူးမှ အငြိမ်းစားယူခဲ့ပေမယ့် ကဗျာနဲ့ အနုပညာကိုတော့ ယနေ့အထိ အငြိမ်းစားမယူဘဲ တာဝန်ထမ်းဆောင်နေကြောင်း ပြောလိုပါတယ်။

ကဗျာရေးတဲ့အပိုင်းမှာ အဓိကနှစ်ချက်ရှိပါတယ်၊ အတ္တအလင်္ကာရ အကြောင်းအရာနဲ့ သဒ္ဒအလင်္ကာရ အသံကာရန်ပေါ့။ အကြောင်းအရာက သနားစရာဆိုရင် စိတ်ထဲမှာ သနားပြီး ပျော်စရာဆိုရင်လည်း ရေးနေတုန်းမှာ စိတ်က ပျော်နေတာမျိုး။ ကိုယ်ခံစားတဲ့ အရသာကို ကဗျာဖတ်သူတွေ ခံစားနိုင်ပါစေဆိုပြီး မျှဝေပေးချင်တဲ့ စေတနာကလည်း တဖွားဖွားနဲ့ ကြည်နူးကျေနပ်နေမိတာပေါ့။ အဲဒါကဗျာဆရာရဲ့ဘဝအရသာလို့ ဆိုချင်ပါတယ်။

ဆရာဦးစုအောင် (ချစ်စုအောင်)ကို ချောက်မြို့နယ်၌ ၁၉၅၃ ခုနှစ်တွင် အဘဦးထွန်းအောင်၊ အမိဒေါ်စုစုဝေတို့က မွေးဖွားသည်။ ၁၉၈၀ ပြည့်နှစ်တွင် ဝိဇ္ဇာဘွဲ့ (မြန်မာစာ)ရရှိခဲ့သည်။ ၁၉၇၅ ခုနှစ်မှ ၁၉၈၇ အထိ ရန်ကုန်ပန်တျာကျောင်းတွင် ကဗျာနည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၁ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနတွင် ထမ်းဆောင်ခဲ့သည်။ ၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)တွင် ရုပ်ရှင်နှင့် ပြဇာတ်၊ ၂၀၁၃ ခုနှစ်တွင် ဂုဏ်ထူးဆောင် မဟာဝိဇ္ဇာဘွဲ့ (ရုပ်ရှင်၊ ပြဇာတ်) ချီးမြှင့်ခြင်း ခံရသည်။ ၂၀၂၀ ပြည့်နှစ် အမျိုးသားစာပေဆုကို "မြင်းမိုရ်စိတ်ကူးကဗျာများ" စာအုပ်ဖြင့် ကဗျာ(ဂန္ထဝင်)ဆု ရွေးချယ်ခံရခြင်း ဖြစ်သည်။ ယခုအခါ ဆရာသည် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်တွင် နေထိုင်လျက်ရှိသည်။

**တင်စိုး၊ ဓာတ်ပုံ-အာကာစိုး**




## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၁၃

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ရာခိုင်နှုန်းဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ရာခိုင်နှုန်း ဖြစ်သည်။

မိုး/ဇလ

# တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ပြည်မြို့အတွင်းရှိ ပညာရေးဒီဂရီကောလိပ်နှင့် ပြည်တက္ကသိုလ်သို့သွားရောက်၍ တွေ့ဆုံအားပေးစကားပြောကြား

**ပြည် နိုဝင်ဘာ ၁၃**
ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့်အတူ နိုဝင်ဘာ ၁၂ ရက် မွန်းလွဲပိုင်းက ပြည်မြို့အတွင်းရှိ ပညာရေးဒီဂရီကောလိပ်နှင့် ပြည်တက္ကသိုလ်သို့ သွားရောက်၍ ပညာရေးဆိုင်ရာကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပြည်မြို့ ပြည်ပညာရေးဒီဂရီကောလိပ် ခေတ္တရာခန်းမသို့ သွားရောက်၍ မွမ်းမံသင်တန်းတက်ရောက်နေသည့် အခြေခံပညာဆရာ ဆရာမများအား တွေ့ဆုံအားပေးစကားပြောကြားကာ သင်တန်းတက်ရောက်နေသည့် အခြေခံပညာဆရာ/ဆရာမ ၁၀၇ ဦးအတွက် ထောက်ပံ့ငွေကျပ် ၂၁၄၀၀၀၀၊ တဘက်အကြီး ၁၀၇ ထည်၊ ကျန်းမာရေး အထောက်အကူပြုပစ္စည်းများနှင့် ပညာရေးဒီဂရီကောလိပ်အတွက် သီးခြားထောက်ပံ့ငွေကျပ် ၁၀ သိန်းတို့အား ထောက်ပံ့ပေးအပ်ခဲ့ရာ သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ခေတ္တရာခန်းမ ဥပဓိရုပ်ကောင်းမွန်စေရေး ပြင်ဆင်ဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်တက္ကသိုလ်သို့ သွားရောက်ခဲ့ပြီး သရုပ်ပြနည်းပြ ဆရာ/ဆရာမ သစ်လွင်များ မွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မွန်းမံသင်တန်းတက်ရောက်နေသည့် သရုပ်ပြ၊ နည်းပြ ဆရာ/ဆရာမ ၁၁၉ ဦးအတွက် ထောက်ပံ့ငွေကျပ်၂၃၈၀၀၀၀၊ တဘက်အကြီး ၁၁၉ ထည်၊ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများနှင့် ပြည်တက္ကသိုလ်အတွက် သီးခြားထောက်ပံ့ငွေကျပ် ၁၀ သိန်းတို့အား ထောက်ပံ့ပေးအပ်ခဲ့ပြီး ကျောင်းဝင်းအတွင်း ရေကြီးရေလျှံမှု မဖြစ်ပေါ်စေရေး ရေထုတ်မြောင်းများ ကောင်းမွန်စေရေး ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။



ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်တက္ကသိုလ်ဝင်းအတွင်းရှိ ကျောင်းသူ ၁၉၂ ဦးဆံ့ ရတနာဆောင် တည်ဆောက်ပြီးစီးမှုအခြေအနေနှင့် (၄) ခန်းတွဲ (၄) ထပ် ဆရာ/ဆရာမ အိမ်ရာ တည်ဆောက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**တင်စိုး(ပဲခူး)**

# နမ့်စန်မြို့နယ် ပြည်သူ့ဆေးရုံသို့ အထောက်အကူပြုပစ္စည်းများလှူဒါန်း

**နမ့်စန် နိုဝင်ဘာ ၁၃**
ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်းနှင့် ပြည်နယ်အစိုးရ အဖွဲ့ဝင်များသည် လွိုင်လင်ခရိုင် နမ့်စန်မြို့နယ် ပြည်သူ့ဆေးရုံသို့ နိုဝင်ဘာ ၁၁ ရက်က သွားရောက်ပြီး မြို့နယ် ကျန်းမာရေး ဝန်ထမ်းများနှင့် တွေ့ဆုံအားပေးစကား ပြောကြားကာ ပြည်သူ့ဆေးရုံရှိ ခွဲစိတ်ခန်း၊ Ultrasound ခန်းနှင့် ICU ခန်းမတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမိုးနှင့် ပြည်နယ် သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ်တို့က မြို့နယ်ပြည်သူ့ဆေးရုံအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ပေးအပ်လှူဒါန်းသည့် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၁၅ လုံး၊ Oxygen Concentrator ခြောက်လုံး၊ Flow Meter ၁၀ ခု၊ Surgical Mask ဖာ ၃၀၊ ပိုးသတ်ဆေးရည် သုံးပုံးနှင့် ငွေကျပ် ၁၀ သိန်းတို့ကို ICU ခန်းမရှေ့တွင် ပေးအပ်လှူဒါန်းခဲ့ရာ နမ့်စန်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်မိုးနှင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမျိုးမင်းခိုင်တို့က လက်ခံယူကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဘားအံမြို့နယ် ကြက်ခြေနီအသင်းခွဲရုံး အဆောက်အအုံသစ်ဖွင့်ပွဲကျင်းပ

**ဘားအံ နိုဝင်ဘာ ၁၃**
မြန်မာနိုင်ငံကြက်ခြေနီအသင်း ကရင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီ၏ ကြီးကြပ်မှုဖြင့် ဘားအံမြို့နယ် ကြက်ခြေနီတပ်ဖွဲ့နှင့် အလှူရှင်များ စုပေါင်းလှူဒါန်းဆောက်လုပ်သည့် ဘားအံမြို့နယ် ကြက်ခြေနီအသင်းခွဲရုံး အဆောက်အအုံသစ်ဖွင့်ပွဲကို နိုဝင်ဘာ ၁၁ ရက်က အဆိုပါ ရုံးတည်နေရာ ဘားအံမြို့ မဲဘောင်ရပ်၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ဘားအံမြို့ တောင်ကလေးကျောင်းဆရာတော် ဦးဥတ္တမ၊ ပြည်နယ် သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဂုဏ်ထူးဆောင်နာယက ဒေါက်တာ ဌေးနောင်နှင့် တာဝန်ရှိသူများက အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး ပြည်နယ်ဝန်ကြီးက အမှာစကားပြောကြားသည်။ ယင်းနောက် ဘားအံမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များက ရပ်ရွာလူထုအတွက် လူမှုကရုဏာကူညီမှုလုပ်ငန်းများ၊ ထိခိုက်ဒဏ်ရာ ရှေးဦးပြုစုခြင်းလုပ်ငန်းများ၊ အရေးပေါ် ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများကို သရုပ်ပြတင်ဆက်ကြသည်။

ဘားအံမြို့နယ် ကြက်ခြေနီအသင်းခွဲရုံး အဆောက်အအုံသစ်ကို ဘားအံမြို့နယ် ကြက်ခြေနီတပ်ဖွဲ့နှင့် အလှူရှင်များ ထည့်ဝင်လှူဒါန်းငွေကျပ် သိန်း ၁၅၀ ခန့်ဖြင့် (၅၇ x ၂၁ x ၂၁) ပေရှိ အာရ်စီအမျိုးအစား နှစ်ထပ်အဆောက်အအုံကို ဆောက်လုပ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မလှိုင်မြို့နယ်၌ ခရီးသွားပြည်သူများ ကိုဗစ်-၁၉ ကာကွယ်ရေးညွှန်ကြားချက်များလိုက်နာရန် စစ်ဆေး

**မလှိုင် နိုဝင်ဘာ ၁၃**
မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ တတိယအကျော့ဖြစ်ပွားမှုရာနှုန်း လျော့ကျလာသော်လည်း ရောဂါကူးစက်ပြန့်ပွားမှု ဆက်လက်ထိန်းချုပ်နိုင်စေရန် မြို့နယ်အတွင်း ဖြတ်သန်းသွားလာသည့် ခရီးသည်တင် မော်တော်ယာဉ်များပေါ် လိုက်ပါလာသူများအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များအတိုင်း တိတိကျကျလိုက်နာစေရန် နိုဝင်ဘာ ၁၁ရက်က မြို့အဝင် ကုန်းတဲဂိတ်တွင် စစ်ဆေးသည်။

မြို့နယ် ကိုဗစ်- ၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်နှင့် တာဝန်ရှိသူများက မြို့နယ်အတွင်း ဖြတ်သန်းသည့် မော်တော်ယာဉ်များပေါ် လိုက်ပါလာသူ ခရီးသွားပြည်သူများအား ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်း ရှိ /မရှိ စစ်ဆေးကြခြင်းဖြစ်ကာ ခရီးသည်များအား အပူချိန်တိုင်းတာပေးခြင်း၊ နှာခေါင်းစည်းများ စနစ်တကျတပ်ဆင်ရန်၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ရန်၊ လက်ကို မကြာခဏ ဆေးကြောရန် သတိပေးခြင်း၊ နှာခေါင်းစည်းမတပ်ပါက အခမဲ့ပေးဝေခြင်းများကို ဆောင်ရွက်ကြသည်။

မလှိုင်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဇူလိုင် ၃၁ ရက်မှ စတင်ထိုးနှံပေးခဲ့ရာ အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးထိုးရန် လျာထားဦးရေ ၁၂၂၄၇၄ ဦးရှိပြီး Covidshield ထိုးနှံပြီးသူ ၄၀၄၉ ဦး၊ ဦးတည်အုပ်စုများအလိုက် Sinopharm အမျိုးအစား (ပထမအကြိမ်) ထိုးနှံပြီးသူ ၆၈၃၆ ဦး၊ ဒုတိယအကြိမ် ထိုးနှံပြီးသူ ၁၉၄၅၅ ဦး၊ တတိယအကြိမ် ထိုးနှံပြီးသူ ၁၀၆၃၅ ဦး ထိုးနှံပေးခဲ့ပြီး ဆေးထိုးပြီးမှု ၃၃ ဒသမ ၅ ရာနှုန်းရှိသည်။ ထို့အပြင် အသက် ၁၂ နှစ်နှင့် အထက် ကျောင်းသား ကျောင်းသူများအား Sinovac အမျိုးအစား ကာကွယ်ဆေး ထိုးရန် လျာထားဦးရေ ၆၇၉၀ အနက် ၄၃၅၀ ကို ထိုးနှံနိုင်ခဲ့ပြီး ဆေးထိုးနှံနိုင်မှု ၆၄ ဒသမ ၁ ရာနှုန်းရှိကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**



# ပူတာအိုမြို့နယ် ဂျိမ်းဖော့စာပေနှင့် ရိုးရာယဉ်ကျေးမှုအသင်း ဆောက်လုပ်နိုင်ရန် မတည်အလှူငွေပေးအပ်

**ပူတာအို နိုဝင်ဘာ ၁၃**
ကချင်ပြည်နယ် ပူတာအိုမြို့နယ် ဂျိမ်းဖော့စာပေနှင့် ရိုးရာယဉ်ကျေးမှုအသင်းရုံးဆောက်လုပ်နိုင်ရန်အတွက် မတည်အလှူငွေ ပေးအပ်လှူဒါန်းခြင်းကို နိုဝင်ဘာ ၁၀ ရက်က ပူတာအိုမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ရိပ်သာ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးကျော်မင်းခိုင်က ပူတာအိုမြို့နယ် ဂျိမ်းဖော့စာပေနှင့်ရိုးရာယဉ်ကျေးမှုအသင်းရုံး ဆောက်လုပ်နိုင်ရန်အတွက် ပြည်နယ်အစိုးရအဖွဲ့မှ မတည်လှူဒါန်းငွေကျပ် ၁၀ သိန်းကို လွှဲပြောင်းပေးအပ်လှူဒါန်းပြီး ရဝမ်၊ လီဆူ၊ ရှမ်းစာပေနှင့်ယဉ်ကျေးမှုအသင်းကလည်း အလှူငွေကျပ် နှစ်သိန်းစီကို မြို့နယ်ဂျိမ်းဖော့စာပေနှင့် ရိုးရာယဉ်ကျေးမှုအသင်း တာဝန်ရှိသူများထံသို့ လှူဒါန်းသည်။

ဆက်လက်၍ ဗန်းမော်ခရိုင် ကချင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌ ဦးဖော်လုလဂမ်က အလှူရှင် ဦးစိုင်းလတ်က မြို့နယ်ဂျိမ်းဖော့စာပေနှင့် ယဉ်ကျေးမှုအသင်းရုံးဆောက်လုပ်ရန်အတွက် လှူဒါန်းငွေကျပ်သိန်း ၅၀ ကို အလှူရှင်ကိုယ်စား မြို့နယ် ဂျိမ်းဖော့စာပေနှင့်ယဉ်ကျေးမှုအသင်း တာဝန်ရှိသူများထံ လှူဒါန်းရာ ယဉ်ကျေးမှုအသင်း တာဝန်ရှိသူများက လက်ခံရယူသည်။

**ခရိုင်(ပြန်/ဆက်)**

# ပါရီညီလာခံ၌ လစ်ဗျားငြိမ်းချမ်းရေး ဆွေးနွေး

ထရီပိုလီ နိုဝင်ဘာ ၁၃

**အပြည်ပြည်ဆိုင်ရာဆွေးနွေးပွဲ၌ ကမ္ဘာ့ခေါင်းဆောင်များတွေ့ဆုံပြီး လစ်ဗျားနိုင်ငံအရေး ဆွေးနွေးခဲ့ကြသည်။ လာမည့်လအတွင်း စစ်ဘေးဒဏ်ခံ လစ်ဗျားနိုင်ငံ၌ ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။**

နိုဝင်ဘာ ၁၂ ရက်တွင် ကျင်းပသည့် ပါရီညီလာခံကို ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည်။ အဆိုပါ ညီလာခံသို့ ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်၊ အမေရိကန် ဒုတိယသမ္မတ ကာမလာဟားရစ်၊ ဂျာမနီဝန်ကြီးချုပ် အင်ဂျလာမာကယ်နှင့် နိုင်ငံအကြီးအကဲများ တက်ရောက်ခဲ့ကြသည်။

မြောက်အာဖရိကနိုင်ငံသို့ အပြည်ပြည်ဆိုင်ရာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေး အုပ်စု စေလွှတ်ရန်နှင့် ပြီးခဲ့သည့်နှစ်အတွင်း ပြုလုပ်ခဲ့သည့် အပစ်အခတ်ရပ်စဲရေးကို စောင့်ကြည့်မှုများပြုလုပ်ရန် သဘောတူခဲ့သည်။ လစ်ဗျားပြည်တွင်းစစ်အတွင်း ပါဝင်ခဲ့ကြသည့် နိုင်ငံခြားသားတပ်ဖွဲ့များကို ပြန်လည်ဆုတ်ခွာစေရေးအတွက်လည်း ညီလာခံသို့ တက်ရောက်လာကြသည့်နိုင်ငံများက တောင်းဆိုခဲ့ကြသည်။

လစ်ဗျားနိုင်ငံအတွင်း ပဋိပက္ခများကြောင့် အရှေ့ပိုင်းနှင့် အနောက်ပိုင်းဟူ၍ နှစ်ပိုင်းကွဲနေသည်။ လစ်ဗျားနိုင်ငံ၌ တိုင်းပြည်စည်းလုံးညီညွတ်စေရန် ရည်ရွယ်ချက်ဖြင့် ပါလီမန်ရွေးကောက်ပွဲနှင့် သမ္မတရွေးကောက်ပွဲကို ဒီဇင်ဘာ ၂၄ ရက်တွင်ပြုလုပ်ရန် စီစဉ်ထားသည်။

**အင်န်အိတ်ချ်ကေ**




ဂျာမနီဝန်ကြီးချုပ် အင်ဂျလာမာကယ်၊ ပြင်သစ်သမ္မတ မက်ခရွန်၊ လစ်ဗျားသမ္မတကောင်စီ အကြီးအကဲ မိုဟာမက်အယ်မန်ဖီနှင့် အီတလီဝန်ကြီးချုပ် မာရီယိုဒရက်ဂီတို့ကို တွေ့ရစဉ်။

## အိန္ဒိယနိုင်ငံတောင်ပိုင်းနှင့် သီရိလင်္ကာနိုင်ငံတို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူ ၄၀ နီးပါး သေဆုံး

**နယူးဒေလီ နိုဝင်ဘာ ၁၃**

အိန္ဒိယနိုင်ငံ တောင်ပိုင်းနှင့် သီရိလင်္ကာနိုင်ငံတို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုဖြစ်ပေါ်ပြီး လူ ၄၀ နီးပါး သေဆုံးခဲ့ရသည်ဟု သိရသည်။

ယခုနှစ်အတွင်း ပုံမှန်မဟုတ်ဘဲ ရွာသွန်းသည့်မိုးလည်း ဖြစ်သည်။ တမီးလ်နာဒူပြည်နယ်၌ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ၁၄ ဦး သေဆုံးခဲ့ရသည်။ လမ်းမများနှင့် နေအိမ်များမှာ ရေလွှမ်းမိုးမှုကြောင့် ရေမြုပ်ခဲ့ရသည်။ ပြည်နယ်မြို့တော် ချန်နိုင်းတွင်လည်း အဆိုးရွားဆုံး ထိခိုက်ခံစားရပြီး ဒေသခံအများစုမှာ ရေကြီးမှုဒဏ်ကို အများဆုံးခံစားခဲ့ရသည်။ အနိမ့်ပိုင်းဒေသမှ ဒေသခံ ပြည်သူများကိုလည်း ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။



သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ ဆင်ခြေဖုံးရပ်ကွက်၌ ရေလွှမ်းမှုကို တွေ့ရစဉ်။

ကျောင်းများ ပိတ်ထားရပြီး လေကြောင်းလိုင်းနှင့် ရထားလိုင်းများမှာလည်း အသွားအလာ ပြတ်တောက်ခဲ့ရသည်။ သီရိလင်္ကာနိုင်ငံတွင်လည်း လူ ၂၅ ဦး ထက်မနည်း သေဆုံးခဲ့ရသည်။ မြေပြိုမှုကြောင့် ငါးဦး ဒဏ်ရာရရှိခဲ့ပြီး လူပေါင်း ၂၀၀၀၀၀ ကျော် ထိခိုက်ခံစားခဲ့ရသည်။

**အင်န်အိတ်ချ်ကေ**

## Johnson & Johnson ကုမ္ပဏီကို ကုမ္ပဏီနှစ်ခုအဖြစ် ပြောင်းလဲရန်အစီအစဉ်ရှိ

**နယူးယောက် နိုဝင်ဘာ ၁၃**

အမေရိကန် ဆေးဝါးကုမ္ပဏီကြီးဖြစ်သည့် Johnson & Johnson သည် စီမံခန့်ခွဲမှုများကို ချောမွေ့စေရန်အတွက် ကုမ္ပဏီနှစ်ခုအဖြစ်သို့ ပြောင်းလဲရန် အစီအစဉ်ရှိကြောင်း ကြေညာခဲ့သည်။

ကုမ္ပဏီတစ်ခုမှာ ဝယ်ယူသူများအတွက် ဝန်ဆောင်မှုကို လုပ်ဆောင်ပေးမည် ဖြစ်ပြီး နောက်တစ်ခုမှာ ဆေးအညွှန်းများနှင့် ဆေးပညာပိုင်းဆိုင်ရာ အကြံဉာဏ်များကို လုပ်ဆောင်သွားမည်ဖြစ်သည်။

ဆေးအညွှန်းများနှင့် ဆေးပစ္စည်းများကို Johnson & Johnson အမည်အောက်တွင် ဆက်လက်ထားရှိ သွားမည်ဖြစ်သည်။ ယခုလိုပြုလုပ်ရခြင်းမှာ ကုမ္ပဏီအတွက် ကောင်းမွန်သည့် လုပ်ဆောင်မှု ဖြစ်ကြောင်းနှင့် ကမ္ဘာတစ်ဝန်းရှိ ပြည်သူများအတွက် ကျန်းမာရေးဆိုင်ရာ ရလဒ်များ တိုးတက်ကောင်းမွန်လာစေရေး အတွက်လည်း အကောင်းဆုံးနည်းလမ်း ဖြစ်သည်ဟု ကုမ္ပဏီစီအီးအို အဲလက်စ်ဂေါ်စကီက ပြောသည်။

အဓိက စီးပွားရေးလုပ်ငန်းကြီးများသည် ကုမ္ပဏီကို ခွဲခြမ်းမှုများ ပြုလုပ်လာကြသည်။ ပြီးခဲ့သည့် သီတင်းပတ်အတွင်းကလည်း ဂျန်နရယ် လျှပ်စစ်ကုမ္ပဏီသည် ၎င်းတို့၏ လုပ်ငန်းစုကြီးကို အများပြည်သူများ ရောင်းဝယ်ဖောက်ကားသည့် ကုမ္ပဏီခွဲသုံးခုအဖြစ်သို့ ခွဲထုတ်သွားမည်ဟု ကြေညာခဲ့သည်။

နိုဝင်ဘာ ၁၂ ရက်ကလည်း ဂျပန်အခြေစိုက် တိုရှီဘာကုမ္ပဏီသည် ၎င်းတို့၏ လုပ်ငန်းကို သီးခြား စီးပွားရေးလုပ်ငန်းသုံးခုအဖြစ်သို့ ခွဲထုတ်သွားမည်ဟု ကြေညာခဲ့သည်။

**အင်န်အိတ်ချ်ကေ**




## ဥရောပ၌ တစ်ပတ်တာအတွင်း ကိုဗစ်–၁၉ ကူးစက်မှု အများဆုံးဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဖော်ပြ

**ဂျီနီဗာ နိုဝင်ဘာ ၁၃**

ပြီးခဲ့သည့် သီတင်းပတ်အတွင်း ဥရောပ၌ ကိုဗစ်–၁၉ နောက်ထပ်ကူးစက်မှုပေါင်း နှစ်သန်းရှိခဲ့ရာ ကပ်ရောဂါ စတင်ဖြစ်ပွားသည့်အချိန်မှစတင်၍ အများဆုံးပမာဏဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက နိုဝင်ဘာ ၁၂ ရက်တွင် ဖော်ပြထားသည်။

**သေဆုံးသူ ၂၇၀၀၀ နီးပါးရှိ**

ဥရောပတစ်လွှား ကိုဗစ်–၁၉နှင့် ဆက်စပ်ပြီး သေဆုံးသူဦးရေမှာလည်း ၂၇၀၀၀ နီးပါးရှိလာခဲ့သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ညွှန်ကြားရေးမှူး တက်ဒရို့စ်အက်ဒ်ဟာနွန်ဂီဘရီယက်ဆုက ပြောသည်။

**ကူးစက်မှုမြင့်မား**

ကိုဗစ် – ၁၉ ကူးစက်မှုများမှာ ကာကွယ်ဆေးထိုးပေးနိုင်မှု နိမ့်ပါးသည့် အရှေ့ဥရောပနိုင်ငံများတွင်သာ ကူးစက်မှု မြင့်မားသည်မဟုတ်ဘဲ ကာကွယ်ဆေးထိုးပေးနိုင်မှုမြင့်မားသည့် အနောက်ဥရောပနိုင်ငံများတွင်လည်း အဖြစ်များကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## တူရကီနိုင်ငံ၌ ကိုဗစ် – ၁၉ နောက်ထပ်ကူးစက်ခံရသူ ၂၃၆၃၇ ဦး ထပ်မံတွေ့ရှိ

**အင်ကာရာ နိုဝင်ဘာ ၁၃**

တူရကီနိုင်ငံ၌ နိုဝင်ဘာ ၁၂ ရက်က ကိုဗစ် – ၁၉ နောက်ထပ်ကူးစက်ခံရသူဦးရေ ၂၃၆၃၇ ဦး ထပ်မံတွေ့ရှိခဲ့ပြီး ကူးစက်ခံရသူစုစုပေါင်းမှာ ၈၃၆၃၉၅၉ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

**ကာကွယ်ဆေးထိုးနှံမှုများ**

တူရကီ၌ ကိုဗစ်–၁၉ ကြောင့် သေဆုံးသူနှုန်းမှာလည်း ၂၁၇ ဦး တိုးလာရာ စုစုပေါင်းသေဆုံးသူ ၇၃၁၂၇ ဦး ရှိလာခဲ့သည်။ တူရကီနိုင်ငံသည် ဇန်နဝါရီ ၁၄ ရက်မှစတင်ကာ ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းများကို စတင်ခဲ့သည်။ ပထမတစ်ကြိမ် ကာကွယ်ဆေးထိုးပြီးသည့် ၅၅ ဒသမ ၇၉ သန်းကျော်ရှိပြီး ဒုတိယအကြိမ် ကာကွယ်ဆေးထိုးပြီးသည့် အရေအတွက်မှာ ၄၉ ဒသမ ၅၅ သန်း ရှိသည်။ တူရကီနိုင်ငံသည် တတိယအကြိမ် ကာကွယ်ဆေးအပါအဝင် ကာကွယ်ဆေးအလုံးရေ ၁၁၈ ဒသမ ၂၁ လုံး ထိုးနှံပေးခဲ့ပြီးဖြစ်သည်။

**ဆင်ဟွာ**

# ရာသီဥတုခြိမ်းခြောက်မှုကို ရင်ဆိုင်နိုင်ရန် ထရီလီယံပေါင်းများစွာကုန်ကျမည်ဖြစ်

---- နှင်းမိုးအိမ် ----

ကမ္ဘာ့နေရာအနှံ့အပြားရှိ ရာသီဥတုပြောင်းလဲဖောက်ပြန်မှုကြောင့် မိုးခေါင်မှု၊ ရေကြီးမှု၊ အပူလှိုင်းနှင့် အပူပိုင်းမုန်တိုင်းကြီးများနှင့် ရင်ဆိုင်နေရသည့် နိုင်ငံများတွင် အဆိုပါပြဿနာများ ကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် ဒေါ်လာထရီလီယံနှင့်ချီကာ လိုအပ်မည်ဟု ကုလသမဂ္ဂအစီရင်ခံစာမူကြမ်းတစ်ခုတွင် ဖော်ပြထားသည်ဟု အေအက်ဖ်ပီတွင် ဖော်ပြထားသည်။

### အဓိကအကြောင်းအရာဖြစ်လာ

ရာသီဥတုပြောင်းလဲဖောက်ပြန်မှုကြောင့် ထိခိုက်ခံစားရသည့်နိုင်ငံများကို ကူညီရန်မှာ ဘီလီယံမျှဖြင့် မလုံလောက်ကြောင်း COP 26 အစည်းအဝေး၌ တင်ပြသည့် ကုလသမဂ္ဂအစီရင်ခံစာမူကြမ်းတစ်ခုတွင် ဖော်ပြထားသည်။ ထိခိုက်ခံစားရသည့်နိုင်ငံများအတွက် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံပေးရန် ချမ်းသာသည့်နိုင်ငံများ၏ ပျက်ကွက်မှုကြောင့် ဂလက်စကိုမြို့တွင် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဆွေးနွေးမှုဖြစ်လာရန် အဓိကအကြောင်းအရာ ဖြစ်လာခဲ့သည်ဟု သိရသည်။

### ကုန်ကျစရိတ်ပိုမိုများပြားလာမည်ဖြစ်

ကမ္ဘာ့ထိပ်တန်းရာသီဥတုသိပ္ပံဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း (အိုင်ပီစီစီ)၏ အစီရင်ခံစာအရ ရှောင်လွှဲမရနိုင်သည့် အကျိုးဆက်များအတွက် လိုအပ်သည့် အခြေခံငွေကြေးပမာဏမှာ အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံထက် ပို၍များပြားကြောင်း သိရသည်။ အဆိုပါ အစီရင်ခံစာကို လာမည့်နှစ်အစောပိုင်းတွင် ထုတ်ပြန်သွားရန် ရည်ရွယ်ထားသည်။ ရေကြီးမှုခံစား ရသည့်မြို့များ၊ အစားအစာပြတ်လပ်မှုများ၊ ကြောက်မက်ဖွယ်အပူဒဏ် နှင့် လူအစုလိုက်အပြုံလိုက် ရွှေ့ပြောင်းနေထိုင်မှုကြောင့် ကုန်ကျစရိတ် မှာ ပိုမိုများပြားလာမည်ဖြစ်သည်။ ကုန်ကျစရိတ်များမှာ ယခင် ခန့်မှန်းထားသည်ထက်ပင် ပို၍များပြားလာမည်ဟု ခန့်မှန်းထားသည်။

### လုံလောက်မှုမရှိ

ဘဏ္ဍာရေးလိုအပ်ချက်ကွာဟမှုမှာလည်း များပြားလာမည်ဖြစ်သည်ဟု စာမျက်နှာ ၄၀၀၀ ရှိ အစီရင်ခံစာတွင် ဖော်ပြထားသည်။ ရန်ပုံငွေအတွက် လက်ရှိချမှတ်ထားသည့် အစီအစဉ်များမှာ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာမည့် ဆိုးကျိုးများကို ရင်ဆိုင်နိုင်ရန်အတွက် လုံလောက်မှုမရှိပေ။

စက်မှုမတိုင်မီခေတ်မှ ယခုအချိန်အထိ ကမ္ဘာမြေမျက်နှာပြင်မှာ ၁ ဒသမ ၁ ဒီဂရီဆဲလ်စီးရပ်စ် ပူနွေးလာသည်။ အပူချိန်ပိုမိုမြင့်မားလာလေလေ ရာသီဥတုကြောင့် ကျရောက်လာသည့် ကပ်ဆိုးအန္တရာယ်မှ ကာကွယ်ရန် ကုန်ကျစရိတ်မှာလည်း ပိုမိုမြင့်မားလာမည်ဖြစ်သည်ဟု ကမ္ဘာ့ထိပ်တန်းရာသီဥတုသိပ္ပံဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းဖြစ်သည့် အိုင်ပီစီစီက သတိပေးထားသည်။

### ထရီလီယံနှင့်ချီ၍ ကုန်ကျမည်

၂၀၅၀ ပြည့်နှစ်သို့ရောက်လျှင် ဘဏ္ဍာရေးမှာ နှစ်စဉ် ထရီလီယံနှင့်ချီ၍ ကုန်ကျလိမ့်မည်ဟုလည်း သတိပေးထားသည်။ အပူချိန် ၂ ဒီဂရီတွင် အာဖရိကတိုက်တစ်ခုတည်း၌ လိုက်လျောညီထွေဖြစ်စေရန် ကုန်ကျစရိတ်မှာ နှစ်စဉ် ဘီလီယံနှင့်ချီ၍ ရှိမည်ဖြစ်သည်။ အစီရင်ခံစာ၏ အဓိကဆောင်းပါးရှင်များအပါအဝင် သိပ္ပံပညာရှင်အများစုမှာ ဂလက်စကိုမြို့ အစည်းအဝေးမတိုင်မီ ၎င်းတို့၏ရှာဖွေတွေ့ရှိမှုများကို ဖော်ပြခြင်း မပြုသည့်အတွက် နောင်တရကြောင်း ပြောသည်။

**＊ ၂၀၂၀ ပြည့်နှစ်ရောက်လျှင် အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံပေးအပ်ရန် ကတိကဝတ်မှာ ယခုအခါ ၂၀၂၃ ခုနှစ်သို့ ရွှေ့ပြောင်းလိုက်ပြီဖြစ်သည်။ ထို့ကြောင့် ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်ခံစားရသည့်နိုင်ငံများမှာ ရှောင်လွှဲမရနိုင်သည့် အကျိုးဆက်များနှင့် ရင်ဆိုင်ရတော့မည်**

**＊ အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံ ကတိကဝတ်မှာ ခေတ်မမီတော့ကြောင်း ဘောဂဗေဒပညာရှင်တစ်ဦးဖြစ်သူ ရေချယ်ကလီးတပ်စ်က ပြောသည်။ လက်တွေ့ဖြစ်ပျက်နေသည့် အကြောင်းအရာများမှာ ယခင်ကတိပြုထားသည့် ငွေကြေးပမာဏဖြင့် လုံလောက်မှုမရှိတော့ဟု ၎င်းကဆက်လက်ပြောကြားခဲ့**

တစ်ချိန်တည်းမှာပင် ကျွမ်းကျင်သူများနှင့် သံတမန်များသည် COP 26 အစည်းအဝေး ဆွေးနွေးပွဲ စားပွဲဝိုင်းပေါ်မှ အချက်အလက်များထက်ပို၍ ကြီးမားသော အချက်အလက်များကို အကဲဖြတ်ရန် စတင်နေပြီဖြစ်သည်။

### အကျိုးဆက်များနှင့်ရင်ဆိုင်ရတော့မည်

၂၀၂၀ ပြည့်နှစ်ရောက်လျှင် အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံ ပေးအပ်ရန် ကတိကဝတ်မှာ ယခုအခါ ၂၀၂၃ ခုနှစ်သို့ ရွှေ့ပြောင်းလိုက်ပြီဖြစ်သည်။ ထို့ကြောင့် ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်ခံစားရသည့်နိုင်ငံများမှာ ရှောင်လွှဲမရနိုင်သည့် အကျိုးဆက်များနှင့် ရင်ဆိုင်ရတော့မည်ဖြစ်သည်။

အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံကတိကဝတ်မှာ ခေတ်မမီတော့ကြောင်း ဘောဂဗေဒပညာရှင်တစ်ဦးဖြစ်သူ ရေချယ်ကလီးတပ်စ်က ပြောသည်။ လက်တွေ့ဖြစ်ပျက်နေသည့် အကြောင်းအရာများမှာ ယခင်ကတိပြုထားသည့် ငွေကြေးပမာဏဖြင့် လုံလောက်မှုမရှိတော့ဟု ၎င်းကဆက်လက်ပြောကြားခဲ့သည်။

### နှစ်ဆမြင့်တက်လာနိုင်

၂၀၂၅ ခုနှစ်အတွက် ကုန်ကျမည့်ဘဏ္ဍာရေးအခြေအနေကို ဆွေးနွေးသည့်အခါ အမှန်တကယ်လိုအပ်သည့်ငွေကြေးမှာ ထရီလီယံနှင့်ချီ၍ လိုအပ်မည်ဟုလည်း ၎င်းကဆက်ပြောသည်။ ဒေါ်လာ ၁၀၀ ဘီလီယံငွေကြေးမှာ ဖွံ့ဖြိုးဆဲကမ္ဘာအတွက် အမှန်တကယ်လိုအပ်သည့်ပမာဏပင် မရှိဟု အာဖရိက Think Tank အဖွဲ့မှ မိုဟာမက် အဒိုးက အေအက်ဖ်ပီသို့ ပြောသည်။ ပူနွေးလာမှုမှာ ၂ ဒီဂရီ ဆဲလ်စီးရပ်စ် ဖြစ်လာလျှင် သမုဒ္ဒရာများမှာ နှစ်ဆမြင့်တက်လာနိုင်သည်ဟု ခန့်မှန်းထားကြသည်။

### ဝန်ထုပ်ဝန်ပိုးများနှင့်ကြုံလာရမည်

အနိမ့်ပိုင်းရှိမြို့များတွင် အခက်တွေ့လာနိုင်သည်။ ရေလွှမ်းမိုးမှုကြောင့် နှစ်စဉ်အာဖရိကတွင် လူပေါင်း ၂ ဒသမ ၇ သန်း ရွှေ့ပြောင်းနေရသည်။ ကောက်ပဲသီးနှံအထွက်နှုန်းများလည်း လျော့ကျလာမည်ဖြစ်သည်။ အာဟာရချို့တဲ့မှုများလည်း ဖြစ်ပေါ်လာမည်ဖြစ်သည်။

အပူလှိုင်းများကြောင့် ထုတ်လုပ်မှုစွမ်းအားကို ထိခိုက်စေမည်ဖြစ်ကာ ကျန်းမာရေးစောင့်ရှောက်မှုစနစ်တွင်လည်း ဝန်ထုပ်ဝန်ပိုးများနှင့် တွေ့ကြုံလာရမည်ဖြစ်သည်။ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာမည့် ကုန်ကျစရိတ်များကို ရှောင်ရှားနိုင်ရေးအတွက် သင့်တင့်လျောက်ပတ်သည့် ပတ်ဝန်းကျင်ဖြစ်အောင် ထိန်းညှိရသည့် ရင်းနှီးမြှုပ်နှံမှုမှာ အကောင်းဆုံးဖြစ်မည်ဟု အိုင်ပီစီစီ၏အစီရင်ခံစာတွင်ဖော်ပြထားသည်။

### တိတိကျကျအကဲဖြတ်ရမည်

လိုက်လျောညီထွေဖြစ်အောင် ထိန်းညှိခြင်းနှင့် ရွှေ့ပြောင်းနေထိုင်မှုတို့ကြား ကုန်ကျစရိတ်ကို တိတိကျကျအကဲဖြတ်ရမည်ဟု ဒိုမီနီကန်သမ္မတနိုင်ငံမှ ဦးဆောင်ညှိနှိုင်းရေးမှူး မက်စ်ပူအီက ပြောသည်။ ယခုလအစောပိုင်းအတွင်း ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင် အစီအစဉ်၏ အစီရင်ခံစာတွင် ဖော်ပြထားသော လိုက်လျောညီထွေဖြစ်အောင် ပြုလုပ်မှုကွာခြားချက်တွင် ဘဏ္ဍာရေးလိုအပ်ချက်မှာ ၂၀၃၀ ပြည့်နှစ်တွင် ဒေါ်လာ ၃၀၀ ဘီလီယံနီးပါး ကုန်ကျမည်ဖြစ်ပြီး ၂၀၅၀ ပြည့်နှစ်အရောက်တွင် ဒေါ်လာ ၅၀၀ ဘီလီယံအထိ မြင့်မားလာမည်ဟု ဖော်ပြထားသည်။

### တောင်းဆိုခဲ့ကြ

COP 26 အစည်းအဝေးတွင် ဖွံ့ဖြိုးပြီးနိုင်ငံများအနေဖြင့် ၂၀၃၀ ပြည့်နှစ်မှစတင်ကာ တစ်နှစ်လျှင် အနည်းဆုံး အမေရိကန်ဒေါ်လာ ၆၅၀ ဘီလီယံ စုဆောင်းကြရန် တောင်းဆိုခဲ့ကြသည်။ ချမ်းသာသည့်နိုင်ငံများသည် အရေးပေါ်လိုအပ်ချက်ကို နားလည်ရမည်ဖြစ်ပြီး အနည်းငယ်မျှ ဖြေရှင်းရုံမျှဖြင့် လုံလောက်မှုမရှိသည်ကို နားလည်ရမည်ဟုလည်း ပြောကြားခဲ့သည်။ **ကိုးကား – အေအက်ဖ်ပီ**



# နိုဝင်ဘာ ၁၃ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၈၃၁ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ ၁၄ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၁၈၉၁၃ ဦးရှိ

**(၁၃–၁၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၂–၁၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၃–၁၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၅,၉၂၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၈၃၁) ဦးတွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၃.၂၁) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၁၈၇,၂၂၃)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၁၂,၅၄၈) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၆၅၃) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၈၃,၅၃၀) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁၄) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၈,၉၁၃) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၁၃–၁၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၀၂၉) ခု | (၂၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၄၂) ခု | (၃) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၃၃) ခု | (၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၇) ခု | (၃) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၅၇) ခု | (၂၁) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၂၉၁) ခု | (၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၁၆) ခု | (၂၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၂,၂၁၃) ခု | (၇၅၂) ဦး |
| **စုစုပေါင်း** | (၂၅,၉၂၈ ) ခု | (၈၃၁) ဦး |

- ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု အခြေအနေများအား ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုရေး ရက်သတ္တပတ်အလိုက် ဓာတ်ခွဲနမူနာရယူစစ်ဆေးမှု၊ ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိရမှုနှင့် ရောဂါပိုးတွေ့ရှိမှုနှုန်း အခြေအနေများအား စောင့်ကြပ်ကြည့်ရှုလျက်ရှိရာ အပတ်စဉ်အလိုက် ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိမှုနှင့် ပျမ်းမျှရောဂါပိုးတွေ့ရှိမှုနှုန်းများမှာ (၅)ရာခိုင်နှုန်းအောက်သို့ စတင်လျော့နည်းကျဆင်းလာကြောင်း တွေ့ရှိရပါသည်။ သို့ရာတွင် ပြည်သူလူထုအကြား မြုပ်ကွယ်နေသည့် ကိုဗစ်–၁၉ ရောဂါပိုး ရှိနေသူများ (ဥပမာ– ရောဂါလက္ခဏာ မပြသော်လည်း ရောဂါပိုးရှိနေသူများ၊ သံသယရောဂါလက္ခဏာများ ရှိ၍ ရောဂါပိုးရှိနေနိုင်သော်လည်း ကျန်းမာရေးဌာနသို့ သတင်းပေးပို့ခြင်း မရှိသူများ) ထံမှ ရောဂါပိုးအဆင့်ဆင့် ဆက်လက်ကူးစက်၍ ရောဂါဖြစ်ပွားမှုများ ပြန်လည်မြင့်တက်လာခြင်း မရှိစေရန်နှင့် ရောဂါကူးစက်ဖြစ်ပွားမှု ဆက်လက်လျော့ကျလာစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပြည်သူလူထုအနေဖြင့် မိမိတို့ကဏ္ဍအလိုက် ယခုထက် ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်၍ အောက်ပါအချက်များကို တိကျစွာလိုက်နာကြပါရန် ဖြစ်ပါသည်။
  - **အတတ်နိုင်ဆုံး မိမိတို့၏ နေအိမ်များတွင်သာ နေထိုင်ခြင်းနှင့် လူစုလူဝေးကို တတ်နိုင်သမျှ ရှောင်ကြဉ်ခြင်း၊**
  - **နေအိမ်ပြင်ပသို့ သွားရောက်ရန်နှင့် လူအများစုဝေးရာသို့ သွားရောက်ရန်များရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊**
  - **လက်ကို မကြာခဏဆေးကြောခြင်း၊**
  - **တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ခြင်း၊**
  - **အလှည့်ကျရရှိလာသည့် ကာကွယ်ဆေးထိုးနှံမှုကို အကြိမ်ပြည့် မပျက်မကွက်ခံယူခြင်း၊**
  - **သံသယရောဂါလက္ခဏာ တစ်စုံတစ်ရာရှိပါက မိမိဘာသာကုသခြင်းမျိုး မဆောင်ရွက်ဘဲ နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံး ဆက်သွယ်သတင်းပေးပို့၍ မိမိနှင့်အနီးကပ်ထိတွေ့သူများအား ကျန်းမာရေးဌာနက စုံစမ်းရှာဖွေဖော်ထုတ်ရာတွင် သတင်းပေးပို့ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊**
  - **ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ဆက်စပ်ခဲ့သူများသည်လည်း ကျန်းမာရေးဌာနသို့ သတင်းပေးပို့၍ အသွားအလာကန့်သတ်ခြင်းနှင့် ဓာတ်ခွဲစစ်ဆေးခြင်းလုပ်ငန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊**
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ၁၃- ၁၁ - ၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၇၈၃၄၈၁၀ | ၃၇၈၄၆၃၀၅ | ၇၈၂၉၃၃ |
| ၂။ | အိန္ဒိယ | ၃၄၄၂၆၀၃၆ | ၃၃၈၂၆၄၈၃ | ၄၆၃၂၄၅ |
| ၃။ | ဘရာဇီး | ၂၁၉၄၀၉၅၀ | ၂၁၁၃၈၅၈၄ | ၆၁၀၉၃၅ |
| ၄။ | ဗြိတိန် | ၉၄၈၇၃၀၂ | ၇၇၅၈၆၂၅ | ၁၄၂၆၇၈ |
| ၅။ | ရုရှား | ၉၀၃၁၈၅၁ | ၇၇၅၄၇၆၄ | ၂၅၄၁၆၇ |
| ၆။ | တူရကီ | ၈၃၆၃၉၅၉ | ၇၈၄၃၁၅၅ | ၇၃၁၂၇ |
| ၇။ | ပြင်သစ် | ၇၂၆၀၅၀၃ | ၇၀၀၂၇၄၂ | ၁၁၈၁၂၁ |
| ၈။ | အီရန် | ၆၀၃၁၅၇၅ | ၅၆၈၃၄၅၈ | ၁၂၈၀၄၂ |
| ၉။ | အာဂျင်တီးနား | ၅၃၀၄၀၅၉ | ၅၁၆၉၆၉၇ | ၁၁၆၂၂၂ |
| ၁၀။ | စပိန် | ၅၀၄၇၁၅၆ | ၄၈၈၉၈၀၁ | ၈၇၆၇၃ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၁၃– ၁၁ – ၂၀၂၁

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၅၀၅၁၆ | ၄၀၉၇၆၇၅ | ၁၄၃၆၄၄ |
| ဖိလစ်ပိုင် | ၂၈၁၅၀၈၀ | ၂၇၄၀၄၂၆ | ၄၅၂၇၂ |
| မလေးရှား | ၂၅၃၅၃၃၈ | ၂၄၄၁၄၈၅ | ၂၉၅၇၆ |
| ထိုင်း | ၂၀၁၁၃၃၁ | ၁၈၉၅၉၂၉ | ၁၉၉၈၇ |
| ဗီယက်နမ် | ၁၀၁၈၃၄၆ | ၈၅၈၀၅၄ | ၂၃၀၁၈ |
| မြန်မာ | ၅၁၂၅၄၈ | ၄၈၃၅၃၀ | ၁၈၉၁၃ |
| စင်ကာပူ | ၂၃၃၁၇၆ | ၂၀၇၉၈၃ | ၅၆၂ |
| ကမ္ဘောဒီးယား | ၁၁၉၄၈၁ | ၁၁၅၈၆၂ | ၂၈၆၁ |
| လာအို | ၅၂၁၇၅ | ၄၁၆၅၉ | ၉၄ |
| ဘရူနိုင်း | ၁၄၁၇၂ | ၁၃၄၄၇ | ၉၆ |

# စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြု "တူယှဉ်နွဲပျော် ဂီတပွဲတော်" တေးသီချင်းပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်များ စိစစ်ရွေးချယ်

**နေပြည်တော် နိုဝင်ဘာ ၁၃**

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်တွင် ကျရောက်မည့် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုသည့် အစီအစဉ်အဖြစ် " တူယှဉ်နွဲပျော် ဂီတပွဲတော်" တေးသီချင်းသီဆိုမှု ပြိုင်ပွဲနှင့် ဖျော်ဖြေပွဲကို ပြန်ကြားရေးဝန်ကြီးဌာနက ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို အမျိုးသားရေးဦးတည်ချက်(၅)ရပ်ကို အခြေခံ၍ စိန်ရတုပြည်ထောင်စုနေ့ကို ပြည်သူများ မှတ်မှတ်ထင်ထင် သိရှိပြီး စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရန်နှင့် ကိုဗစ်-၁၉ ကပ်ရောဂါ ကာလအတွင်း ကိုယ်၊ စိတ် ပင်ပန်းနွမ်းနယ်နေသည့် ပြည်သူများကို ဖျော်ဖြေပေးနိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းမှ သီချင်းသီဆိုဝါသနာရှင်များ စိစစ်ရွေးချယ်ခြင်းကို ယနေ့နံနက် ၁၀ နာရီက ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ရေးဦးစွာ သီချင်းသီဆိုဝါသနာရှင်များ စိစစ်ရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌ နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး(တာဝန်ပေး) ဒေါ်သင်းသင်းဇင်က ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံ ဂီတအစည်းအရုံး နေပြည်တော် ပျဉ်းမနားမှ အတွင်းရေးမှူး ဦးအေးကိုက ပြိုင်ပွဲ၏ စည်းမျဉ်း စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

သီချင်းသီဆိုဝါသနာရှင်များ စိစစ်ရွေးချယ်ရာတွင် နေပြည်တော်ကောင်စီမှ ဖွဲ့စည်းထားသည့် စိစစ်ရွေးချယ်ရေးအဖွဲ့ဝင်များက နေပြည်တော်ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့် မြို့နယ်ရှစ်မြို့နယ်မှ တေးသီချင်းသီဆိုသူဝါသနာရှင်များအနက်မှ နေပြည်တော်ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင် သုံးဦးကို စိစစ်ရွေးချယ်ခဲ့ကြသည်။

နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်များအလိုက် အသက် (၁၈)နှစ်ပြည့်ပြီးသူ၊ အသက် (၅၀)နှစ်ထက်မကြီးသူ ပြိုင်ပွဲဝင်သုံးဦးစီအား သက်ဆိုင်ရာဒေသအစီအစဉ်ဖြင့် ရွေးချယ်စေလွှတ်ယှဉ်ပြိုင်စေပြီး စုစုပေါင်း ၄၅ ဦးဖြင့် ဆောင်ရွက်မည်ဖြစ်ကာ နိုဝင်ဘာ ၂၆ ရက်မှ ဖေဖော်ဝါရီလ ၁၁ ရက်အထိ အပတ်စဉ်တစ်ပတ်လျှင် တစ်ပွဲနှုန်းဖြင့် ပွဲစဉ်(၁၂)ပွဲ ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲဝင်များသည် ပြန်ကြားရေးဝန်ကြီးဌာနမှ ရွေးချယ်ပေးသည့် ပြည်ထောင်စုနေ့ သီချင်းများအနက်မှ မဲနှိုက်၍ ကျရာသီချင်းတစ်ပုဒ်၊ ယှဉ်ပြိုင်သူမှ စိတ်ကြိုက်တစ်ပုဒ် သီဆိုယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ခရိုင်ပြန်/ဆက်)**

---

*✻ ကျော့ဖုံးမှ*

ဆုကြေးငွေမှာ ရွှေတံဆိပ်ဆု အမေရိကန်ဒေါ်လာ ၄၀၀၊ China Hong Excellence Award ဆု အမေရိကန် ဒေါ်လာ ၃၀၀၊ Baalla International Award အမေရိကန်ဒေါ်လာ ၂၅၀၊ China Hong Merit Award အမေရိကန်ဒေါ်လာ ၂၀၀၊ TOPIA Honor Award အမေရိကန်ဒေါ်လာ ၁၀၀၊ CANFIELD Youth Award အမေရိကန်ဒေါ်လာ ၅၀၊ Best Watercolor Medium Award အမေရိကန်ဒေါ်လာ ၅၀ နှင့် အခြားဆုများ ချီးမြှင့်ပေးအပ်မည်ဖြစ်သည်။

မြန်မာနိုင်ငံမှ ပန်းချီပညာရှင် သိန်းရွှေကြည်၏ ရွှေတံဆိပ်ဆုရရှိသော ပန်းချီကားမှာ အညာဒေသ လယ်ရိတ်သိမ်းချိန် အမျိုးသမီးများ ထမင်းစားနားနေချိန်ပုံဖြစ်ပြီး မြန်မာ့ဓလေ့ကို ပေါ်လွင်စေသည့် ပန်းချီကား တစ်ကားဖြစ်သည်။ ထို့အတူ ပန်းချီပညာရှင် မြင့်နိုင်၏ ပန်းချီကားမှာ ရန်ကုန်မြစ်ဆိပ်ကမ်းအလှကို အသေးစိတ်ရေးဆွဲထားခြင်းဖြစ်သည်။ ဆုရရှိသူများအား www.facebook. Myint Naing အကောင့်တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။ **အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

Best Watercolor Medium Award ဆုရ ပန်းချီပညာရှင် မြင့်နိုင်၏ ပြိုင်ပွဲဝင် ပန်းချီကား။



---

*● ကျော့ဖုံးမှ*

ရမှတ် ၁၅ မှတ်တူ ဂိုးကွာခြားချက်ဖြင့် အမှတ်ပေးဇယားတွင် ဦးဆောင်ထားသည်။ ဆွစ်ဇာလန်အသင်းအနေဖြင့် အုပ်စုနောက်ဆုံးပွဲစဉ်ဖြစ်သည့် ဘူလ်ဂေးရီးယားအသင်းနှင့် ပွဲစဉ်တွင် အနိုင်ရရှိခဲ့ပါကလည်း ကမ္ဘာ့ဖလားခြေစစ်ပွဲ တိုက်ရိုက်အောင်မြင်ရန် အီတလီအသင်း၏ ရလဒ်ကို စောင့်ကြည့်ရဦးမည်ဖြစ်သည်။

အီတလီအသင်းသည် ယနေ့ပွဲစဉ်တွင် ဒွန်နာရမ်မာ၊ လော်ရန်ဇို၊ ဘိုနူချီ၊ ဂျော်ဂျင်ဟိုစသည့် အဓိက ကစားသမားအများစုဖြင့် ဆွစ်ဇာလန်အသင်းကို ရင်ဆိုင်လာခဲ့သည်။ ဆွစ်ဇာလန်အသင်းကလည်း ဆွန်မာ၊ ဝစ်မာ၊ ရိုဒရီဂွက်ဇ်၊ ရှာကီရီ၊ အိုကာဖော်စသည့် အဓိက ကစားသမားအများစုကို အသုံးပြုခဲ့သည်။ ယခုပွဲစဉ်အတွက် အဖွင့်ဂိုးကို ဆွစ်ဇာလန်အသင်းက ရရှိခဲ့ပြီး ပွဲချိန် ၁၁ မိနစ်တွင် အိုကာဖော်၏ ဖန်တီးမှုမှတစ်ဆင့် ဝစ်မာက သွင်းယူပေးခဲ့သည်။အဖွင့်ဂိုး ခွင့်ပြုပေးလိုက်ရပြီးနောက် အီတလီအသင်းကလည်း ချေပဂိုးရရှိရေး ကြိုးစားလာရာ ပွဲချိန် ၃၆ မိနစ်တွင် ရရှိခဲ့ပြီး အင်ဆစ်ဂ်နီ ဖန်တီးမှုမှတစ်ဆင့် လော်ရန်ဇိုက သွင်းယူပေးနိုင်ခဲ့သည်။

ပွဲပြီးခါနီးတွင် အီတလီအသင်း ပယ်နယ်တီ ကန်သွင်းခွင့်ရရှိခဲ့သော်လည်း ဂျော်ဂျင်ဟို ကန်သွင်းရာ လွဲချော်ခဲ့သည့်အတွက် ပွဲအပြီး တစ်ဂိုးစီသရေကျခဲ့သည်။ ပေါ်တူဂီအနေဖြင့် နိုဝင်ဘာ ၁၆ ရက်တွင် ယှဉ်ပြိုင်ကစားမည့် မြောက်အိုင်ယာလန်အသင်းနှင့်ပွဲစဉ်ကို ရေကုန်ရေခန်းယှဉ်ပြိုင်ကစားရတော့မည်ဖြစ်သည်။

အခြားသော ကမ္ဘာ့ဖလား ခြေစစ်ပွဲရလဒ်များတွင် စကော့တလန်က မော်လ်ဒိုဗာကို နှစ်ဂိုး-ဂိုးမရှိ၊ မြောက်အိုင်ယာလန် က လစ်သူယေးနီးယားကို တစ်ဂိုး-ဂိုးမရှိ၊ ဩစတြီးယားက အစ္စရေးကို လေးဂိုး-နှစ်ဂိုး၊ ဒိန်းမတ်က ဖာရိုးကျွန်းစုကို သုံးဂိုး-တစ်ဂိုး၊ ပိုလန်က အန်ဒိုရာကို လေးဂိုး-တစ်ဂိုး၊ အင်္ဂလန်က အယ်လ်ဘေးနီးယားကို ငါးဂိုး-ဂိုးမရှိ၊ ဟန်ဂေရီက ဆန်မာရီနိုကို လေးဂိုး-ဂိုး မရှိဖြင့် အနိုင်ရရှိခဲ့သည်။ **အောင်ဇော်**

---

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် နိုဝင်ဘာ ၁၃** – ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မိုး/ဇလ

---

# ရန်ကုန်မြို့၌ စီးတီး(တက္ကစီ) ယာဉ်ပိုင်ရှင်များအသင်းကို YRTC ဦးဆောင်မှုဖြင့် ဖွဲ့စည်းမည်

**ရန်ကုန် နိုဝင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူ ပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ (YRTC) ဦးဆောင်မှုဖြင့် များမကြာမီကာလတွင် လူဦးရေထူထပ်သည့် ရန်ကုန်မြို့အတွင်း ခရီးသွားရာတွင် လျင်မြန်လွယ်ကူစေရန် ရန်ကုန်မြို့၏ စီးတီး (တက္ကစီ) ယာဉ်ပိုင်ရှင်များ အသင်းကို ခေတ်စနစ်နှင့်အညီစနစ်တကျဖြစ်ရန် ရည်ရွယ်၍ စတင်ဖွဲ့စည်းတော့မည်ဖြစ်ကြောင်း YRTC ရုံးမှ သိရသည်။

"လာမယ့်နှစ်ဦးပိုင်းမှာ ရန်ကုန်မြို့ရဲ့စီးတီး (တက္ကစီ) ယာဉ်ပိုင်ရှင်များအသင်းကို စတင်ဖွဲ့စည်းဖို့ ရှိပါတယ်။ ရည်ရွယ်ချက်ကတော့ စီးတီး(တက္ကစီ) ယာဉ်ပိုင်ရှင်တွေရဲ့ လိုအပ်ချက်တွေကို အကြံပြုဖြည့်ဆည်းပေးနိုင်ဖို့၊ စီးတီးတက္ကစီယာဉ်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနဲ့အညီ သွားလာနိုင်ဖို့၊ ရန်ကုန်မြို့ရဲ့ ယာဉ်ကြောကျပ်တည်းမှုကို ဖြေရှင်းပေးနိုင်ဖို့၊ စီးတီး (တက္ကစီ) ယာဉ်ရပ်ဝန်းများ တည်ဆောက်ပေးနိုင်ဖို့၊ မြို့တွင်း ခရီးသည်မပါဘဲ သွားလာနေသော စီးတီး (တက္ကစီ) ယာဉ်များ လျော့နည်းစေဖို့၊ ပြီးတော့ စီးတီး (တက္ကစီ) ယာဉ်များအသင်းအနေနဲ့ အချင်းချင်း ကူညီရိုင်းပင်းနိုင်ဖို့၊ အထူးသဖြင့် လူမှုကူညီရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေဖို့စတဲ့ ကောင်းမွန်သော ရည်ရွယ်ချက်ကောင်းများစွာနဲ့ ခေတ်စနစ်အညီ စီးတီး(တက္ကစီ) ယာဉ်ပိုင်ရှင်များအသင်းအဖွဲ့ကို စတင်ဖွဲ့စည်းသွားမှာ ဖြစ်ပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ (YRTC)မှ တွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်က ပြောကြားသည်။

ရန်ကုန်မြို့၌ ပထမဆုံးစတင်ဖွဲ့စည်းမည့် စီးတီး (တက္ကစီ) ယာဉ်ပိုင်ရှင်များအသင်း အဖွဲ့တွင် စီးတီး (တက္ကစီ) ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများ ပါဝင်နိုင်မည်ဖြစ်ပြီး များမကြာမီကာလတွင် ယင်းအသင်းအဖွဲ့နှင့် ပတ်သက်၍ ဆွေးနွေးပွဲများကို YRTC မှ ဦးဆောင်ကာ ကျင်းပပေးမည်ဖြစ်သည်။ အဆိုပါ အသင်းအဖွဲ့အတွက် ဆွေးနွေးပွဲများကို လက်ရှိစီးတီးတက္ကစီ မှတ်ပုံတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသော အမှတ် ၂၆ ပင်လုံလမ်း ၂၉ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) ၌ ပြုလုပ်မည်ဖြစ်ပြီး အဆိုပါစီးတီး (တက္ကစီ) ယာဉ်ပိုင်ရှင်များအသင်းဖွဲ့စည်းရေး ဆွေးနွေးပွဲသို့ စိတ်ပါဝင်စားသူ ယာဉ်ပိုင်ရှင်များ၊ စီးတီး (တက္ကစီ) အငှားယာဉ်မောင်းများ အနေဖြင့် ဆက်သွယ်စာရင်းပေး အကြံပြု စုံစမ်းလိုလျှင် ဖုန်း-၀၉ -၄၅၂၉၄၃၃၃၀၊ ၀၉-၆၈၉၃၁၃၆၉၆ တို့သို့ ဆက်သွယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။



ရန်ကုန်မြို့အတွင်း ပြေးဆွဲပေးလျက်ရှိသော စီးတီး (တက္ကစီ)ယာဉ်တစ်စီးကို တွေ့ရစဉ်။

နိုင်ငံတစ်ဝန်း၌ အငှားယာဉ် (တက္ကစီ) များနှင့်ပတ်သက်၍ ရန်ကုန်မြို့အတွင်း ပြေးဆွဲခွင့်ပေးထားသော စီးတီး (တက္ကစီ) ယာဉ်အဖြစ် မှတ်ပုံတင်ထားသော အငှားယာဉ်များမှာ ၆၅၀၀၀ ကျော်ရှိပြီး နယ်လိုင်စင်ဖြင့် အငှားယာဉ်လိုင်စင် ခွင့်ပြုပေးထားသော တက္ကစီများမှာ ၂၀၀၀၀ ကျော်ရှိနေသည်။ ရန်ကုန်မြို့တော်ကြီး၌ ယခု စတင်ဖွဲ့စည်းမည့် စီးတီး(တက္ကစီ) ယာဉ်ပိုင်ရှင်များ အသင်းအဖွဲ့ကို လာမည့် ၂၀၂၂ ခုနှစ် ဇန်နဝါရီလအတွင်း YRTC က ဦးဆောင်၍ ဖွဲ့စည်းပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်း- မြင့်မိုရ်**

**ဓာတ်ပုံ- မင်းထက်**

# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေး၊ အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၁၃**

တပ်မတော်(ကြည်း၊ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင် အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ဈေးရပ်ကွက်ရှိ သိမ်ကုန်းကျောင်းတိုက်**(ယာပုံ)**၊ မှော်ဘီမြို့နယ် ထိန်ကုန်းရပ်ကွက်ရှိ မေတ္တာပါရမီ သီလရှင်ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အောင်ချမ်းသာပရိယတ္တိစာသင်တိုက်၊ ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁)ရှိ အောင်ချမ်းသာကျောင်းတိုက်နှင့် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်ရှိ စန္ဒကူးနံ့သာကျောင်းတော်ရာဘုရားတို့ရှိ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေသူများ ကြည့်ရှုအားပေး

**နေပြည်တော် နိုဝင်ဘာ ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ် လွိုင်ဆောင်ထောက်တိုက်နယ်ပြည်သူ့ဆေးရုံရှိ ကျန်းမာရေးဝန်ထမ်းများအား ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှမိုးနှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများနှင့်စားသောက်ဖွယ်ရာများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ထိန်ဝင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။ **(အပေါ်ပုံ)**

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့သူများအား ဂုဏ်ပြု

**နေပြည်တော် နိုဝင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် တပ်မတော်သားများအား ဂုဏ်ပြုပွဲကို နိုဝင်ဘာ ၁၂ ရက်က မုံရွာမြို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးချင်းတွင်းခန်းမ၌ပြုလုပ်ရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဖြိုးသန့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စေတနာ့ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူး**(အောက်ပုံ)**နှင့် တာဝန်ရှိသူများက စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသူများကို ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# ကသာမြို့နယ်စည်ပင်မှ မြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်

**ကသာ နိုဝင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့စည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်းသာယာလှပရေးအတွက် ကသာမြို့အဝင် လမ်းမတော်လမ်း ခရိုင်ရုံးပေါင်းစုံရှေ့ အရှည်ပေ ၈၀၀ ရှိ ပလက်ဖောင်းနေရာတွင် အလှပန်းပင်များ စိုက်ပျိုးခြင်းနှင့် လူသွားလမ်းများ ပြုလုပ်ပေးလျက်ရှိသည်။



အဆိုပါလမ်း၏ ကုန်ကျငွေမှာ ငွေကျပ်သိန်း ၆၀ ဖြစ်ပြီး ယင်းကုန်ကျငွေကို စည်ပင်သာယာဘတ်ဂျက်မှ အကုန်ကျခံမည်ဖြစ်ကြောင်း ကသာမြို့နယ်စည်ပင်သာယာဌာနမှသိရသည်။ ကသာမြို့နယ် စည်ပင်သာယာဝန်ထမ်းများသည် မြို့သန့်ရှင်းသာယာလှပရေးကို နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လူအောင်(ကသာ)**

# သီပေါမြို့ စမ်းမာလာဥယျာဉ်ကို အဆင့်မြင့်ပြုပြင်မွမ်းမံမှုများ ဆောင်ရွက်

**သီပေါ နိုဝင်ဘာ ၁၃**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ရှိ စမ်းမာလာဥယျာဉ်ကို ပြည်သူများ လာရောက်အပန်းဖြေအနားယူနိုင်ရန် အဆင့်မြင့်ပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းများအား ယနေ့နံနက်မှအစပြုကာ မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်စည်၏ ကြီးကြပ်မှုဖြင့် လက်ထောက်အင်ဂျင်နီယာ ဒေါ်သီတာအေးနှင့် ဝန်ထမ်းများက ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ရေဟော်ကန်ပတ်လည်တစ်လျှောက် နံနက်ခင်းနှင့် ညနေခင်းတွင် ကျန်းမာရေးအတွက် လမ်းလျှောက်၊ ကိုယ်ကာယလေ့ကျင့်ခန်းများ ဆောင်ရွက်ကြသော ပြည်သူများ စိတ်ရွှင်လန်းချမ်းမြေ့စေရန် သစ်ပင် ပန်းအလှပင်များကို စိုက်ပျိုးခြင်း၊ သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ရေကန်ပေါင်များ၊ အလှဓာတ်ပုံရိုက်မည့် ရှုမျှော်ခင်းများနှင့် ကလေးကစားကွင်းများအပြင် အခြားပြုပြင်မွမ်းမံမှုများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**


သစ်ပင်နည်းလာ တို့ကမ္ဘာ လွန်စွာပူအေး ဥတုဘေး



အပြင်ထွက်တိုင်း

ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို

စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ

# သက်သာသောဈေးနှုန်းဖြင့် စက်သုံးဆီဖြန့်ဖြူးရောင်းချပေးလျက်ရှိ

*(ယမန်နေ့မှအဆက်)*

## ရန်ကုန်တိုင်းဒေသကြီးတွင် အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များစာရင်း

| စဉ် | အရောင်းဆိုင်အမည် | တစ်လီတာဈေးနှုန်း | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | 92 Ron | ဒီဇယ် | Premium ဒီဇယ် | |
| ၄၂ | Denko (မြောက်ဥက္ကလာပ ) | ၁၄၁၂ | ၁၃၃၅ | ၁၃၄၁ | အမှတ် (ဃ/၁၆ H)၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာ အပိုင်းအနီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဆိုင်အမှတ် (၀၂၄၃) |
| ၄၃ | Denko ( သန်လျင် ၂ ) | ၁၄၁၂ | ၁၃၃၅ | ၁၃၄၁ | အမှတ် ၆၇၁၊ ကျောင်းကန်အရှေ့ကွင်း၊ ဘုရားကုန်း ကျေးရွာအုပ်စု၊ ကျိုက်ခေါက်ဘုရားလမ်း သန်လျင် မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၄၄ | Denko ( မြောက်ဒဂုံ-၂) | ၁၄၁၂ | ၁၃၃၅ | ၁၃၄၁ | အမှတ် (၃/စ)၊ ပြည်ထောင်စုလမ်း၊ ၂၇ ရပ်ကွက်၊ တောင်/မြောက်လမ်းဆုံအနီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၄၅ | Denko ( အောင်ဆန်း ) | ၁၄၁၂ | ၁၃၃၅ | ၁၃၄၁ | စဉ့်ငူရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ |
| ၄၆ | Denko ( ရွှေပြည်သာ ) | ၁၄၁၂ | ၁၃၃၅ | ၁၃၄၁ | အမှတ် (၄၂/ ၃၀၅)၊ အမှတ် ၄ လမ်းမကြီး၊ စက်မှုဇုန် (၁)၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ |
| ၄၇ | Denko (လှိုင်သာယာ-၁) | ၁၄၁၂ | ၁၃၃၅ | ၁၃၄၁ | အမှတ် (၅၈၈) ၇ ရပ်ကွက်၊ မီးခွက်ဈေး အောက်ထိပ် အနီး ရန်ကုန်- ပုသိမ်လမ်းမကြီး လှိုင်သာယာ မြို့နယ် ရန်ကုန်တိုင်းဒေသကြီး။ |
| ၄၈ | Denko(လှိုင်သာယာ ၃ ) | ၁၄၁၂ | ၁၃၃၅ | ၁၃၄၁ | အမှတ် (၃/၄၉) အလယ်ရွာကျေးရွာအုပ်စု ၊ ခရေပင် လမ်းမကြီး ၊ လှိုင်သာယာမြို့နယ် ၊ မြောက်ပိုင်းခရိုင်၊ ရန်ကုန်တိုင်းဒေသကြီး ။ |
| ၄၉ | Denko ( အင်းစိန် ) | ၁၄၁၂ | ၁၃၃၅ | ၁၃၄၁ | BOC ကွေ့၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ နံ့သာ ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ |
| ၅၀ | Denko (မြောက်ဒဂုံ-၁ ) | ၁၄၁၂ | ၁၃၃၅ | ၁၃၄၁ | အမှတ် (၅၄၂ / ၅၄၃)၊ ဗိုလ်မှူးဗထူးလမ်း၊ နာရေး ကူညီမှုအသင်း(ရန်ကုန်)ဘေး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၅၁ | Denko ( သန်လျင် ၁ ) | ၁၄၁၂ | ၁၃၃၅ | ၁၃၄၁ | အမှတ် (၁၇)၊ ကွင်းအမှတ် (၇)၊ ကျိုက်ခေါက်ဘုရား လမ်း၊ သောက်တော်တွင်းရပ်ကွက်၊ သန်လျင် မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၅၂ | Denko ( ထန်းတပင် ) | ၁၄၁၂ | ၁၃၃၅ | ၁၃၄၁ | အမှတ် (၈/၄)၊ အမှတ် (၅)လမ်းမ ( ရန်ကုန်-ပုသိမ်) လမ်းမကြီး ၊ အစုကြီးကျေးရွာအုပ်စု၊ မြောက်ပိုင်း ခရိုင်၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၅၃ | Denko ( လှည်းကူး ) | ၁၄၁၂ | ၁၃၃၅ | ၁၃၄၁ | ကျွန်းကလေးကျေးရွာ၊ တန် (၁၀၀) ဆန်စက် ဝန်းအနီး၊ လှည်းကူးမြို့နယ်၊ ရန်ကုန်မြို့။ |
| ၅၄ | MMHK – TW | ၁၃၆၂ | ၁၃၃၄ | ၁၃၄၁ | ဘုရားကုန်း ကျေးရွာအုပ်စု သန်လျင်မြို့နယ်၊ အရှေ့ပိုင်းတက္ကသိုလ်အနီး (တာ၀) |
| ၅၅ | Nilar Yoma – TP | ၁၃၆၂ | | | ၁၆၂ သိမ်ဖြူလမ်း (၉)ရပ်ကွက် ဗိုလ်တထောင် မြို့နယ် |
| ၅၆ | ထက်ကေရီ-အမှတ်(၂) လမ်းမကြီး | ၁၃၆၂ | ၁၃၂၀ | ၁၃၃၀ | အမှတ်(၂) လမ်းမကြီး၊ ရှမ်းတဲကြီးစံပြကျေးရွာ၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၅၇ | သရဖူ-အင်းစိန် | ၁၃၆၂ | ၁၃၃၄ | ၁၃၄၁ | ဒညင်းကုန်းဘူတာစုရပ်ကွက်၊ ဒညင်းကုန်းဘူတာ ရုံလမ်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ |
| ၅၈ | Petro K Bahan | ၁၃၆၂ | ၁၃၃၀ | ၁၃၄၀ | အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်း ထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၅၉ | Petro K Shan Su | ၁၃၆၂ | ၁၃၃၀ | ၁၃၄၀ | ရှမ်းစုကျေးရွာ၊ ပျဉ်းမပင်ရပ်ကွက်၊ ရန်ကုန်- ပြည်လမ်းမကြီး၊ ထောက်ကြံ့မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၆၀ | Petro K Hmaw Bi | ၁၃၆၂ | ၁၃၃၀ | ၁၃၄၀ | အမှတ်(၄)လမ်းမကြီး၊ မှော်ဘီမြို့နယ်၊ ယင်းတိုက် ပင်ကျေးရွာအုပ်စု၊ သဲဖြူကျေးရွာကွင်းအမှတ် (၅၆၇/A က)။ |
| ၆၁ | Lucky7 Petroleum | ၁၃၆၂ | ၁၃၃၄ | ၁၃၄၁ | ကျိုက်ခမီဘုရားလမ်း၊ ကျောက်တန်းမြို့နယ် |
| ၆၂ | Yadanar Station | ၁၄၁၂ | ၁၃၃၅ | ၁၃၄၁ | ခြံ(၁)၊ သစ်စိမ့်ကုန်းရပ်ကွက်၊ အမှတ်(၃) လမ်းမ |
| ၆၃ | PT Power (ကုလားဝဲ) | ၁၃၆၂ | | | အမှတ်(၇၁၀)၊ ဒဂုံ- သီလဝါလမ်းမကြီးဘေး၊ ကုလားဝဲကျေးရွာ |
| ၆၄ | PT Power (မှော်ဘီ) | | ၁၃၃၄ | ၁၃၄၁ | သနေပင်ကျေးရွာအုပ်စု |
| ၆၅ | PT Power(အမြန်လမ်း) | | ၁၃၃၄ | ၁၃၄၁ | သာယာကုန်းကျေးရွာအုပ်စု |
| ၆၆ | Yangon Petrol (ဒလ) | | ၁၃၃၄ | ၁၃၄၁ | အမှတ် ၁၄၂၄၊ ဒလ- တွံတေးလမ်းမကြီး၊ ဆာဖာ ချောင်ရပ်ကွက် |

## မန္တလေးတိုင်းဒေသကြီးတွင် အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များစာရင်း

| စဉ် | အရောင်းဆိုင်အမည် | တစ်လီတာဈေးနှုန်း | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | 92 Ron | ဒီဇယ် | Premium ဒီဇယ် | |
| ၁ | MMTM – MDY 59 | ၁၄၅၇ | ၁၃၇၀ | ၁၃၇၆ | ချမ်းမြသာစည်မြို့နယ်၊ မန္တလေး တိုင်းဒေသကြီး |
| ၂ | MMTM – MDY 67 | ၁၄၅၇ | ၁၃၇၀ | ၁၃၇၆ | နတ်ရေကန်ရပ်ကွက်၊ အမရပူရမြို့နယ်၊ |
| ၃ | MMTM – Kumae | ၁၄၅၇ | ၁၃၇၀ | ၁၃၇၆ | ဝမ်းတွင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၄ | Shwe Byain Phyu(MDY – 26B St) | ၁၄၅၇ | ၁၃၇၀ | ၁၃၇၆ | ချမ်းအေးသာစံမြို့နယ်၊ မန္တလေး တိုင်းဒေသကြီး |
| ၅ | Shwe Byain Phyu (Yinn Mar Pin) | ၁၄၅၇ | ၁၃၇၀ | ၁၃၇၆ | ယင်းမာပင်ကျေးရွာအုပ်စု၊ သာစည် မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ |
| ၆ | Shwe Byain Phyu (MDY – Myit Ngal) | ၁၄၅၇ | ၁၃၇၀ | ၁၃၇၆ | စက်ကွေ့-စာတိုးမြို့ပြင်ကြီးရပ်ကွက်၊ အမရပူရမြို့နယ်၊ ရန်ကုန်-မန္တလေး လမ်းဟောင်း၊ မန္တလေးတိုင်းဒေသကြီး။ |
| ၇ | KS(027) | ၁၄၂၄ | ၁၃၄၄ | ၁၃၅၁ | ကျွဲတပ်ဆုံကျေးရွာ၊သာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ |
| ၈ | KS(031) | ၁၄၁၉ | ၁၃၃၉ | ၁၃၄၆ | တောတွင်းကျေးရွာ၊အမရပူရမြို့၊ မန္တလေးတိုင်းဒေသကြီး။ |
| ၉ | KS(26) | ၁၄၂၄ | ၁၃၄၄ | ၁၃၅၁ | ထန်းခွကျေးရွာအုပ်စု၊ နွားထိုးကြီး မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ |
| ၁၀ | KS(030) | ၁၄၂၉ | ၁၃၄၄ | ၁၃၅၆ | ဥသျှစ်ကုန်းကျေးရွာ၊ တပ်ကုန်းမြို့နယ်၊ ရန်ကုန် – မန္တလေးလမ်းဟောင်း။ |
| ၁၁ | OK Energy (Nyaung Oo) | ၁၄၅၇ | ၁၃၇၅ | ၁၃၈၁ | ညောင်ဦး- ကျောက်ပန်းတောင်း လမ်းမကြီးဘေး |
| ၁၂ | OK Energy (Kyaukpataung) | ၁၄၅၇ | ၁၃၇၅ | ၁၃၈၁ | ကျောက်ပန်းတောင်း- မိတ္ထီလာ လမ်းဘေး မြို့ဦးစေတီအနီး |
| ၁၃ | OK Energy (Yamaethin) | ၁၄၅၂ | ၁၃၇၅ | ၁၃၈၁ | ရန်ကုန် – မန္တလေးလမ်းမကြီးဘေး ရွှေဒါးကျေးရွာ |
| ၁၄ | Power-9 (Pyinmana) | ၁၄၅၂ | ၁၃၇၅ | ၁၃၈၁ | ရန်ကုန်-ပျဉ်းမနားလမ်းဟောင်း နှင်းဆီဝိုင်းအနီး ပုဗ္ဗသီရိမြို့နယ် |
| ၁၅ | Than Lwin Thit | ၁၄၀၂ | ၁၃၇၄ | ၁၃၈၁ | လျှပ်စစ်လမ်းခွဲ ၊ မွန်းတည့်ခွင်ကျေးရွာ ၊ ဇေယျာသီရိမြို့နယ် ၊ နေပြည်တော်။ |
| ၁၆ | Moon Sun Energy(mandalay) | ၁၄၅၇ | ၁၃၇၀ | ၁၃၇၆ | ပြည်ကြီးမင်္ဂလာကုန်တင်ရပ်နား စခန်း (စွယ်တော်ကားကြီးဝင်း)၊ အမရပူရ မြို့နယ် မန္တလေးတိုင်းဒေသကြီး။ |
| ၁၇ | Moon Sun Energy(Mikehtilar) | ၁၄၅၇ | ၁၃၈၀ | ၁၃၈၆ | ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ဝက်တိုးကျေးရွာအုပ်စု၊ မိတ္ထီလာ တိုးဂိတ်အနီး၊ မိတ္ထီလာမြို့။ |
| ၁၈ | Moon Sun Energy(Thazi) | ၁၄၅၇ | ၁၃၈၀ | ၁၃၈၆ | မိတ္ထီလာ-တောင်ကြီးလမ်းမ၊ ကျွဲတပ်ဆုံကျေးရွာ၊ သာစည်မြို့။ |
| ၁၉ | Shan Shwe Taung (Payangazu) | ၁၄၀၂ | ၁၃၆၉ | ၁၃၇၆ | သာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၀ | Farmer Fuel Station-TPWD | ၁၄၅၇ | ၁၃၇၀ | ၁၃၇၆ | စစ်ကိုင်း-မန္တလေးလမ်း၊ ကန်တော်ကြီး မီးပွိုင့်အနီး၊ တမ္ပဝတီရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ |
| ၂၁ | Asia Energy -78 ပန့်ဆိုင် (မန္တလေး) | ၁၄၅၇ | ၁၃၇၀ | ၁၃၇၆ | ၇၈ လမ်း၊ ရန်ကုန်မန္တလေးလမ်းမကြီး၊ မန္တလေးလေယာဉ်ကွင်းလမ်းနှင့် မျက်နှာချင်းဆိုင်၊ ချမ်းမြသာစည်မြို့နယ်။ |
| ၂၂ | Asia Energy-ပုသိမ်လေးပန့်ဆိုင် (မန္တလေး) | ၁၄၅၇ | ၁၃၇၀ | ၁၃၇၆ | မန္တလေး မိုးကုတ်လမ်းမကြီး၊ ပုသိမ် လေးကျေးရွာ၊ ပုသိမ်ကြီးမြို့နယ် |
| ၂၃ | Asia Energy – စဉ့်ကိုင် ပန့်ဆိုင် (မန္တလေး) | ၁၄၅၇ | ၁၃၇၀ | ၁၃၇၆ | မိုင်တိုင် (၄၁၅)၊ ပေါ်တော်မူဘုရားနီး၊ စဉ့်ကိုင်မြို့။ |
| ၂၄ | Asia Energy – ၆၉ ပန့်ဆိုင် (မန္တလေး) | ၁၄၅၇ | ၁၃၇၀ | ၁၃၇၆ | ဦးပိုင်(၁)၊ အကွက်(တ-၇/စ)၊ ၆၉ လမ်းနှင့် သိပ္ပံလမ်းထောင့်၊မြို့သစ်(၁)၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေး တိုင်းဒေသကြီး။ |
| ၂၅ | Asia Energy – ကျောက်ချောပန့်ဆိုင် (မန္တလေး) | ၁၄၅၇ | ၁၃၇၀ | ၁၃၇၆ | ၁၆ မိုင်၊ တိုးဂိတ်အကျော် ကျောက်ချော ကျေးရွာ၊ မန္တလေး- ပြင်ဦးလွင် ကားလမ်း။ |
| ၂၆ | Asia Energy – 62 ပန့်ဆိုင် (မန္တလေး) | ၁၄၅၇ | ၁၃၇၀ | ၁၃၇၆ | ၆၂ လမ်း၊ 106 x 107 ကြား မန္တလေးမြို့။ |
| ၂၇ | Asia Energy – စက်မှု ပန့်ဆိုင်(မန္တလေး) | ၁၄၅၇ | ၁၃၇၀ | ၁၃၇၆ | ၆၂ လမ်း၊ ကနောင်မင်းသားကြီးလမ်းနှင့် ယောမင်းကြီးလမ်းကြား၊မန္တလေးမြို့။ |

*(ဆက်လက်ဖော်ပြပါမည်)*

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၄-၁၁-၂၀၂၁ တနင်္ဂနွေနေ့

### MRTV HD

**၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ မောရွှင်္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** မြိုင်မြို့နယ်မှ မနောရမ္မာ ရွှေကျောင်းတော်ကြီးဆီသို့
**၀၉:၂၀** တရုတ်ကာတွန်း 'ပိုးကောင်ကြီး ဉယျာဉ်စွန့်စားခန်း' (အပိုင်း-၄၀)
**၀၉:၄၅** MRTV Travelogue
**၁၀:၁၅** 'သီကျူးနွဲ့ပျော်တန်ဆောင်တိုင်ပွဲတော်' ဖျော်ဖြေပွဲထုတ်လွှင့်မှုအစီအစဉ်
**၁၁:၃၀** အသိပညာနှင့်အမှန်တရား 'ရှုရှားစစ်သင်္ဘောချစ်ကြည်ရေးခရီးစဉ်'
**၁၂:၃၀** This Week's Special Interest
**၁၃:၀၀** MRTV National News
**၁၃:၃၀** မြန်မာဂန္တဝင်ရုပ်ရှင် 'ငို၍ရီ၍မရသောမျက်နှာ'
**၁၆:၁၅** 'ကိုဖစ်ပိုးကိုတိုက်ထုတ်ဖို့...ကာကွယ်ဆေးထိုးကြစို့'
**၁၇:၂၀** ထူးခြားစုံလင်အာရုံစိဖိတ်အစီအစဉ်
**၁၇:၃၀** ရာဇဝင်ထဲကသမိုင်းအနုပညာ
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၀** သုတဝေဖြာသီရိဂေဟာ
**၁၉:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**အမှန်တရားရဲ့ ရှို့ဓါတ်ချက်**' (အပိုင်း-၃၇)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၂၀** ကြွေလည်းဝေမြဲတမ်းတဆဲ 'မောင်ဟေမာနှင့်အလင်္ကာဝတ်ရည်' (အပိုင်း-၂)
**၂၁:၃၅** ရုပ်မြင်သံကြားဇာတ်လမ်း '**အရှယ်သုံးပါး**'

သောကြာနေ့ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

### mitv

**07:01** News
**07:26** Global Partnership for Brighter Future: Eswatini Pavilion at Expo 2020 Dubai
**07:35** Bridge On The River Tapam
**08:01** Lively Group Folk Dance of Kayan Nationals
**08:05** A Journey To Southern Shan State (Ep-3)
**08:21** Today Myanmar: Myeik-Kyunsu Passenger Ferry
**08:30** Tazaungmone (Ep-2)
**08:54** Tobacco Pipe Making Business (Ywar Lut Village)
**09:01** Applied Myanmar Traditional Martial Art (Part-2)
**09:32** SHWE SETTAW (Minbu)
**09:51** Healthy Diet: Detox Water
**10:01** Weekly Review
**10:16** Myanmar Masterclass: Fantastic Art

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ငါးချဉ်ဟင်းရည်နှင့် ရိုးရာအထောင်း

**ဝကြောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ (အပိုင်း-၃)

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ကရင့်ရိုးရာစောင်းတူရိယာ

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ကြယ်ကလေးများအတွက်ပုံပြင်

**ချင်း (လိုင်စိုး) (၁၁:၀၀ မှ ၁၂:၀၀)**
ဆီးချိုရောဂါအတွက်စားပေးသင့်သောသစ်သီးများ

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ဆပ်ပါကောက်သစ်ရိတ်သိမ်းခြင်း

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
ဆေးဖက်ဝင်ဗေဒါပင်

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
ကျောက်ရိုးတော်ဓာတ်စေတီ

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ဝါကျွတ်ပြီ (ဇာတ်လမ်း)

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁၄)

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
အမြဲစိမ်းတောမှာအချစ်ရှာသူ (အပိုင်း-၄) (ဇာတ်လမ်း)

### MRTV PARLIAMENT

**၀၉:၀၀** အဖွင့်၊ အလံ
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၇)
**၁၁:၀၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တံစိုးလက်ဆောင်ရယူခြင်း'
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၇)

### MRTV SPORTS

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေ့ရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS ကို နေ့စဉ်နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေမှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

# ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက်အမှတ်၊ M-9 တွင် ဇောတိကစီမံကိန်း၏ Subsea Inspection Repair and Mainteance (IRM)Campaign အရ ၂၈ လက်မ ရေအောက်ပိုက်လိုင်းကို Free-Spans Rectifications of Zawtika Intra-Field Pipelines and Wellhead platforms Jackets Stucture Inspection by Remotely Operated Vehicle (ROV) လုပ်ငန်းများအား Survey Vessel "MEO RESOLUTION" ဖြင့် လုပ်ငန်းများဆောင်ရွက်မည့် ဧရိယာများဖြစ်သော Point-A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၈ မိနစ် ၂၉ ဒသမ ၄၁၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၈ မိနစ် ၃၄ ဒသမ ၆၄၂ စက္ကန့်၊ Point-B မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၁ မိနစ် ၂၄ ဒသမ ၇၈၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၃ မိနစ် ၄၄ ဒသမ ၃၀၈ စက္ကန့်၊ Point-C မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၆ မိနစ် ၄၄ ဒသမ ၈၉၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၉ မိနစ် ၀၁ ဒသမ ၇၆၅ စက္ကန့်နှင့် Point-D မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၅ မိနစ် ၀၁ ဒသမ ၄၉၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၄ မိနစ် ၂၁ ဒသမ ၁၅၆ စက္ကန့်အတွင်းတွင် လည်းကောင်း၊ ဇောတိကပလက်ဖောင်းမှ ကံပေါက်ဒေသ(ဓမင်းဆိပ်ကမ်းခြေအထိ) ၂၈ လက်မ ရေအောက်ပိုက်လိုင်းအား Near Shore Inspection by Side Scan Sonar လုပ်ငန်းများအား Survey Vessel "MEO RESOLUTION"ဖြင့် လုပ်ငန်းများဆောင်ရွက်မည့် ဧရိယာများဖြစ်သော Point-ZPQ Platform မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၁ မိနစ် ၂၇ ဒသမ ၇၁ စက္ကန့်၊အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၂ မိနစ် ၄၇ ဒသမ ၀၃ စက္ကန့်မှ Kanbauk(DaMinSeik) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၂ မိနစ် ၄၃ ဒသမ ၀၈၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၅ မိနစ် ၂၆ ဒသမ ၆၇၆ စက္ကန့်အထိ လည်းကောင်း ၂၀၂၁ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့အထိ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ်၊ M-9 တွင် ဇောတိကစီမံကန်း၏ Subsea Inspection Repair and Maintenance (IRM) Campaign အရ ၂၈ လက်မ ရေအောက်ပိုက်လိုင်းကို Free-Spans Rectifications of Zawtika Intra-Field Pipelinds and Wellhead platforms Jackets Structure Inspection by Remotely Operated Vehicle (ROV) လုပ်ငန်းများနှင့် ဇောတိကပလက်ဖောင်းမှ ကံပေါက်ဒေသ(ဓမင်းဆိပ်ကမ်းခြေအထိ) ၂၈ လက်မ ရေအောက်ပိုက်လိုင်းကို Near Shore Inspection by Side Scan Sonar လုပ်ငန်းများအား Survey Vessel "MEO RESOLUTION" ဖြင့် လုပ်ငန်းများဆောင်ရွက်မည့် တည်နေရာများမှ (၄) ကီလိုမီတာ ပတ်လည်အတွင်းကို ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

# ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၃ - ၁၁ - ၂၀၂၁

### ရွှေ

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၀၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၉၄၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၀၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၉၄၁၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၃၄၀/၁၃၇၅ ကျပ် | ၁၃၆၀/၁၄၀၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၃၄၅/၁၃၉၅ ကျပ် | ၁၃၇၅/၁၄၂၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၃၈၀/၁၄၁၀ ကျပ် | ၁၄၃၀/၁၄၅၇ ကျပ် |
| အောက်တိန်း ၉၅ | ၁၄၃၀/၁၄၅၅ ကျပ် | ၁၅၄၀/၁၅၆၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၃၇ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၁၅ . ၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၄ . ၂၃၉ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၅၉ . ၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၇ . ၁၆ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၈ . ၆၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၈၈ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၇၀၀ | ၈၈၀၀ | ၂၇ | ၂၃၅၀၀၀ |
| MTSH | ၃၂၅၀ | ၃၂၅၀ | ၉၀ | ၂၉၂၅၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၁၅၀၀ | ၂၀၅၀၀ | ၁၄ | ၂၉၀၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၈၅၀ | ၂၈၅၀ | ၁၄၉၀ | ၄၂၄၆၅၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချိုးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၀၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ဗုဒ္ဓ အဆုံးအမဖြင့် အောင်မြင်ခြင်း

# နိဝါတောစ

## မိမိကိုယ်မိမိ နှိမ့်ချခြင်းသည် မင်္ဂလာမည်၏။

ကျော်ကျော်လှိုင်

**ဂါရဝေါစ ခေါ် ရိုသေထိုက်သူကို ရိုသေခြင်းသည် မင်္ဂလာမည်၏ တရားကို ဟောပြီးနောက် နိဝါတောစ ခေါ် မိမိစိတ်ကို နှိမ့်ချနိုင်ခြင်းသည် မင်္ဂလာမည်၏ ဟု ဗုဒ္ဓဘုရားရှင်က ဆက်ဟောပါသည်။ အလွန်ဆက်စပ်မှု ရှိပါသည်။ ရိုသေထိုက်သူကို ရိုသေသမှုပြုရန် မိမိစိတ်ကို နှိမ့်ချရပါမည်။ စိတ်ကို နှိမ့်ချရန် မာန်မာနတွေကို လျှော့ရပါမည်။ ပုထုဇဉ်လူသားများသည် မာန်မာနကိုလျှော့ရန် ခက်ပါသည်။ အထူးသဖြင့် ချမ်းသာကြွယ်ဝသူ၊ ရာထူးအာဏာ ရှိသူ၊ အောင်မြင်ကျော်ကြားသူအများစုသည် မာန်မာနကြီးကြပါသည်။ ရာထူးအာဏာသည် မတည်မြဲပါ။ ရာထူးအာဏာရလာသည့်အခါ ရာထူးဂုဏ်မောက်ကာ မိမိနှင့် ရင်းနှီးသည့် မိတ်ဆွေများကိုပင် ဆက်ဆံမှု စိမ်းကားလာသူများကို တွေ့မြင်ရလေ့ရှိပါသည်။ ဤကဲ့သို့ ရာထူးဂုဏ်မောက်သူများသည် ရာထူးအာဏာမရှိတော့သည့်အချိန်တွင် လူ့အသိုင်းအဝိုင်းကို ပြန်ဝင်ရန် ခက်ခဲကြမည်ကို သတိပြုသင့်ပါသည်။**

တရားနည်းဖြင့် ကြည့်လျှင် မည်သည့်အရာမှ မတည်မြဲပါ။ မတည်မြဲသည့်အရာများအပေါ် မာန်မာနထားနေခြင်းသည် အယူလွဲနေခြင်းဖြစ်ပါသည်။ မိမိစိတ်ကို နှိမ့်ချခြင်းသည် အလွန်လေးစားဖို့ကောင်းသည့် အရည်အသွေးတစ်ခုဖြစ်ပါသည်။ ပညာရှိသူတော်ကောင်းများကလည်း မိမိကိုယ်မိမိ နှိမ့်ချသူများကို ချီးမွမ်းကြပါသည်။ အထူးသဖြင့် ရာထူးအာဏာရှိသူ၊ ချမ်းသာကြွယ်ဝသူ၊ အောင်မြင်ကျော်ကြားသူက မိမိကိုယ်မိမိ နှိမ့်ချပြောဆိုပြုမူတာကို တွေ့ရသည့်အခါ လူတွေက ချစ်ခင်လေးစားကြည်ညိုကြပါသည်။ အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ နှိမ့်ချသည့်စိတ်ထားကို အောက်ပါအဖြစ်အပျက်မှ သိနိုင်ပါသည်။ တစ်ခါ၌ ဗိုလ်ချုပ်က ပဒေသာကပွဲတစ်ခုကို ကြည့်ချင်သည့်အတွက် ကိုယ်ရေးအရာရှိကို လက်မှတ်ဝယ်ခိုင်းပါသည်။ ကိုယ်ရေးအရာရှိက "ဗိုလ်ချုပ်အတွက် အထူးတန်းက စီစဉ်လိုက်မယ်" ဟု ပြောသောအခါ ဗိုလ်ချုပ်က "မလုပ်နဲ့" ဟုဆိုကာ လက်မှတ်သာ ဝယ်ခိုင်းလိုက်ပါသည်။ ညနေ ပွဲပြချိန်နီးသောအခါ ဗိုလ်ချုပ်နှင့် မိသားစု ပဒေသာကပွဲကို ရောက်လာပါသည်။ ဗိုလ်ချုပ်လာမည်ကို သိ၍ စောင့်နေသော ပဒေသာကပွဲ စီစဉ်သူများကလည်း အထူးတန်းမှာထိုင်ရန် ဗိုလ်ချုပ်ကိုပြောပါသည်။ ဗိုလ်ချုပ်က လက်မခံဘဲ လက်မှတ်ဝယ်ထားသည့် ထိုင်ခုံတွင်သာ မိသားစုနှင့်ထိုင်ကာ ပျော်ပျော်ရွှင်ရွှင် ကြည့်သွားပါသည်။ ဗိုလ်ချုပ်၏ နှိမ့်ချသည့်စိတ်၊ ပကာသနကို မမက်မောသည့်စိတ်၊ ရိုးသားဖြောင့်မတ်သည့်စိတ်ကို မြန်မာပြည်သူ ပြည်သားတွေ ချစ်ကြခြင်းဖြစ်ပါသည်။ ရိုသေလေးစားကြခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဗိုလ်ချုပ်ကွယ်လွန်ခဲ့သည်မှာ နှစ်ပေါင်း ၇၀ ကျော်ခဲ့ပြီဖြစ်သော်လည်း ဗိုလ်ချုပ်ကို ကျွန်တော်တို့ ချစ်ခင်ဆဲ၊ လေးစားဆဲ ဖြစ်ပါသည်။

ယနေ့ ရာထူးအာဏာရှိသူ၊ ငွေကြေးချမ်းသာသူ၊ အောင်မြင်ကျော်ကြားသူအများစုသည် မိမိကိုယ်မိမိနှိမ့်ချရန် အားနည်းသည့်အပြင် ပွဲလမ်းသဘင် အခမ်းအနားများတွင် ဗွီအိုင်ပီ (VIP) နေရာကိုသာ လိုချင်ကြပါသည်။ တချို့က ဗွီအိုင်ပီသာမက ဗွီဗွီအိုင်ပီ (VVIP)နေရာပေးရန် တောင်းဆိုကြပါသည်။ မရသည့်အခါ စိတ်ဆိုးကြသည်ကိုလည်း တွေ့ရလေ့ရှိပါသည်။ မိမိကိုယ်မိမိ ဗွီအိုင်ပီဟု သတ်မှတ်ခြင်းသည် မိမိစိတ်ချမ်းသာမှုကို တစ်ပါးသူလက်ထဲသို့ ထည့်ခြင်းဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် မိမိကို ဗွီအိုင်ပီအဖြစ် ပြုမူပြောဆိုခြင်း မခံရလျှင် စိတ်ဆင်းရဲဒေါသ ဖြစ်ရပါမည်။ မိမိကိုယ်မိမိ နှိမ့်ချသူသည် အလိုရမ္မက်နည်း၍ စိတ်ချမ်းသာမှုကိုရပါမည်။ ကိုယ်က နေရာမလိုချင်တိုင်း လူတွေက နေရာပေးချင်သည်မှာ လောက၏ သဘာဝတရားဖြစ်ပါသည်။

ဘွဲ့ထူး ဂုဏ်ထူးများ ပိုင်ဆိုင်ထား၍ ပညာမာန်တက်နေသူများလည်း ရှိပါသည်။ "ငါ ပညာတတ်သည်၊ ငါဘွဲ့ထူးဂုဏ်ထူးတွေ အများကြီးရထားသည်" ဆိုကာ ပညာမာနကြောင့် မိမိကိုယ်မိမိ မနှိမ့်ချနိုင်ဖြစ်နေကြသူများဖြစ်ပါသည်။ "ငါ" ဆိုသည့် အတ္တကြီးသူများဖြစ်ပါသည်။ "ငါ" ဆိုသည့် အတ္တကြောင့် အသိပညာ ဆက်လက်ဆည်းပူးရန် တံခါးပိတ်သွားပါသည်။ ဓားဆိုသည်မှာ အမြဲသွေးနေမှ ထက်မည်ဖြစ်ပါသည်။ ထိုနည်းတူ ပညာသည်လည်း အမြဲဆည်းပူးလေ့လာနေရန် လိုအပ်ပါသည်။ မာနကြောင့် လေ့လာဆည်းပူးခြင်းကို ရပ်တန့်လိုက်ပါလျှင် မိမိ၏ ပညာအဆင့်လည်း တဖြည်းဖြည်း နိမ့်ကျသွားပါမည်။ "ငါအတတ်ဆုံး၊ ငါ အတော်ဆုံး" ဆိုသောမာနသည် တစ်နေ့ မိမိထက်တော်သူ၊ တတ်သူ၊ ထက်မြက်သူနှင့် တွေ့သောအခါ အရှက်ရပါမည်။

### အခမဲ့ ကူလီထမ်းခြင်းအကျိုး

နှိမ့်ချခြင်းနှင့်ပတ်သက်၍ ဆရာကြီး ဦးဖိုးကျားရေးခဲ့သည့် "အခမဲ့ကူလီထမ်းခြင်းအကျိုး" ဆိုသည့်ဖြစ်ရပ်မှန်ဝတ္ထုကို ပြောပြလိုပါသည်။

ဆရာကြီးဦးဖိုးကျားသည် မြို့ငယ်တစ်ခုသို့ အမျိုးသားကျောင်းကို စစ်ဆေးရန် မီးရထားဖြင့် သွားပါသည်။ ဆရာကြီး ဦးဖိုးကျား၏မိတ်ဆွေက လာကြိုသော်လည်း ဘူတာအနီးတွင်နေသည့် မိတ်ဆွေဟောင်းအိမ်ကို ဝင်လည်လို၍ လာကြိုသူကို ဆရာကြီးက ပြန်လွှတ်လိုက်ပါသည်။ ဘူတာမှ ထွက်ခါနီးတွင် သပ်ရပ်စွာ ဝတ်ဆင်ထားသော သနားကမား လူငယ်တစ်ယောက် စိတ်ဆိုးနေသည့်ပုံကို တွေ့ရ၍ ဆရာကြီး ဦးဖိုးကျားက အကျိုးအကြောင်းကို မေးပါသည်။ အိမ်က လာမကြို၍တစ်ကြောင်း၊ မြင်းလှည်းလည်း မရှိတော့၍ တစ်ကြောင်း၊ အိတ်သယ်မည့်သူ မရှိသည်က တစ်ကြောင်းတို့ကြောင့် စိတ်မကြည်မသာ ဖြစ်နေရကြောင်း ပြောပါသည်။ ဆရာကြီးက အိတ်ကို အိမ်အထိ ကူသယ်ပေးမည်ဟုပြောရာ လူငယ်ကလည်း ကူလီခပေးပါမည်ဟု ပြောပါသည်။ ဆရာကြီး ဦးဖိုးကျားလည်း အိတ်ကိုဆွဲပြီး လူငယ်နှင့်အတူ လမ်းလျှောက်ကာ လူငယ်အိမ်သို့ လိုက်ပို့ပေးပါသည်။ လမ်းတွင် လူငယ်က သူ၏အမည်မှာ မောင်သောင်းဖြစ်ပြီး ကောလိပ်ကျောင်းသား တစ်ယောက်ဖြစ်ကာ ကျောင်းပိတ်၍ အိမ်ပြန်လာကြောင်းနှင့် ကောလိပ်အတွေ့အကြုံများကို ကြွားဝါပြောဆိုပါသည်။ ဆရာကြီးဦးဖိုးကျားသည် အမျိုးသားပညာဝန် တစ်ယောက်ဖြစ်သော်လည်း မိမိအကြောင်းကို မပြောဘဲ မိမိကိုယ်မိမိနှိမ့်ချ၍ အိတ်ဆွဲကာ မောင်သောင်းကို အိမ်အထိ ပို့ပေးခဲ့ပါသည်။

မောင်သောင်း၏ဖခင်သည် ကျောင်းဥက္ကဋ္ဌဖြစ်၍ နောက်တစ်နေ့တွင် ဆရာကြီးဦးဖိုးကျားနှင့် ကျောင်းကော်မတီဝင်များကို အိမ်သို့ ထမင်းစားဖိတ်သည့်အခါ မောင်သောင်းလည်း အဖြစ်မှန်ကို သိပြီး ကြွားဝါခြင်းထက် နှိမ့်ချခြင်းသည် ပညာရှိသူတော်ကောင်းများ၏ အမူအကျင့်ဖြစ်သည်ကို နားလည်သွားပါသည်။ ရန်ကုန်ရှိ ဆရာကြီး ဦးဖိုးကျားအိမ်သို့လည်း ငှက်ပျောခိုင်ကို ထမ်း၍ မောင်သောင်း သွားရောက်ပြီး ဆရာကြီးကို ကန်တော့ကာ အမြင်မှန်ရရှိသည့်အကြောင်းကို ပြောပြပါသည်။

ဆရာကြီးဦးဖိုးကျား၏ အခမဲ့ကူလီထမ်းခြင်း၏ အကျိုးသည် ပညာမာနကြောင့် မာန်တက်နေသည့် ကောလိပ်ကျောင်းသား မောင်သောင်းအကြောင်းဖြစ်ပါသည်။

ပညာကြောင့် မာန်တက်သလို ရုပ်ဆင်းအင်္ဂါ ပြေပြစ်ချောမောလှပ၍ မာန်တက်သူများလည်း ရှိပါသည်။ မာန်မာနရှိသူသည် နှိမ့်ချရန်ခက်ပါသည်။ နှိမ့်ချမှုကို မပြုလုပ်သူသည် နိဝါတောစ မင်္ဂလာတရားတော်နှင့် မကိုက်ညီပါ။

ရုပ်ဆင်းအင်္ဂါပြေပြစ်ချောမောလှပ၍ မာန်တက်သူများနှင့် ပတ်သက်၍ ဗုဒ္ဓဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က ဗိမ္ဗိသာရမင်းကြီး၏ ခေမာမိဖုရားသည် ချောမောလှပ၍ အလှဂုဏ်ကြောင့် မာန်တက်နေပါသည်။ တစ်နေ့သောအခါ ဝေဠုဝန်ကျောင်းတော်ကြီး သာယာပုံ၊ ကြည်နူးဖွယ်ကောင်းပုံကို မင်းကြီးက ခေမာမိဖုရားကြီးကို ခေါ်ဆောင် ပြသရာမှ ဗုဒ္ဓဘုရားရှင်နှင့် ဆုံမိပါသည်။ ဗုဒ္ဓဘုရားရှင်က ခေမာမိဖုရားကြီး၏ လှပသည့် အဆင်းကြောင့်ဖြစ်သည့် မာနကို သတိတရားရစေလို၍ မိဖုရားကြီးထက် အဆပေါင်းများစွာ ချောမောလှပသော နတ်သမီးတစ်ပါးကို ဖန်ဆင်းပြီး ဗုဒ္ဓဘုရားရှင်ကို ယပ်ခပ်စေသည်။ ခေမာမိဖုရားကြီးသည် မိမိထက် အဆပေါင်းများစွာ ချောမောလှပသော အမျိုးသမီးကို အာရုံစိုက်ကြည့်နေစဉ် အမျိုးသမီးသည် တစ်စတစ်စ အိုမင်းရင့်ရော်လာသည်။ ထို့နောက် ဝေဒနာကြောင့် ညည်းညူကာ ကြမ်းပြင်ပေါ်သို့ လဲကျရာမှ သေဆုံးသွားသည်။ အဖြစ်အပျက်ကို မြင်ရသော ခေမာမိဖုရားကြီးလည်း သတိသံဝေဂ တရားရကာ ဘိက္ခုနီဘဝသို့ ကူးပြောင်းခဲ့ပါသည်။

ရုပ်ဆင်းအင်္ဂါ ပြေပြစ်ချောမောလှပသူများသည် မိမိ၏ရုပ်အဆင်းကို အားကိုး၍ မာန် မတက်သင့်ပါ။ ရုပ်ဆင်းအင်္ဂါပြေပြစ် ချောမောလှပခြင်းသည် မမြဲသည့်တရား ဖြစ်ပါသည်။ စိတ်လှပခြင်းသာ ရေရှည်တည်တံ့နိုင်ပါသည်။ မိမိစိတ်ကို နှိမ့်ချနိုင်သူသည် စိတ်လှသူဖြစ်ပါသည်။ တစ်ဖက်သားကို လေးလေးစားစားဆက်ဆံခြင်းကို မိမိစိတ်ကို မိမိနှိမ့်ချနိုင်သူများသာ ဆောင်ရွက်နိုင်ပါသည်။ အမေရိကန်နိုင်ငံ၏ ၄၄ ယောက်မြောက် သမ္မတဖြစ်ခဲ့သူ ဘားရက်အိုဘားမားသည် မိမိစိတ်ကို အလွန်နှိမ့်ချသည့် သမ္မတကြီးဖြစ်ပါသည်။ ဘားရက်အိုဘားမားသည် အမေရိကန်နိုင်ငံ၏ ပထမဦးဆုံးသောလူမည်း သမ္မတဖြစ်သော်လည်း လူတိုင်းအပေါ် လေးလေးစားစား ဆက်ဆံတတ်သည့် သမ္မတကြီး၏ အမူအကျင့်ကြောင့် အမေရိကန်ပြည်သူများက သမ္မတကြီးကိုချစ်ကြပါသည်။ ၂၀၁၃ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် သမ္မတကြီးသည်

*စာမျက်နှာ ၂၁ သို့*

> **❖ မိမိကိုယ်မိမိ ဗွီအိုင်ပီဟုသတ်မှတ်ခြင်းသည် မိမိစိတ်ချမ်းသာမှုကို တစ်ပါးသူလက်ထဲသို့ထည့်ခြင်းဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် မိမိကို ဗွီအိုင်ပီအဖြစ် ပြုမူပြောဆိုခြင်းမခံရလျှင် စိတ်ဆင်းရဲဒေါသ ဖြစ်ရပါမည်။ မိမိကိုယ်မိမိ နှိမ့်ချသူသည် အလိုရမ္မက်နည်း၍ စိတ်ချမ်းသာမှုကိုရပါမည်။ ကိုယ်က နေရာမလိုချင်တိုင်း လူတွေက နေရာပေးချင်သည်မှာ လောက၏ သဘာဝတရားဖြစ်ပါသည်**

ဗုဒ္ဓအဆုံးအမဖြင့် အောင်မြင်ခြင်းစာအုပ်ပါ အကြောင်းအရာများသည် မင်္ဂလာတရားတော် ၃၈ ပါးအနက်မှ ၃၁ ပါးကို ခေတ်အမြင်ဖြင့် စာရေးသူက တစ်ပါးချင်းလေ့လာပြီး ဘဝအတွေ့အကြုံများပါပေါင်းစပ်ရေးသားထားခြင်း ဖြစ်ပါသည်။ စာဖတ်သူပရိသတ်များအနေဖြင့် မင်္ဂလာတရားတော်နှင့်အညီ လောကီအကျိုး၊ လောကုတ္တရာအကျိုးများ ရရှိဆင်ခြင်နိုင်စေရန် စေတနာမွန်ဖြင့် ထုတ်နုတ်ဖော်ပြခြင်း ဖြစ်ပါသည်။

**စာတည်းအဖွဲ့**

# စာပေဗိမာန်စာမူဆုရစာအုပ်များ ဖြန့်ချိရောင်းချ

နေပြည်တော် နိုဝင်ဘာ ၁၃

**ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန်စာမူဆုရရှိသည့် စာအုပ်များကို ဖြန့်ချိရောင်းချလျက်ရှိသည်။**

**ဇော်ဦးငြိမ်း၏ "ဗွီအက်စ်နိုင်ပေါလ်၏ စိတ်ကူးရောင်စုံဝတ္ထုတိုများစုစည်းမှု"**

**ဘာသာပြန်စာပေ(ရသ) ပထမဆု**

ယင်းစာအုပ်တွင် ၂၀၀၁ ခုနှစ် စာပေဆိုင်ရာနိုဘယ်ဆုရှင် အိန္ဒိယနွယ်ဖွား ဗြိတိသျှနိုင်ငံသား စာရေးဆရာကြီး ဗွီအက်စ်နိုင်ပေါလ်၏ ဝတ္ထုတိုများစုစည်းမှုမှ ကောက်နုတ်ထားသော သူ့မွေးဇာတိ ထရီနီဒတ်ကျွန်းနိုင်ငံနောက်ခံ ဝတ္ထုတိုခြောက်ပုဒ်ဖြစ်သည်။ ဗွီအက်စ်နိုင်ပေါလ်၏ မထင်မှတ်သော အလှည့်အပြောင်း၊ အထေ့အငေါ့များဖြင့် စာရေးဟန်မှာ သူမတူသော စွမ်းရည်တစ်ရပ်ပင်။ ကိုးကွယ်ယုံကြည်မှု၊ တပည့်ငယ်သားများအပေါ် အနိုင်ကျင့်တတ်သော ဆရာ၊ ဂုဏ်သိက္ခာနှင့် ဘဝအကျပ်အတည်း၊ မပြေနိုင်သော ပူဆွေးသောကနှင့် အားနာတတ်သောစိတ်၊ ဗျူရိုကရေစီဆန်လွန်းသူ ကိုယ့်ရှူးကိုယ်ပတ်ဖြစ်ရပ်၊ အမေ၏ အထင်ကြီးမှုနှင့် မေတ္တာကို လိုချင်သောသား စသည့်ဖြစ်ရပ်စုံများကို ရေးသားထားသော ရသဘာသာပြန်စာအုပ်ဖြစ်ပြီး ရောင်းဈေးမှာ ငွေကျပ် ၂၀၀၀ ဖြစ်သည်။

**ရန်ကုန်ငွေဇော်၏ "အသက်ရှည်ပါရေ"**

**လူငယ်စာပေ ပထမဆု**

ယင်းစာအုပ်တွင် ဝတ္ထုဟန်ရေးသားထားသော စာမူ ခုနစ်ပုဒ် ပါဝင်သည်။ အညာဒေသ၏ ရေအခက်အခဲမှသည် ရေသည်ဆေးဖြစ်ကြောင်း၊ မြေအောက်ရေ လုံလောက်အောင် ထိန်းသိမ်းသုံးစွဲရန်လိုကြောင်း ပညာပေး ရေးသားထားသည့်အပြင် လူကုန်ကူးခံရသော မိန်းကလေးများ၏ ဘဝနှင့် ကယ်တင်စောင့်ရှောက်ရေးကဏ္ဍ၊ လူငယ်လူရွယ်တို့၏ လက်တွေ့ကျသော မြို့ပြထူထောင်ရေးလုပ်ငန်း၊ အနှိမ်ခံဒုက္ခသည်လူတန်းစားတို့၏အခြေအနေ၊ အိမ်ခြေရာခြေမဲ့တို့၏ ဘဝ၊ အမှိုက်ကောက် လူတန်းစားတို့၏ ဝမ်းစာရှာဖွေမှု စသည်တို့ကို အလွှာစုံအောင် ရေးသားထားသည်။ ထို့ပြင် ပရဟိတကျောင်းအချို့မှ ခါးသီးသောအတွေ့အကြုံလည်း ပါဝင်ရေးသားထားသည့်အတွက် ဘဝမျိုးစုံကို စုတ်ချက်အထူအပါး၊ ဆေးသားအနုအရင့် သင့်ရာရွေးချယ် ပန်းချီကားချပ်သဖွယ်ရေးသားထားသည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပြီး ရောင်းဈေးမှာ ငွေကျပ် ၂၀၀၀ ဖြစ်သည်။

**အောင်ပန်းဝေ(LL.B)၏ "မြန်မာ့ရုပ်သေး ကြိုးဆွဲနည်းပညာ"**

**မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ ဒုတိယဆု**

ယင်းစာအုပ်တွင် ရုပ်စုံ(ရုပ်သေး) ကြိုးဆွဲနည်းဆိုင်ရာပညာရပ်ကို မတိမ်ကော မပပျောက်စေရန် ရည်ရွယ်၍ ကမ္ဘာ့ရုပ်သေးအမျိုးအစားများနှင့် မြန်မာ့ရုပ်သေးသမိုင်းတို့ကို ဖော်ထုတ် တင်ပြထားသည်။ ရုပ်သေးကြိုးဆွဲရာတွင် အသုံးပြုသည့် ကြိုး၊ ဂျက်၊ ကိရိယာများ၊ တီးကြိုး၊ မောင်းရင်းကြိုး၊ လက်ဖျားကြိုး၊ ကကြိုးများ၏ ဆွဲနည်း၊ သတ်နည်း၊ ကြိုးပြင်နည်း၊ ကြိုးတပ်ဆင်နည်းများကို အသေးစိတ်ရှင်းလင်းရေးသားထားသည်။ ထို့ပြင် ဒုတိယကမ္ဘာစစ်အတွင်း ထင်ရှားခဲ့သည့် ရုပ်သေးကြိုးဆွဲပညာရှင်များအကြောင်းကိုပါ ရေးသားဖော်ပြထားသောကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာကို မြတ်နိုးသူများနှင့် သုတေသနပြုလိုသူများအတွက် လက်ဝယ်ဆောင်ထားသင့်သည့် စာအုပ်ကောင်းဖြစ်ပြီး ရောင်းဈေးမှာ ငွေကျပ် ၁၈၀၀ ဖြစ်သည်။

**"ရိုးရာပုံပြင် စာပေစာတမ်းများ"**

ယင်းစာအုပ်ကို ၁၉၈၉ ခုနှစ်တွင် အတွဲနှစ်တွဲခွဲ၍ ပြည်သူ့လက်စွဲစာစဉ်အဖြစ် စာပေဗိမာန်က ပထမအကြိမ်ထုတ်ဝေခဲ့ပြီး ယခုအခါ စာပေဗိမာန်က အတွဲနှစ်တွဲကို တစုတစည်းတည်းပေါင်း၍ ဒုတိယအကြိမ် ပြန်လည်ထုတ်ဝေခြင်းဖြစ်သည်။ ယင်းစာအုပ်တွင် ဆရာကြီး ဦးတင်လှ(မောင်မြန်မာ)၊ ဆရာကြီး ဦးကျော်အောင်(ကျော်အောင်)၊ ဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်းနှင့် ဆရာကြီး ဦးမင်းနိုင်တို့ ဖတ်ကြားတင်သွင်းခဲ့သည့် ရိုးရာပုံပြင်ဟူသည်၊ နိုင်ငံတကာရိုးရာပုံပြင်၊ မြန်မာ့ရိုးရာပုံပြင်နှင့် တိုင်းရင်းသားရိုးရာပုံပြင်များ စာတမ်းလေးစောင် ပါဝင်သည်။

ရိုးရာပုံပြင်များ ဖြတ်သန်းလာခဲ့ရသော ခရီးမှာ အလွန်ရှည်လျားပြီး ခေတ်အဆက်ဆက်ကို ကျော်လွန်ဖြတ်သန်းလာခဲ့ရခြင်း၊ တစ်ဦး၏နှုတ်မှ ပြောဆိုသောစကားကိုမှတ်၍ တစ်ဆင့်ပြန်လည်ပြောပြရခြင်း၊ ပုံပြင်ပြောသူများ၏ အသိဉာဏ်ချင်း မတူညီခြင်း၊ ဘာသာစကားတံတိုင်းကြီးကို ခက်ခဲစွာကျော်လွှားရခြင်း၊ နယ်မြေအပိုင်းအခြားကို နည်းအမျိုးမျိုးဖြင့် ဖြတ်ကျော်ရခြင်း စသည့် အခက်အခဲမျိုးစုံကို ရင်ဆိုင်ကာ အောင်မြင်စွာ ချီတက်ခဲ့သော ရိုးရာပုံပြင်များ တိမ်ကောပပျောက်သွားခြင်း မရှိစေရန် ရည်ရွယ်ချက်ဖြင့် ပြန်လည်ထုတ်ဝေထားသော စာအုပ်ဖြစ်သည့်အတွက် စာဖတ်ပရိသတ်များကို သုတရောရသပါ ရရှိစေမည်ဖြစ်ကာ ရောင်းဈေးမှာ ငွေကျပ် ၅၀၀၀ ဖြစ်သည်။

အဆိုပါ စာအုပ်များကို အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁- ၈၃၈၁၄၄၈)၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင်(ဖုန်း ၀၆၇ -၃၄၁၄၆၈၁)၊ ၈၆လမ်း၊၂၁လမ်းနှင့် ၂၂လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဌာန (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈) တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

သတင်းစဉ်




## "ခြေအသားမာ၏ ဝေဒနာအပိုင်းအစနှင့် အခြားကဗျာများ"




စာရေးဆရာ "ရာမည-သွေးမွန်" စီစဉ်ရေးသားခဲ့သည့် "ခြေအသားမာ၏ဝေဒနာအပိုင်းအစနှင့် အခြားကဗျာများ" စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် စာရေးသူသည် ရှည်လျားသော စာရေးသက်တစ်လျှောက် စာပေအနုပညာခံစားမှုရသ ကဗျာစာစုများကို ကျဲပါးစွာ ဖန်တီးရေးသားဖြစ်ခဲ့သည်။ ၁၉၆၈ ခုနှစ်မှ ယနေ့တိုင် စာရေးသက်ဟု သတ်မှတ်ပါက နှစ်(၅၀)ကျော်ပြီဖြစ်ပြီး "သွေးသောက်မဂ္ဂဇင်း" သည် ၎င်း၏ အနုရသ ဘူမိနက်သန်ပင်ဖြစ်သည်။ ထိုမှတစ်ဆင့် မြဝတီမဂ္ဂဇင်း၊ နိုင်ငံ့ဂုဏ်ရည်၊ ရင်ခုန်သံ၊ စစ်ပြန်၊ ပေဖူးလွှာ၊ ပါရမီ၊ မဟေသီ၊ မန္တလေးတိုင်းမ်၊ အထက်မြန်မာပြည် စသည်ဖြင့် စာနယ်ဇင်းမျိုးစုံတွင် ကလောင်ခြေဆန့်ခဲ့ရာမှ ဘဝအခြေအနေ၊ လောကမုန်တိုင်းအနိမ့်အမြင့် အတက်အကျ လှိုင်းတံပိုးအောက်မှ "ခြေအသားမာ၏ ဝေဒနာအပိုင်းအစနှင့် အခြားကဗျာများ"ကို ရှင်သန်စေခဲ့သည်။

သို့ဖြစ်၍ ၎င်း၏ လူ့ဘဝသက်တမ်း တိုတိုလေးတွင် လက်ရင်းဆရာ ချစ်နိုင်(စိတ်ပညာ) ဆိုသကဲ့သို့ သေမင်း၏ အသက်ရှူသံကိုပင် ကြားရလောက်အောင် သေမင်းနှင့်နီးကပ်နေပြီးဖြစ်ရာ လူ့ဘဝကို ရောက်ခဲ့တယ်ဆိုတာ သေချာအောင် စာအုပ်တစ်အုပ် ထုတ်ခဲ့ခြင်းသာ ဖြစ်ကြောင်း စာရေးသူက ဝန်ခံထားသည်။

စာအုပ်ကို ချန့်ချန်စာပေ၊ ဦးစိုးမင်းအောင်(၀၀၁၈၇) အမှတ် ၂၇၊ ၁၇ လမ်း လသာမြို့နယ်၊ ရန်ကုန် ဖုန်း ၀၉ - ၄၃၀၆၄၃၁၉ နှင့် ဦးသိန်းဟန် အိမ်အမှတ်(၁၄)၊ တိုက်(၁၀၄) ခရေအိမ်ရာ နေပြည်တော် ဖုန်း ၀၉ - ၄၀၃၇၀၆၉၇၁ တို့မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိသည်။

## ဆောင်းရာသီအခြေခံဘောလုံးအားကစားသင်တန်းဖွင့်

**မော်လမြိုင်ကျွန်း နိုဝင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် ဆောင်းရာသီအားကစားလှုပ်ရှားမှုအဖြစ် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြို့နယ်ဘောလုံးဆပ်ကော်မတီတို့ပူးပေါင်း၍ ဖွင့်လှစ်သော ဆောင်းရာသီ အခြေခံဘောလုံးအားကစားသင်တန်းကို နိုဝင်ဘာ ၃ ရက်မှ ၂၃ ရက်အထိ ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

အဆိုပါသင်တန်းသို့ မြို့နယ်အတွင်းရှိ အသက် ၁၇ နှစ်အောက် လူငယ် ၄၅ ဦးတက်ရောက်ပြီး မြို့နယ်ဘောလုံးဆပ်ကော်မတီမှ နည်းပြ ငါးဦးက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သင်တန်းကာလသုံးပတ်ကြာအထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

အောင်အောင်(ပြန်/ဆက်)

## ကြည့်မြင်တိုင်မြို့နယ်၌ အသက် ၁၈နှစ်နှင့်အထက် ပြည်သူများအား ကိုဗစ် - ၁၉ ကာကွယ်ဆေး ထိုးနှံပေး

**ရန်ကုန် နိုဝင်ဘာ ၁၃**

ကြည့်မြင်တိုင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးကြပ်၍ မြို့နယ်ကျန်းမာရေးဌာနမှ တာဝန်ရှိသူများက မြို့နယ်အတွင်း ရပ်ကွက်များရှိ အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ကိုဗစ်- ၁၉ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ နိုဝင်ဘာ ၁၂ ရက်တွင် အိုးဘိုရပ်ကွက်၊ ကျောင်းကြီးလမ်းရှိ မဟာပုညောပကာရဓမ္မာရုံ၌ ကာကွယ်ဆေးများ ထိုးနှံပေးသည်။

အိုးဘိုရပ်ကွက်မှ လူဦးရေ ၁၀၀၊ ဘောဂရပ်ကွက်မှ လူဦးရေ ၁၀၀၊ ဈေးကြီး(အရှေ့)ရပ်ကွက်မှလူဦးရေ၁၀၀တို့အား ကာကွယ်ဆေးများထိုးနှံပေးခြင်းဖြစ်ပြီး ကြည့်မြင်တိုင်မြို့နယ်အတွင်း၌ ရပ်ကွက် ၂၂ ခုရှိရာ နိုဝင်ဘာ ၁၁ ရက်အထိ ကိုဗစ်ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးသူ ၂၁၀၆၅ ဦးရှိကြောင်း သိရသည်။

**ကိုကြီးတင်**

## ဖျာပုံမြို့နယ်၌ မိုးစပါး ပေါ်ဆန်းမွှေးစံကွက်ရိတ်သိမ်း

**ဖျာပုံ နိုဝင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်နှင့် မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ မိုးစပါး စံကွက်ရိတ်သိမ်းခြင်းကို နိုဝင်ဘာ ၁၂ ရက်က ဖျာပုံမြို့နယ် ကျုံကူကျေးရွာအုပ်စု ကွင်းအမှတ်(၄၄၇) ကျုံကူကွင်း ဦးပိုင်အမှတ် (၂၂/၄)ရှိ တောင်သူဦးဇော်နိုင်၏ လယ်မြေအတွင်း၌ ပြုလုပ်ခဲ့ရာ ပေါ်ဆန်းမွှေး (ဒေသအခေါ် တောင်ပျံစပါး)တစ်ဧကမှ ၇၉ ဒသမ ၉၉ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။

စံကွက်ရိတ်သိမ်းမှုကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေဝင်း၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသက်ထားမောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြည့်ရှုသည်။

ဖျာပုံခရိုင်၌ ယခုနှစ်အတွင်း မိုးစပါး ၈၇၈၀၇၁ ဧက စိုက်ပျိုးထားရှိပြီး ဆောင်းသီးနှံစပါးကို ဧက ၄၀၁၃၄၀ စိုက်ပျိုးရန် လျာထားကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်အေးအေးခိုင်ထံမှ သိရသည်။

**ဘုန်းမောင်**

*စာမျက်နှာ ၂၀ မှ*

ခရီးထွက်ရန်အတွက် မရိန်း ၁ ခေါ် ရဟတ်ယာဉ်ပေါ်သို့အတက် ရဟတ်ယာဉ် လှေကားခြေရင်းတွင် အလေးပြု၍ နှုတ်ဆက်နေသူ မရိန်းတပ်သားကို သတိမပြုမိဘဲ ရဟတ်ယာဉ်ပေါ်သို့ တက်သွားပါသည်။ ရဟတ်ယာဉ်ပေါ်ရောက်မှ မရိန်းတပ်သားကို သတိပြုမိ၍ ပြန်ဆင်းလာပြီး မရိန်းတပ်သားကို ဂရုတစိုက် လက်ဆွဲနှုတ်ဆက်ပါသည်။ ဤအဖြစ်အပျက်ကို စီအင်န်အင်န်မှ ထုတ်လွှင့်ပြသခဲ့ပါသည်။ အမေရိကန်နိုင်ငံ၏ သမ္မတကြီးဖြစ်သော်လည်း မရိန်းတပ်သားကို လေးလေးစားစား နှုတ်ဆက်နေခြင်းသည် သမ္မတကြီး၏ နှိမ့်ချသည့်စိတ်ကို ဖော်ပြပါသည်။

နိဂုံးချုပ်အနေဖြင့် လွဲမှားသည့်မာနများကို ရှောင်ရှားနိုင်မှသာ မိမိ၏ စိတ်ကို နှိမ့်ချနိုင်ပါမည်။ မိမိကိုယ်မိမိ နှိမ့်ချနိုင်သူကို သူတော်ကောင်းများ၊ ပညာရှိများက ချီးမွမ်းကြပြီး လူအများ၏ ချစ်ခင်လေးစားမှုကိုလည်း ရရှိပါမည်။ နိဝါတောစ မင်္ဂလာကို ကျင့်ကြံအားထုတ်သူသည် မင်္ဂလာတရားတော်နှင့်အညီ ချမ်းသာအောင်မြင်မှုကို ရရှိပါမည်။

**"မှတ်သားစရာ"**

ပညာတတ်သူ၊ ရုပ်အဆင်းပြည့်စုံသူ၊ ရာထူးအာဏာရှိသူတို့သည့် မာန်မာနကိုချိုးနှိမ်၍ တစ်ဖက်သားကို လေးလေးစားစားဆက်ဆံပါမှ ပညာရှိသူတော်ကောင်းများ ဖြစ်ပါမည်။

**ကျမ်းကိုး**

၁။ ဇာတ်တော် ငါးရာ့ငါးဆယ်။ မာဏဝပြုစုသည်။

၂။ အမျိုးသားပညာဝန် ဦးဖိုးကျား၏ (ကိုယ်တွေ့ဝတ္ထုများ)။

၃။ မင်္ဂလာ အဘိဓာန်။ နိုင်ပြည်သူ။

# သြစတြေးလျနိုင်ငံမှ ကမ္ဘာ့ချန်ပီယံစက်ဘီးသမား ကာရယ်လီ မက်ကော်လိခ် ကစားသမားဘဝမှ အနားယူတော့မည်ဟု ကြေညာ

ကမ္ဘာ့ချန်ပီယံစက်ဘီးသမား ကာရယ်လီ မက်ကော်လိခ်မှာ အားကစားသမားဘဝမှ အနားယူတော့မည်ဟု ကြေညာခဲ့သည်။ ၎င်းမှာ ယခုနှစ်အစောပိုင်း၌ တိုကျိုအိုလံပစ် အားကစားပြိုင်ပွဲတွင် ယှဉ်ပြိုင်ရန်အတွက် နောက်ကျောဒဏ်ရာကြောင့် လက်ရွေးစင်အဖြစ်မှ လွဲချော်ခဲ့သည်။

အသက် ၃၃နှစ်အရွယ် ကာရယ်လီ မက်ကော်လိခ်မှာ ကမ္ဘာ့ချန်ပီယံလေးကြိမ်ရထားသူဖြစ်ပြီး ၂၀၁၂ ခုနှစ် လန်ဒန်အိုလံပစ်ပြိုင်ပွဲတွင် အသင်းလိုက် ကြေးတံဆိပ်ဆုရရှိခဲ့သူလည်းဖြစ်သည်။ ကာရယ်လီ မက်ကော်လိခ်နှင့် စတက်ဖနီ မော်တွန်တို့မှာ တိုကျိုအိုလံပစ်ပြိုင်ပွဲ မတိုင်မီ အသင်းလိုက် ဆုတံဆိပ်ရရှိရန် နာမည်ကြီးနေသော်လည်း အိုလံပစ်ပွဲမှာ ကိုဗစ်ကြောင့် ရွှေ့ဆိုင်းခဲ့ရသည်။ ယင်းပွဲမတိုင်မီ မော်တွန်က အားကစားသမားဘဝမှ အနားယူသွားခဲ့သည်။

သြစတြေးလျနိုင်ငံသည် အမျိုးသမီးစက်ဘီးစီးပြိုင်ပွဲတွင် မက်ကော်လိခ်၊ မော်တွန်နှင့် အန်နာ မီရာစ်တို့ဖြင့် အင်အားကောင်းခဲ့သည်။ သို့သော်လည်း အန်နာမီရာစ်သည် ၂၀၁၆ ခုနှစ် ရီယိုအိုလံပစ်အားကစားပြိုင်ပွဲ ပြီးနောက် အနားယူခဲ့ပြီး မက်ကော်လိခ်နှင့် မော်တွန်တို့မှာလည်း ယခုအခါ အားကစားသမားဘဝမှ အနားယူသွားပြီဖြစ်သည်။

**အောင်**



ကမ္ဘာ့ချန်ပီယံစက်ဘီးသမား ကာရယ်လီမက်ကော်လိခ်



နိုဗက်ဂျိုကိုဗစ်

## ATP Finals မှာ နော်ဝေတင်းနစ်ကစားသမား ကတ်စပါရုဒ်နဲ့ ယှဉ်ပြိုင်မယ့် ဂျိုကိုဗစ်

နိုဗက်ဂျိုကိုဗစ်ဟာ နော်ဝေတင်းနစ်ကစားသမား ကတ်စပါရုဒ်နဲ့ နိုဝင်ဘာ ၁၅ ရက်နေ့မှာ ပွဲဦးထွက်ယှဉ်ပြိုင်ကစားရမှာပဲဖြစ်ပါတယ်။ ဆားဘီးယား ကမ္ဘာ့နံပါတ်တစ်တင်းနစ်ကစားသမား နိုဗက်ဂျိုကိုဗစ်ဟာ ATP Finals ဖလားခြောက်ခုရရှိထားတဲ့ ရော်ဂျာ ဖက်ဒါရာရဲ့ စံချိန်ကို အမီလိုက်နိုင်ဖို့ မျှော်မှန်းထားတယ်လို့လည်း သိရပါတယ်။

ရာသီကုန်အမျိုးသားပွဲစဉ်ကို ထိပ်ဆုံးအမျိုးသားရှစ်ဦးရဲ့ တစ်ဦးချင်းကစားသမားတွေနဲ့ နှစ်ယောက်တွဲအသင်းတွေ ကစားကြမှာဖြစ်ပြီး အဲဒီပွဲကို နိုဝင်ဘာ ၂၁ ရက်မှာ အီတလီနိုင်ငံ တူရင်မြို့မှာ ကျင်းပမှာဖြစ်ပါတယ်။

ဖလားလုပွဲမှာ ဖက်ဒါရာကို အနိုင်ရရှိခဲ့ပြီး ၂၀၁၅ မှာ ငါးခုမြောက်ဖလားကိုရရှိခဲ့တဲ့ ဂျိုကိုဗစ်ဟာ ကမ္ဘာ့အဆင့် တစ်၊ နှစ်၊ သုံးကစားသမားတွေဖြစ်တဲ့ စတီဖနိုစ်ဆစ်ဆီပက်စ်၊ ရုရှားကစားသမား အန်ဒရီရုဘလက်ဗ်နဲ့ ရုဒ်တို့နဲ့အတူ Green Group ထဲကို ဝင်လာပါတယ်။ ချန်ပီယံကာကွယ်သူနဲ့ US Open အနိုင်ရရှိသူ ဒါနီလ်မက်ဗီဒက်ဗ်ဟာ ဂျာမနီတင်းနစ်ကစားသမား အလက်ဇန္ဒာဇဗီဇက်ဗ်နဲ့ သရေကျခဲ့ပြီး မက်တီယိုဘာရက်တီနီနဲ့ ပိုလန်ကစားသမား ဟူးဘတ်ဟာ့ခ်ကေ့ဇ်တို့နဲ့အတူ Red Group ထဲရောက်ရှိခဲ့ပါတယ်။

အသက် ၂၅ နှစ်ရှိ မက်ဗီဒက်ဗ်ဟာ တနင်္ဂနွေနေ့ ATP Finals ဖွင့်ပွဲရဲ့ အမျိုးသားတစ်ဦးချင်းပွဲစဉ်မှာ ဟာ့ခ်ကေ့ဇ်နဲ့ ကစားကြမှာ ဖြစ်ပါတယ်။

အကယ်၍ ဂျိုကိုဗစ်နဲ့ မက်ဗီဒက်ဗ်တို့ဟာ သူတို့ရဲ့ အုပ်စုပွဲစဉ်အသီးသီးကို အနိုင်ရခဲ့မယ်ဆိုရင် သူတို့နှစ်ယောက်ဟာ ဖိုင်နယ်မှာ တွေ့ဆုံကြမှာ ဖြစ်ပါတယ်။

**လင်းခေတ်ဆန်**

## ကန့်ကွက်ဆန္ဒပြဥပဒေကိုချိုးဖောက်မှုနဲ့ အိုလံပစ်အလွတ်တန်း နှင်းလျှောစီးသမားကို ရဲများဖမ်းဆီးဒဏ်ရိုက်



ကန့်ကွက်ဆန္ဒပြဥပဒေကို ချိုးဖောက်ခဲ့မှုနဲ့ ဒဏ်ရိုက်ပြီးနောက် ဘီလာရုစ်ရဲများက အလွတ်တမ်း နှင်းလျှောစီးသမား အဲလိယက်ဆန်ဒရာ ရာမာနေ့ာကာယာကို နိုဝင်ဘာ ၁၁ ရက်က ဖမ်းဆီးထိန်းသိမ်းထားမှုမှ လွှတ်ပေးလိုက်ပါတယ်။

ဘီလာရုစ် အားကစားစည်းလုံး ညီညွတ်ရေးဖောင်ဒေးရှင်းက မင့်စ်မြို့မှာ လေ့ကျင့်ရေးကွင်းဆင်းပြီးနောက် ၂၀၁၉ ကမ္ဘာ့ချန်ပီယံ ရာမာနေ့ာကာယာကို ဖမ်းဆီးထိန်းသိမ်းခဲ့ခြင်းဖြစ်ကြောင်း ပြောကြားလိုက်ပါတယ်။

စွပ်စွဲထားတဲ့ပြစ်မှုတွေအတွက် သူ့ကို အမေရိကန်ဒေါ်လာ ၁၀၀၀ ကျော် ဒဏ်ရိုက်ခဲ့တယ်လို့ ဖောင်ဒေးရှင်းက ပြောပါတယ်။ တောင်ကိုရီးယားနိုင်ငံ ပြုံချန်းမှာ ၂၀၁၈ ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲဝင်ခဲ့တဲ့ အသက် ၂၅ နှစ်ရှိတဲ့သူ့ကို အုပ်ချုပ်ရေးဆိုင်ရာပြစ်မှုနဲ့ ဖမ်းဆီးထိန်းသိမ်းခဲ့ပါတယ်။ သို့သော်လည်း အသေးစိတ်ကိုတော့ ဖော်ပြပြောဆိုခြင်းမရှိခဲ့ပါဘူး။ ပြည်ထဲရေးဝန်ကြီးဌာနအရာရှိတွေကတော့ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ချက်ချင်း မှတ်ချက်တော့မပေးသေးပါဘူး။

**လင်းခေတ်ဆန်**

## ပေကျင်း ၂၀၂၂ ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲဝင်မယ့် အားကစားသမားနှစ်ဦး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွား

ပေကျင်း ၂၀၂၂ ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲအတွက် ဆေးစစ်မှုအတွင်း နိုင်ငံခြားအားကစားသမားနှစ်ဦး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေကြောင်း တွေ့ရှိခဲ့သည်။

ယခုလိုတွေ့ရှိခဲ့သည်ကို အားကစားပြိုင်ပွဲကျင်းပရေးကော်မတီမှ အရာရှိတစ်ဦးက အတည်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

တွေ့ရှိခဲ့သူနှစ်ဦးစလုံးမှာ Luge အားကစားသမားများဖြစ်ကြပြီး တစ်နိုင်ငံတည်းမှ ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေသည့် ကစားသမားနှစ်ဦးအား ဟိုတယ်သို့ ကွာရန်တင်းဝင်ရန် လွှဲအပ်ပို့ဆောင်ခဲ့ကြောင်း တရုတ်နိုင်ငံမြို့တော်၌ ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ပေကျင်း ၂၀၂၂ ဆောင်းရာသီ အိုလံပစ်အားကစားကျင်းပရေးကော်မတီအရာရှိက ဆက်လက်ပြောကြားခဲ့သည်။

**လင်းခေတ်ဆန်**

## ဘာစီလိုနာအသင်းကခေါ်ယူရန် ပစ်မှတ်ထားနေသည့် စတားလင်းကို မန်စီးတီးအသင်း ရောင်းချလို

ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းသည် လာလီဂါနာမည်ကြီး ဘာစီလိုနာအသင်းက ခေါ်ယူရန် ပစ်မှတ်ထားနေသည့် အသင်းမှ အင်္ဂလန်တိုက်စစ်ကစားသမား စတားလင်းကို ပေါင် ၄၅ သန်း ဝန်းကျင်ဖြင့် ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အသက် ၂၆ နှစ်အရွယ်ရှိ စတားလင်းသည် ၂၀၁၅ ခုနှစ်တွင် မန်စီးတီးအသင်းသို့ ပြိုင်ဘက်လီဗာပူးအသင်းမှ ပေါင်သန်း ၅၀ ဖြင့် ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်သည်။ ၎င်းသည် အီတီဟက်တွင် ခြောက်နှစ်ကြာဖြတ်သန်းပြီး ပွဲ ၃၀၇ ပွဲတွင် ၁၁၆ ဂိုး သွင်းယူပေးထားနိုင်သူဖြစ်သည်။ နောက်ပိုင်းပွဲစဉ်များတွင် မန်စီးတီးအသင်း၌ ဖီးလ်ဖိုဒင်နှင့် ဂျက်ဂရီးလစ်ချ်တို့ ခြေစွမ်းပြသထားနိုင်မှုကြောင့် စတားလင်းအနေဖြင့် ပုံမှန်ပွဲထွက်ခွင့်ပျောက်ဆုံးနေသူဖြစ်သည်။ မန်စီးတီးအသင်းနှင့် စတားလင်းတို့ ချုပ်ဆိုထားသော စာချုပ်သက်တမ်းမှာ ၂၀၂၃ ခုနှစ်အထိ ချုပ်ဆိုထားသည်။

ဘာစီလိုနာအသင်းသည် ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် စတားလင်းကို စာချုပ်ခေါ်ယူရန် ကမ်းလှမ်းခဲ့သော်လည်း ဘဏ္ဍာရေးအခက်အခဲကြောင့် ပျက်ပြယ်ခဲ့ဖူးကြောင်း သိရသည်။ ထို့ကြောင့် ဘာစီလိုနာအသင်းအနေဖြင့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် စတားလင်းကို ခေါ်ယူသွားနိုင်မလား စောင့်ကြည့်ရမည် ဖြစ်သည်။

**အောင်ဇော်**



# ကချင်ပြည်နယ်မှ တရုတ်နိုင်ငံသားများ နေရပ်ပြန်ရာတွင် တရားဝင် ဝင်ထွက်သွားလာရေး ဆွေးနွေး

**မြစ်ကြီးနား နိုဝင်ဘာ ၁၃**

ကချင်ပြည်နယ်အတွင်းမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသားများ အနေဖြင့် နေရပ်တရုတ်ပြည်သို့ ပြန်ရာတွင် တရားဝင် ဝင်ထွက်သွားလာစေရေးနှင့် ကိုဗစ်-၁၉ ရောဂါစစ်ဆေးခြင်းကိစ္စရပ်များကို စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် ကချင်ပြည်နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုန့်ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ယူနန်ဘုံကျောင်းမှ တာဝန်ရှိသူများနှင့် နိုဝင်ဘာ ၁၁ ရက်က တွေ့ဆုံဆွေးနွေးသည်။

ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံး မလိခန်းမ၌ ပြုလုပ်သည့် ဆွေးနွေးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ရောဂါကာကွယ်ရေးကာလဖြစ်၍ အိမ်နီးချင်း တရုတ်နိုင်ငံသားများအနေဖြင့် ကန်ပိုက်တီနယ်စပ်ဂိတ်မှတစ်ဆင့် နေရပ်ပြန်ရာတွင် လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူးရုံးတွင် တရားဝင် စာရင်းပေးသွင်းကာ ကိုဗစ်-၁၉ရောဂါ စစ်ဆေးခြင်းနှင့် လိုအပ်ပါက ကွာရန်တင်းဝင်စေပြီး ကျန်းမာရေးထောက်ခံချက်ဖြင့် ပြည်တော်ပြန်စေမည်ဖြစ်ကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့်လည်း ၎င်းတို့နိုင်ငံအတွင်းသို့ တရားဝင် ဝင်ရောက်လာသူများကိုသာ စိစစ်လက်ခံစေရေးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကျန်းမာရေးဝန်ထမ်းများက ကန်ပိုက်တီနယ်စပ်ဂိတ်တွင် ၎င်းတို့၏ နိုင်ငံသားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရေးတို့ကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်ကြည်လင်းက အိမ်နီးချင်းတရုတ်နိုင်ငံသားများ အနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ လမ်းကြောင်းအမျိုးမျိုးဖြင့် ဝင်ရောက်ရာတွင် နေရာအတည်တကျထားရှိကာ ကိုဗစ်-၁၉ ရောဂါ စစ်ဆေးပေးနိုင်ရေး၊ တရားမဝင် ဝင်ထွက်သွားလာနေသူများအား အရေးယူဆောင်ရွက်ရေး ကိစ္စရပ်များကိုလည်းကောင်း၊ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးဝင်းရဲထွန်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံသားများ အနေဖြင့် ကန်ပိုက်တီနယ်စပ်ဂိတ်မှတစ်ဆင့် နေရပ်ပြန်ရာတွင် စနစ်တကျ တရားဝင် ဝင်ရောက်နိုင်ရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူးရုံးနှင့် ချိတ်ဆက်ဆောင်ရွက်ရေးကို လည်းကောင်း၊ ပြည်နယ်ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာတင့်နိုင်က တရုတ်နိုင်ငံသားများအား မြစ်ကြီးနားနှင့် ကန်ပိုက်တီနယ်စပ်ဂိတ်တို့တွင် CPR စက် ဖြင့် ကိုဗစ်-၁၉ ရောဂါ စစ်ဆေးပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေများကို လည်းကောင်း ဆွေးနွေးသည်။

ထို့နောက် ယူနန်ဘုံကျောင်းမှ တာဝန်ရှိသူများက တရုတ်ပြည်သူ့သမ္မတနိုင်ငံသားများ နေရပ်ပြန်ရာတွင် အဆင်ပြေချောမွေ့စေရန် ကိုဗစ်-၁၉ ရောဂါစစ်ဆေးခြင်းနှင့် ကွာရန်တင်းဝင်ရောက်နိုင်ရေး ကိစ္စရပ်များတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုများအတိုင်း ကူညီဆောင်ရွက်မည်ဖြစ်ကြောင်း ဆွေးနွေးပြီးနောက် ပြည်နယ်ဝန်ကြီးချုပ်က အဆိုပါ တရုတ်နိုင်ငံသားများ နေရပ်ပြန်ရေးကိစ္စသည် နှစ်နိုင်ငံကိစ္စရပ်ဖြစ်၍ တာဝန်ရှိသူများအားလုံး ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် ယူနန်ဘုံကျောင်းမှ တာဝန်ရှိသူများကလည်း တတ်အားသရွေ့ ကူညီပေးရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ကန့်ဘလူခရိုင်အတွင်း GAP အသိအမှတ်ပြုလက်မှတ်ရ သရက်ခြံ ၂၇ ခြံရှိလာ

**ကန့်ဘလူ နိုဝင်ဘာ ၁၃**

ရာသီဥတုပြောင်းလဲလာမှုကြောင့် ယာသီးနှံစိုက်တောင်သူများ သီးနှံပျက်စီးခြင်း၊ ဝင်ငွေနည်းပါးခြင်းများ နှစ်စဉ်ဆက်တိုက်ခံစားလာရမှုအပေါ် ကုစားရန်အတွက် သီးနှံ ပြောင်းစိုက်ပျိုးလာစေရန်၊ သရက်သီးနှံကို ရွေးချယ်စိုက်ပျိုးလာကြစေရန် ပညာပေးဆောင်ရွက်မှုကြောင့် ကန့်ဘလူခရိုင်အတွင်း သရက်စိုက်ပျိုးဧက ၃၀၀၀ ကျော်အထိ ရှိလာပြီဖြစ်ကြောင်း ကန့်ဘလူဥယျာဉ်ခြံ (သရက် ဧက ၁၀၀) တာဝန်ခံ ဦးသန်းထွန်းဦးထံမှ သိရသည်။

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲ လက်အောက်ရှိ ကန့်ဘလူဥယျာဉ်ခြံ (သရက် ဧက ၁၀၀)ဌာနကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ စတင်၍ ကန့်ဘလူမြို့ အမှတ်(၅) ကန့်ဘလူ- နတ်ပေး ကားလမ်းမအနောက်ဘက်၌ ဖွင့်လှစ်ခဲ့သည်။

ကန့်ဘလူဥယျာဉ်ခြံကို ဒေသတွင်းတောင်သူများ၏ စိုက်ပျိုးရေးကဏ္ဍပိုမိုအကျိုးပြုဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက် သုံးရပ်ဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး အဆိုပါရည်ရွယ်ချက်များမှာ နှစ်ရှည်ပျိုးပင် မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးရေး၊ သရက်သီးအရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်သော နည်းစနစ်များကို သရက်စိုက်တောင်သူများထံ ပို့ချပေးရေးနှင့် နှစ်ရှည်သုတေသနလုပ်ငန်းများဆောင်ရွက်၍ တောင်သူများအား အကျိုးပြုရေးတို့ဖြစ်သည်။ ခြံ၏ရည်ရွယ်ချက်သုံးရပ်အပေါ်မူတည်၍ သရက်မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ပြီး ပြောင်းလဲလာသည့် ရာသီဥတုနှင့်အညီ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်၍ ဒေသတွင်းတောင်သူများ ဝင်ငွေလည်းရရှိစေရန် ဖြန့်ဖြူးပေးလျက်ရှိသည်။

အရည်အသွေးကောင်း သရက်စိုက်ပျိုးထုတ်လုပ်သည့် နည်းစနစ်များဖြစ်သော ကိုင်းကူးပျိုးပင်စိုက်ပျိုးခြင်း၊ အပင်ငယ်များကို နည်းစနစ်တကျပုံသွင်းပြုပြင်ပေးခြင်း၊ ဓာတ်မြေဩဇာ နှင့် သဘာဝမြေဩဇာများကို အပင်သက်တမ်းအလိုက် စနစ်တကျကျွေးမွေးခြင်း၊ ပိုးမွှားရောဂါများကာကွယ်ခြင်း၊ ရေစနစ်တကျပေးသွင်းခြင်း၊ သရက်သီးများ အိတ်စွပ်ပေးခြင်း၊ အသီးခူးပြီးချိန်တွင် အသီးများကိုရေဆေးခြင်း၊ အအေးခံခြင်း၊ စနစ်တကျထုပ်ပိုး၍ ဈေးကွက်သို့ပို့ဆောင်ခြင်း၊ အသီးခူးပြီးအပင်များကို ကိုင်းဖြတ်ပြုပြင်ပေးခြင်း စသည့်နည်းစနစ်များကို သရက်စိုက်တောင်သူများထံရောက်ရှိအောင် နည်းပညာပေးသရုပ်ပြပွဲများ၊ မီဒီယာများမှတစ်ဆင့် ပညာပေးဟောပြောခြင်းများလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ပေးမှုကြောင့် ကန့်ဘလူခရိုင်အတွင်း သရက်စိုက်ပျိုးဧက ၃၀၀၀ ကျော်အထိရှိလာပြီဖြစ်ကာ ပတ်ဝန်းကျင်ကို စိမ်းစိုစေပြီး သရက်ပင်များကြား နှမ်း၊ မြေပဲ၊ ပဲစင်းငုံ စသည့်သီးနှံများ စိုက်ပျိုးခြင်းဖြင့် တောင်သူများဝင်ငွေတိုးတက်ရရှိခြင်း၊ အပူချိန်ကို လျော့ကျစေခြင်း၊ သရက်သီးများပေါ်လာချိန်တွင် မူဆယ်ဈေးကွက်၊ စင်ကာပူဈေးကွက်၊ တရုတ်ဈေးကွက်များသို့ ပို့ဆောင်ရောင်းချကာ ဝင်ငွေတိုးလာခြင်းတို့ကြောင့် ပိုမိုစိတ်ဝင်စား စိုက်ပျိုးလာကြကြောင်း သိရသည်။

ထို့ပြင် သရက်ပျိုးပင်များကို တောင်တန်းဒေသ၊ အထူးသဖြင့် နာဂဒေသအထိ ဖြန့်ဖြူးပေးနိုင်သဖြင့် ယင်းဒေသများကို ပိုမိုဖွံ့ဖြိုးလာစေမည်ဖြစ်သည်။ ကန့်ဘလူခရိုင်တွင် သရက်စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) စနစ်ဖြင့် စိုက်ပျိုးလာသည့် GAP အသိအမှတ်ပြုလက်မှတ်ရ သရက်ခြံ ၂၇ ခြံ (ဧက ၁၃၀၀ကျော်) ရှိလာပြီဖြစ်ကာ GAP စနစ်ဖြင့်စိုက်ပျိုးမှု ၃၅ ရာခိုင်နှုန်းခန့် ရှိလာပြီဖြစ်ကြောင်း ခြံတာဝန်ခံထံမှ သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**




ပညာရေးဝန်ကြီးဌာန

အခြေခံပညာဦးစီးဌာန

**ကျောင်းသား ကျောင်းသူများ ကြိုတင်ဆောင်ရွက်ရမည့် သင်ကြားသင်ယူရေးနှင့်ပတ်သက်၍ အသိပေးနှိုးဆော်ချက်**

၁။ ကျောင်းများပြန်လည်ဖွင့်လှစ်ချိန်တွင် ပညာသင်ယူမှုအခွင့်အလမ်းများ ရရှိစေရေးအတွက် ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းသို့ မပျက်မကွက်လာရောက်ရန်၊

၂။ ကျောင်းသို့ရောက်ရှိချိန်တွင် ကျောင်းအုပ်ကြီးက ချမှတ်ထားသည့် စည်းကမ်းများအား တိတိကျကျ လိုက်နာဆောင်ရွက်ရန်၊

၃။ သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်နေစဉ် ဆရာများနှင့် ကျောင်းသားများအတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်ရန်၊

၄။ သင်ကြားသင်ယူမှု အထောက်အကူပြုပစ္စည်းများအသုံးပြု၍ လက်တွေ့လုပ်ငန်းများ ဆောင်ရွက်ရာတွင် စိတ်ပါဝင်စားစွာ ပါဝင်ဆောင်ရွက်ရန်၊

၅။ စာသင်ခန်းတွင်း တတ်မြောက်မှုစစ်ဆေးခြင်းနှင့် အခန်းဆုံးစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မပျက်မကွက် ပါဝင်ဆောင်ရွက်ရန်၊

၆။ ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးလုပ်ငန်းများတွင် ဆရာများ၏ ဦးဆောင်မှုဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်၊

၇။ ကျောင်းတွင်းအားကစားလှုပ်ရှားမှုများ၊ စာပေဟောပြောပွဲများ၊ နေ့ထူးနေ့မြတ်ဆိုင်ရာ အခမ်းအနားများနှင့် ကျောင်းတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသင်းအဖွဲ့များတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ရန်၊

၈။ လိုအပ်ချက်များရှိပါက ကျောင်းအုပ်ကြီးနှင့် ဆရာများသို့ တင်ပြ၍ အကူအညီတောင်းခံရန်၊

# ပိုင်ကျုံမြို့တွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ဆက်လက်ထိုးနှံပေး

**ပိုင်ကျုံ နိုဝင်ဘာ ၁၃**

ကရင်ပြည်နယ် ပိုင်ကျုံမြို့ တိုက်နယ်ဆေးရုံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေးများကို သံဃာတော်များ၊ အသက် ၁၈ နှစ်နှင့်အထက် ဒေသခံပြည်သူများ၊ အကြောင်း အမျိုးမျိုးကြောင့် ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိနေသေးသည့် ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် ဈေးရောင်းသူများအား ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

ကာကွယ်ဆေး တတိယအသုတ် (ပထမ)အကြိမ်တွင် ပြည်သူ ၂၆၅၀ အား ထိုးနှံပေးနိုင်ခဲ့ပြီး (ဒုတိယ)အကြိမ်ကို နိုဝင်ဘာ ၇ ရက်မှ ၉ ရက်အထိ ထိုးပေးရာတွင် ၂၅၁၀ အား ထိုးပေးနိုင်ခဲ့ကြောင်း၊ (ဒုတိယ)အကြိမ်တွင် အကြောင်းအမျိုးမျိုးကြောင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများအား ဆက်လက်ထိုးနှံပေးလျက်ရှိပြီး ဌာနဆိုင်ရာဝန်ထမ်းများကလည်း ပူးပေါင်း ပါဝင်ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ဘင်္ဂလားဒေ့ရှ်နယ်စပ်ကုန်သွယ်မှုမှ လေးပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၆၁ သန်းရရှိ ရေထွက်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၁၅ သန်း ရရှိထား

**စစ်တွေ နိုဝင်ဘာ ၁၃**

မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ် နယ်စပ်ဂိတ်နှစ်ခုသို့ အောက်တိုဘာ ၁၃ ရက်မှစ၍ ရေထွက်ကုန်နှင့် ကုန်ခြောက်ပစ္စည်းများ တင်ပို့ခဲ့ရာ လေးပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၆၁ သန်း ရရှိခဲ့ပြီး ရေထွက်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၁၅ သန်း ရရှိသည်။

သုံးလခန့်ရပ်နားထားခဲ့သော စစ်တွေ- ရွှေမင်းဂံဆိပ်ကမ်းနှင့် မောင်တော-ကညင်ချောင်းဆိပ်ကမ်း နယ်စပ်ဂိတ်နှစ်ခုကို ကိုဗစ်-၁၉ စည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်ခဲ့ရာ နိုဝင်ဘာ ၈ ရက်အထိ ပို့ကုန်စုစုပေါင်း တန်ချိန် ၄၈၄၁ ဒသမ ၁၆ တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၆၁ သန်း ရရှိပြီး ရေထွက်ကုန် ၁၄၃၂ ဒသမ ၇ တန် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၁၅ သန်း ရရှိခဲ့ခြင်းဖြစ်သည်။ ထိုသို့ တင်ပို့သောကုန်ပစ္စည်းများတွင် ကုန်ခြောက် ပစ္စည်းတင်ပို့မှုမှ ၂၇ ဒသမ ၁၃ ရာခိုင်နှုန်းနှင့် ရေထွက်ကုန်တင်ပို့မှုမှ ၇၂ ဒသမ ၈၇ ရာခိုင်နှုန်း ရရှိခဲ့သည်။

ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်ရေးသို့ပို့မည့် ငါးမြစ်ချင်းများကို ရန်ကုန်မြို့မှ အအေးခန်းမော်တော်ယာဉ်များဖြင့် စစ်တွေမြို့သို့တင်ပို့၍ ထိုမှတစ်ဆင့် စက်လှေများဖြင့်လည်းကောင်း၊ ရန်ကုန်မြို့မှ စောင့်ကြည့်ထိန်းချုပ်ရေးကိရိယာ တပ်ဆင်ထားသော ရေယာဉ်များဖြင့်လည်းကောင်း တင်ပို့ခြင်းဖြစ်သည်။

**တိုက်ရိုက်တင်ပို့ရောင်းချသောစနစ်**

ရန်ကုန်မြို့မှရေထွက်ကုန်များကို စစ်တွေမြို့သို့ တင်ပို့ရာတွင် ပူးပေါင်းအဖွဲ့က ဖွင့်ဖောက်စစ်ဆေးပြီးမှ နယ်စပ်ဂိတ်နှစ်ခုသို့ တင်ပို့ရာ ငါးမြစ်ချင်းတင်



ဘင်္ဂလားဒေ့ရှ်သို့ပို့မည့်ငါးများကို စစ်တွေမြို့စစ်ဆေးရေးစခန်း၌ ပူးပေါင်းအဖွဲ့က ဖွင့်ဖောက်စစ်ဆေးစဉ်။

ရေယာဉ်များကို လူအင်အားအသုံးပြု၍ ဖွင့်ဖောက်စစ်ဆေးရခြင်း၊ အချိန်ကြန့်ကြာခြင်းနှင့် ပို့ကုန်အရည်အသွေး ကျဆင်းခြင်းတို့ကြောင့် လုပ်ငန်းရှင်တို့က ဘင်္ဂလားဒေ့ရှ်နိုင်ငံ တက်ကနစ်ဆိပ်ကမ်း နယ်စပ်ဂိတ်အထိ သွားရောက်ရောင်းချနိုင်ရန် တင်ပြခဲ့ရာ ရခိုင်ပြည်နယ်အစိုးရက တရားမဝင်ကုန်ပစ္စည်းများ ရောနှောပါဝင်မှုမရှိစေရန်နှင့် လုံခြုံရေး သတိပြုဆောင်ရွက်ရန် မှာကြားပြီး နိုဝင်ဘာ ၅ ရက်က ခွင့်ပြုခဲ့သည်။ ထို့ကြောင့် နယ်စပ်ဆိပ်ကမ်းမြို့ဖြစ်သော တက်ကနစ်မြို့အထိ တိုက်ရိုက်တင်ပို့ရောင်းချသောစနစ်ကို မကြာမီ အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်နေကြောင်း ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

"ရေရှည်အတွက်ဆိုရင် ပို့ကုန်အရည်အသွေး မကျအောင် ဖွင့်ဖောက်စစ်ဆေးဖို့မလိုတဲ့ ခေတ်မီစက်ကိရိယာတွေ အသုံးပြုနိုင်မယ်ဆိုရင် ပို့ကုန်လုံခြုံမှု ကောင်းမွန်သလို နိုင်ငံတော်အတွက်လည်း ဆုံးရှုံးနစ်နာမှု မရှိနိုင်ပါဘူး။ ပို့ကုန်ဝင်ငွေရရှိနေတဲ့ နယ်စပ်ဂိတ် ကုန်စည်တင်ပို့မှုမှာ လုပ်ငန်းရှင်တွေ အနေနဲ့ စည်းကမ်းရှိစွာတင်ပို့ရမှာဖြစ်သလို ကြီးကြပ်စစ်ဆေးမှုမှာလည်း ဝန်ထမ်းအပြည့်အဝနဲ့စစ်ဆေးပြီး ခေတ်မီ စက်ကိရိယာတွေနဲ့ စစ်ဆေးနိုင်အောင် နိုင်ငံတော်က ပံ့ပိုးပေးနိုင်ရင် ပိုပြီး အဆင်ပြေနိုင်ပါတယ်။ ဖွင့်ပြီး လေးပတ်အတွင်း နိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၆၁ သန်း ရှာဖွေနိုင်တဲ့ နယ်စပ်ကုန်သွယ်ရေးဖြစ်တဲ့အတွက် ငါးလုပ်ငန်း ဦးစီးဌာနအနေနဲ့ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်" ဟု ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသက်ဦးက ပြောကြားသည်။

**အကျိုးအမြတ်ရှိသော ကုန်သွယ်မှု**

နယ်စပ်ကုန်သွယ်ရေးကဏ္ဍတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်က ရေထွက်ကုန် ၇၀၈၉ တန် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆ ဒသမ ၃၁၈ သန်း ရရှိခဲ့ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကိုဗစ်ရောဂါကာလဖြစ်၍ ကုန်စည်စီးဆင်းမှု လျော့ကျခဲ့ရာ တန်ချိန် ၅၀၁၀ ဒသမ ၇၀ တန် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၇၆၀ သန်း ရရှိခဲ့သည်။ အောက်တိုဘာ ၁၃ ရက်က ပြန်လည်ဖွင့်လှစ်ခဲ့သော နယ်စပ်ကုန်သွယ်ရေးတွင် နိုဝင်ဘာ ၈ ရက်အထိ ပို့ကုန်တန်ချိန် ၄၈၄၁ ဒသမ ၁၆ တန် တင်ပို့နိုင်ခဲ့ရာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၆၁ သန်း ရရှိထားခြင်းဖြစ်သည်။

ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်မှုမှ နိုင်ငံခြားငွေ အခွန် ၂ ရာခိုင်နှုန်းရရှိမည့်အပြင် နိုင်ငံခြားငါးဖမ်းရေယာဉ်ဥပဒေအရ သွားရောက်ရောင်းချမည့် ရေယာဉ်ပေါ်တွင် ပါရှိသောကုန်ချိန် တစ်တန်လျှင် အမေရိကန် ၅ ဒေါ်လာနှင့် ရေယာဉ်မှတ်ပုံတင်ကြေးအဖြစ် ရေယာဉ်တစ်စင်းလျှင် အမေရိကန်ဒေါ်လာ ၅၀ ရရှိမည်ဖြစ်သည်။

တိုက်ရိုက်ကုန်စည်တင်ပို့သောစနစ်ကို အကောင်အထည်ဖော်ရာတွင် ပို့ကုန်အရည်အသွေးကောင်းခြင်းနှင့် ကုန်ပစ္စည်းပိုမိုတင်ပို့နိုင်ခြင်းဖြင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေမည့်အပြင် အပြန်တွင် သွင်းကုန်ပစ္စည်းမပါဘဲ တစ်လုံးတစ်ခဲတည်း ငွေသားရရှိသော ကုန်သွယ်မှုဖြစ်သောကြောင့် ပို့ကုန်လုပ်ငန်းရှင်နှင့် ငါးမွေးတောင်သူတို့အတွက် အကျိုးအမြတ်ရှိသော ကုန်သွယ်မှုလည်းဖြစ်သည်။

ညိမ်းသူ(သတင်းစဉ်)

ဓာတ်ပုံ-ကနူး




## ရှမ်းပြည်နယ်အစိုးရနှင့် Heho Resort ကုမ္ပဏီလီမိတက် အကျိုးတူပူးပေါင်းမှုဖြင့် အိမ်ရာမြေဖော်ထုတ်ခြင်းစီမံကိန်းဆောင်ရွက်မည်

**တောင်ကြီး နိုဝင်ဘာ ၁၃**

ရှမ်းပြည်နယ် အစိုးရအဖွဲ့နှင့် Heho Resort (InnKhaung) ကုမ္ပဏီလီမိတက်တို့ ပူးပေါင်း၍ နိုင်ငံတကာအဆင့်မီ ဂေါက်ကွင်းနှင့် ဟိုတယ်လုပ်ငန်းများ အပါအဝင် အိမ်ရာမြေဖော်ထုတ်ခြင်း စီမံကိန်းများ အကျိုးတူပူးပေါင်းဆောင်ရွက်ရန် မူဘောင်သဘောတူစာချုပ်(FrameWork Agreement)ကို နိုဝင်ဘာ ၁၀ ရက်က တောင်ကြီးမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ လက်မှတ်ရေးထိုးသည်။



စာချုပ်ကို လက်မှတ်ထိုးပြီး လဲလှယ်နေစဉ်။

ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်းက ပြည်နယ်အစိုးရအဖွဲ့သည် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အိမ်ရာစီမံကိန်းလုပ်ငန်း ၁၆ ခု၊ ဟိုတယ်နှင့် အပန်းဖြေစခန်း စီမံကိန်း လေးခု၊ ရုပ်မြင်သံကြားစတူဒီယို တည်ဆောက်ရေးစီမံကိန်း တစ်ခု၊ အခြားစီးပွားရေးလုပ်ငန်းစီမံကိန်း ကိုးခု၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း စီမံကိန်း ၄၂ ခု စုစုပေါင်း စီမံကိန်းလုပ်ငန်း ၇၃ ခုကို MoA ၂၈ ခု၊ MoU ၄၂ ခုနှင့် FrameWork Agreement သုံးခုဖြင့် အကျိုးတူ ပူးပေါင်း ဆောင်ရွက်လျက် ရှိကြောင်း၊ Heho Resort (InnKhaung) ကုမ္ပဏီလီမိတက်သည် ကလောမြို့နယ် အင်းခေါင်းကျေးရွာအနီးရှိ ကုမ္ပဏီပိုင်မြေ ၃၁၄ ဒသမ ၄၂ ဧကတွင် Heho Resort နိုင်ငံတကာအဆင့်မီ ဂေါက်ကွင်း၊ ဟိုတယ်လုပ်ငန်းများ အပါအဝင် အိမ်ရာမြေဖော်ထုတ်ရေးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကာ ဖြစ်မြောက်နိုင်စွမ်း လေ့လာရန် ချုပ်ဆိုသည့် နားလည်မှုစာချွန်လွှာ (MoU)ကို ၂၀၁၉ ဩဂုတ်လက လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ပြီး ယခု မူဘောင်သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းဖြစ်ကြောင်း၊ အဆိုပါ အိမ်ရာမြေဖော်ထုတ်ရေးစီမံကိန်း ဆောင်ရွက်ခြင်းဖြင့် ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလာခြင်း၊ ဒေသဖွံ့ဖြိုးတိုးတက်လာခြင်းနှင့် မြို့ပြအိမ်ရာစနစ် ဖွံ့ဖြိုးတိုးတက်လာခြင်းစသည့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် စီမံကိန်းများကို အကျိုးတူပူးပေါင်းဆောင်ရွက်ရန် အကောင်အထည်ဖော်ရေးဆိုင်ရာ မူဘောင်သဘောတူ စာချုပ်ကို ပြည်နယ် ဝန်ကြီးချုပ်နှင့် Heho Resort ဥက္ကဋ္ဌ ဦးအောင်အောင်ဇော်တို့က လက်မှတ်ရေးထိုးခဲ့သည်။

**အင်းသားလေး(တောင်ကြီး)**

# လှိုင်၊ သာကေတ၊ နောင်ချိုနှင့် မူဆယ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၃**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၁ ရက် နံနက် ၁၁ နာရီခွဲတွင် လှိုင်မြို့နယ် အမှတ်(၉) ရပ်ကွက် အင်းစိန်လမ်းတွင် ကျော်ဇင်ထွန်း(ခ)မှန်လေးကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၆၀ ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲ ၁ နာရီခွဲတွင် သာကေတမြို့နယ် အမှတ်(၃) ရန်ပြေရပ်ကွက်နေ ပံသုကျော်(ခ)ပိုင်ကြီး၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၁၈၅ ပြား၊ ဆေးခြောက် ၀ ဒသမ ၄ ကီလို၊ အိုက်စ် ၀ ဒသမ ၁၃ ကီလိုကို ဖမ်းဆီးရမိခဲ့သည်။

ထို့အတူ ယင်းနေ့ နံနက် ၁၀ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့နယ် ကန်ကြီးကျေးရွာအနီး နောင်ချို-ရပ်စောက်သွားကားလမ်းတွင် တင်ထွန်းဦး မောင်းနှင်ပြီး မနန်းဖွေးဦး လိုက်ပါလာသည့် မော်တော်ယာဉ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀ ကိုလည်းကောင်း၊ ထို့ပြင် ယင်းနေ့ နံနက် ၉ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့နယ် မိုင်းယုကျေးရွာအနီး မူဆယ်-ကွတ်ခိုင်သွားကားလမ်းတွင် လီရှီးဂျုံး မောင်းနှင်ပြီး ဇော်နန်လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

# ဦးမောင်မောင်ထွေး (ဘ)ဦးဟိုယိုအမ်း NSG-၀၂၂၀၅၆ နှင့် အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၇၄ လမ်း x ၃၃ လမ်းထောင့်နေ ဦးရှာတေကျင်(ခ)ဦးသက်ကြည်၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လူကြီးမင်းသည် ကျွန်ုပ်၏မိတ်ဆွေပိုင်သော မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ မြေကွက်အမှတ်(E-7)မြေကွက်၏မြောက်ဘက်ခြမ်း (အလျား ၃၇၅ ပေ၊ အနံပေ ၁၂၀)အကျယ်အဝန်းရှိ မြေကွက်နှင့် မြေပေါ်ရှိ သံမဏိကွန်ကရစ် အမျိုးအစား(အလျားပေ ၁၇၀၊ အနံပေ ၅၀)ရှိ အဆောက်အအုံ၊ အလျား ၂၅ ပေ၊ အနံ ၂၁ ပေရှိ ဝန်ထမ်းဆောင်အဆောက်အအုံ၊ အိမ်သာ၊ ရေချိုးခန်းဆောင်များနှင့် (၂) လက်မ အဝီစိရေတွင်း၊ မီးမီတာတို့ကို ၁-၂-၂၀၁၉ ရက်မှ ၂၉-၂-၂၀၂၄ ရက်အထိ (၅)နှစ် တိတိကို တစ်နှစ်ပြီးတစ်နှစ် ငှားရမ်းခပေးချေသောစနစ်ဖြင့် ငှားရမ်းရန် သဘောတူစာချုပ်ကို ၁၈-၁၂-၂၀၁၈ ရက်တွင် ချုပ်ဆိုခဲ့ကြပါသည်။

လူကြီးမင်းမှ ၂၀၁၉ နှင့် ၂၀၂၀ ခုနှစ်များအတွက် ငှားရမ်းခငွေများကို ပေးချေခဲ့သော်လည်း ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ယနေ့အချိန်အထိ ငှားရမ်းခငွေများပေးသွင်းရန် ပျက်ကွက်လျက်ရှိနေသည့်အတွက် ရှေ့နေမှတစ်ဆင့် နို့တစ်စာ (၂)ကြိမ် ပေးပို့ခဲ့သော်လည်း လူကြီးမင်းက အကြောင်းပြန်ကြားဆက်သွယ်ခဲ့ခြင်းမရှိပါ။ လူကြီးမင်းအနေဖြင့် ဆက်လက်မငှားရမ်းလိုပါကလည်း ဤကြေညာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်မိတ်ဆွေထံသို့ လူကြီးမင်းတို့၏ပစ္စည်းများကို ဖယ်ရှားရှင်းလင်းပေးပြီး ငှားရမ်းထားသည့် ဥပစာအား ဥပဒေနှင့်အညီ ပြန်လည်အပ်နှံပေးပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

လူကြီးမင်းနှင့် ချုပ်ဆိုခဲ့သော ၁၈-၁၂-၂၀၁၈ ရက်စွဲပါ စာချုပ်သဘောတူညီချက်များအရ လူကြီးမင်းနှင့်ဆောင်ရွက်ခဲ့သော မြေရှင်-မြေငှားဆက်သွယ်မှုမှာလည်း အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်ပါသည်။ မြေရှင်-မြေငှားဆက်သွယ်မှု ပျက်ပြယ် ပြီဖြစ်၍ ငှားရမ်းခဲ့သည့် ဥပစာပေါ်ရှိ ကျန်ရှိပစ္စည်းများကိုလည်း ၁၄ ရက်အတွင်း ဖယ်ရှားပြောင်းရွှေ့ပေးပါရန်နှင့် ၁၄ ရက်အတွင်း ဖယ်ရှားပြောင်းရွှေ့ခြင်းမရှိပါက လူကြီးမင်းတို့အသုံးမလိုအပ်တော့သည့် စွန့်ပစ်ပစ္စည်းများအဖြစ် မှတ်ယူသွားမည်ဖြစ်ပြီး အဆိုပါ လူကြီးမင်းတို့အသုံးမလိုအပ်တော့သည့် စွန့်ပစ်ပစ္စည်းများအား ဘုန်းတော်ကြီးကျောင်းများ၊ ရိပ်သာများနှင့် အခြားလိုအပ်သည့် နေရာများသို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပြီးမှဆက်သွယ်လာပါလျှင်လည်း လူကြီးမင်းတို့ ကျန်ရှိခဲ့သောပစ္စည်းရပ်များကို မိမိတို့မှ လုံးဝတာဝန်ယူမည်မဟုတ်ပါ။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်တွင် မိမိတို့မှ ငှားရမ်းသူ၏ဆန္ဒအားတောင်းခံရန် မလိုအပ်ဘဲ အလိုအလျောက်ခွင့်ပြုသည်ဟု မှတ်ယူသွားမည်ဖြစ်ပါသည်။ ထို့အပြင် မိမိတို့ပိုင်ဆိုင်သောဂိုဒေါင်ကို မိမိတို့သဘောဆန္ဒအတိုင်း ပြင်ဆင်ခြင်း၊ အသစ်ဆောက်လုပ်ခြင်း၊ ငှားရမ်းခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်းများပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ လူကြီးမင်း၏ပစ္စည်းများနှင့်ပတ်သက်၍ တာဝန်ယူတော့မည်မဟုတ်ကြောင်းနှင့် ငှားရမ်းခြင်းမှာလည်း ပျက်ပြယ်သွားပြီဖြစ်ကြောင်း လူကြီးမင်းနှင့်အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးကျော်မြတ်မင်းဦး | ဒေါ်နှင်းသီရိ | ဒေါ်အေးသန္တာဖြိုး |
| --- | --- | --- |
| PGDL,B.A(Psychology) | (LL.B) | (LL.B) |
| စဥ်-၅၀၆၇၀ | စဥ်-၅၁၂၄၂ | စဥ်-၅၁၉၁၁ |

**အထက်တန်းရှေ့နေများ**

**၇-လမ်း(လမ်းသစ်လမ်း)၊ ၇၃x၇၆ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့**

**ဖုန်း-၀၉-၆၇၃၃၁၉၀၉၉**

# ပြင်ဦးလွင်မြို့နယ်တွင် ငွေကျပ်သိန်း ၆၁၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် ငွေကျပ်သိန်း ၆၁၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၁ ရက် ညနေ ၅ နာရီခွဲတွင် ပြင်ဦးလွင်မြို့နယ် ပြင်ဦးလွင်-မိုးကုတ်သွားကားလမ်း ညောင်ကုန်းကျေးရွာအနီးတွင် အောင်ကိုကိုမျိုး(၃၄နှစ်)မောင်းနှင်လာသည့် NISSAN DIESEL ခြောက်ဘီးမော်တော်ယာဉ်ကို သတင်းအရ စစ်ဆေးရှာဖွေရာ မော်တော်ယာဉ်အတွင်းမှ ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၆၁၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူ ၂၁ ဒသမ ၁၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၇၀၀၀ သိမ်းဆည်းရမိခဲ့ကြောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ည ၇ နာရီခွဲတွင် မူးယစ်ဆေးဝါးများသယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်ကြသည့် ဆံသိုး(၂၂နှစ်)၊ လင်းထက်အောင်(၂၄နှစ်)၊ ရဲရင့်ထွန်း (၂၉နှစ်)တို့ကို ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများကို ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ လေးဦးအား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



# ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်တွင် ငွေကျပ်သိန်း ၅၄၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ



**နေပြည်တော် နိုဝင်ဘာ ၁၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ်တွင် ငွေကျပ်သိန်း ၅၄၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၁ ရက် မွန်းတည့် ၁၂ နာရီတွင် နောင်ချိုမြို့နယ် လားရှိုး-မန္တလေးသွားကားလမ်း၊ အိုရီယမ်တယ်တိုးဂိတ်အနီး၌ လားရှိုးမှ နောင်ချိုဘက်သို့ ကိုလတ် (၃၀နှစ်) မောင်းနှင်ပြီး အိုက်ပန်းလိုက်ပါလာသည့် မော်တော်ယာဉ်ကို သတင်းအရ စစ်ဆေးရှာဖွေရာ ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၅၄၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူ ၃၂ ဒသမ ၄၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက် ဖော်ထုတ်ချက်အရ ည ၇ နာရီတွင် လားရှိုးမြို့နယ် စဥ့်အင်တံတား၌ မူးယစ်ဆေးဝါးများ သယ်ဆောင်ခိုင်းသူ အိုက်လာကို မော်တော်ယာဉ်နှင့်အတူ ဆက်လက် ဖမ်းဆီးရမိခဲ့သည်။ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများကို ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်း ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ သုံးဦးအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၄ ခန်း | ၁၉၆ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၄ ခန်း | ၄၄၁ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၂ တိုင် | ၃၈ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၂၉ တိုင် | ၁၅၁ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၅၁ ခု | ၆၀၁ ခု |
| ၁၀။ | စကျင်ကျောက်ပြား တစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၆ ကျင်း | ၂၁၁၃. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၀ ကျင်း | ၂၀၈. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၉ ကျင်း | ၅၉၀၁. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၃၅ ကျင်း | ၁၇၀၁. ၀၈ ကျင်း |
| ၁၄။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၂၆ တိုင် | ၆၄ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၅။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (င) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

---

## ယနေ့ သတင်းအညွှန်း


ဖြေရှင်းရေးလား ပျက်သုဉ်းရေးလား စာ - ၆

ရာသီဥတုခြိမ်းခြောက်မှုကို ရင်ဆိုင်နိုင်ရန် ထရီလီယံပေါင်းများစွာ ကုန်ကျမည်ဖြစ် စာ - ၁၄

ဘင်္ဂလားဒေ့ရှ်နယ်စပ်ကုန်သွယ်မှုမှ လေးပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၆၁ သန်းရရှိ ရေထွက်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၁၅ သန်း ရရှိထား စာ - ၂၄


---

## နီပေါနိုင်ငံက ကျင်းပသည့် ပန်းချီပြိုင်ပွဲတွင် မြန်မာပန်းချီပညာရှင်နှစ်ဦးက ရွှေတံဆိပ်ဆုအပါအဝင် ဆုနှစ်ဆုရရှိ

ရန်ကုန် နိုဝင်ဘာ ၁၃

နီပေါနိုင်ငံ Artsmate International In Association with N.B. Gurung Art Studio, Nepal Presents က ကြီးမှူးကျင်းပသည့် Truly Watercolor ရေဆေးပန်းချီပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ပန်းချီပညာရှင် သိန်းရွှေကြည်က ရွှေတံဆိပ်ဆုနှင့် ပန်းချီပညာရှင် မြင့်နိုင်က Best watercolor Medium Award ဆုရရှိကြသည်။

အဆိုပါပြိုင်ပွဲသည် မိမိကြိုက်နှစ်သက်ရာ အကြောင်းအရာကို ရေဆေးဖြင့် ရေးဆွဲ၍ အွန်လိုင်းမှ ပေးပို့ယှဉ်ပြိုင်ရခြင်းဖြစ်ပြီး ပန်းချီပြိုင်ပွဲနှင့်အတူ ပန်းချီပြပွဲအား ဒီဇင်ဘာ ၁၀ ရက်မှ ၃၀ ရက်အထိ နီပေါနိုင်ငံ N.B.Gurung Art Studio ၌ ခင်းကျင်းပြသသွားမည်ဖြစ်သည်။

*စာမျက်နှာ ၁၆ ကော်လံ ၁* ✻



ရွှေတံဆိပ်ဆုရရှိသည့် ပန်းချီပညာရှင် သိန်းရွှေကြည်၏ ပြိုင်ပွဲဝင်ပန်းချီကား။

---

## ဆွစ်ဇာလန်ကို သရေကျခဲ့သဖြင့် ကမ္ဘာ့ဖလားခြေစစ်ပွဲ တိုက်ရိုက်အောင်မြင်ရန် အုပ်စုနောက်ဆုံးပွဲစဉ်ကို ရေကုန်ရေခန်း ယှဉ်ပြိုင်ရတော့မည့် အီတလီ



၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်အဖြစ် နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းက အုပ်စု (C) မှ အီတလီနှင့် ဆွစ်ဇာလန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။ အီတလီအသင်းအတွက် သွင်းဂိုးကို လော်ရန်ဇိုက သွင်းယူပေးပြီး ဆွစ်ဇာလန်အသင်းအတွက် သွင်းဂိုးကို ဝစ်မာက သွင်းယူပေးခဲ့သည်။

အီတလီအသင်းသည် ယခုပွဲစဉ်တွင် သရေကျခဲ့သောကြောင့် ဆွစ်ဇာလန်အသင်းနှင့်

*စာမျက်နှာ ၁၆ ကော်လံ ၄* ●

---

**၁၃-၁၁-၂၀၂၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ**

| | |
|---|---|
| ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် | ၈၃၁ ဦး |
| ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ | ၁၄ ဦး |
| ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိမှု ရာခိုင်နှုန်း | ၃.၂၁ % |